ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် (၉)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (4-11-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၈၈)

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဌေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ဦးရေ ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၄၅ ဦး တက်ရောက်သဖြင့် ၉၇ ဒသမ ၃၂ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ဦးစွာ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်

စာမျက်နှာ ၁၈ ကော်လံ ၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး၊ အညတရစစ်သည်ဗိမာန်သို့ သွားရောက်ပန်းခွေချအလေးပြု



နေပြည်တော် နိုဝင်ဘာ ၃

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား ယနေ့မွန်းလွဲပိုင်းတွင် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Saichay Kommasith က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ)တို့ တက်ရောက်ကြပြီး လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲနှင့်အတူ လာအိုပြည်သူ့တပ်မတော်မှ

စာမျက်နှာ ၁၆ ကော်လံ ၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Saichay Kommasith တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

ဆိုင်ကလုန်းမုန်တိုင်း ကုန်းတွင်းမုန်တိုင်းယေအဖြစ် အားလျော့သွားမည်

နေပြည်တော် နိုဝင်ဘာ ၃

ယနေ့ည‌နေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ပြည်နယ်ကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်ခဲ့သော အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) “မူရားစု”(MURASU)သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး

စာမျက်နှာ ၂၀ ကော်လံ ၄



ခြင်ဆီကင်ဆာရောဂါလူနာ ငါးဦး ခြင်ဆီအစားထိုးကုသခြင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ အောင်မြင်စွာဆောင်ရွက်ခဲ့

ရန်ကုန် နိုဝင်ဘာ ၃

ကျန်းမာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုများဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးရောဂါအထူးကုဌာန ခြင်ဆီအစားထိုးဌာန(Bone marrow Transplant Center) သို့ ၂၀၂၆ ခုနှစ် စက်တင်ဘာလအတွင်းက ဆေးရုံတက်ရောက်ခဲ့သော ခြင်ဆီကင်ဆာလူနာ ငါးဦး ခြင်ဆီအစားထိုးကုသခြင်းကို အောင်မြင်စွာဆောင်ရွက်ခဲ့ရာ လူနာများအားလုံးမှာ ကျန်းမာရေးကောင်းမွန်သဖြင့် အောက်တိုဘာ ၂၆ ရက်တွင် ဆေးရုံဆင်းခွင့် ရရှိပြီးဖြစ်ကြောင်း သိရသည်။



၂၀၂၆ ခုနှစ် စက်တင်ဘာလအတွင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ခြင်ဆီအစားထိုးကုသဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံ။

အဆိုပါခြင်ဆီအစားထိုးကုသခြင်းကို ဆေးရုံအုပ်ချုပ်မှုအဖွဲ့ သွေးရောဂါအထူးကုဌာနမှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ ဆက်စပ်ဌာနများမှ ဘာသာရပ် အထောက်အကူပြုဝန်ထမ်းများအားလုံး ဆိုင်ရာ ကျွမ်းကျင်ပါမောက္ခ၊ အထူးကု ဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး

စာမျက်နှာ ၂၀ ကော်လံ ၄

ရတနာပုံ
၂၀၂၆ ခုနှစ် နိုဝင်ဘာ ၄ ရက်
အယ်ဒီတာ့အာဘော်

အဖိုးတန်ရေချိုကို ချွေတာသုံးစွဲကြပါစို့

လူသားတို့၏ စားဝတ်နေရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလုပ်ငန်းများအပါအဝင် စီးပွားရေးနှင့် လူမှုရေးကဏ္ဍအသီးသီးတွင် ရေကို နေ့စဉ်အသုံးပြုနေရသည်။ ထို့ကြောင့် ရေသည် လူသားတို့၏ နေ့စဉ်လူမှုဘဝတွင် မရှိမဖြစ်လိုအပ်သည့် သဘာဝအရင်းအမြစ်တစ်ခုဖြစ်သည်။

ရေသည် အကန့်အသတ်မရှိ ပေါများနေသည့် အရင်းအမြစ်တစ်ခုမဟုတ်သည့်အတွက် ရေကို ခြိုးခြံချွေတာ ထိန်းသိမ်းရန် လူသားတိုင်းတွင်တာဝန်ရှိသည်။ အဖိုးတန်ရေချိုချွေတာရေးကို ဆောင်ရွက်ရာတွင် မိမိတို့နေ့စဉ်ဘဝ၏ လက်တွေ့ကျသည့် အလေ့အကျင့်များကိုကျင့်သုံးခြင်းဖြင့် စတင်နိုင်သည်။ ပထမဦးစွာ နေအိမ်၊ ကျောင်း၊ ရုံးဌာနနှင့် လုပ်ငန်းခွင်တို့ရှိ ရေပိုက်လိုင်းများ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများတွင် ကျိုးပျက်ယိုစိမ့်မှု ရှိ၊ မရှိ ပုံမှန်စစ်ဆေးသင့်သည်။ ရေယိုစိမ့်နေခြင်းသည် အချိန်ကြာလာသည်နှင့်အမျှ ရေပမာဏများစွာ ဆုံးရှုံးစေနိုင်သဖြင့် အချိန်မီပြုပြင်ရန်လိုအပ်သည်။

ထို့ပြင် သွားတိုက်ခြင်း၊ မျက်နှာသစ်ခြင်းနှင့် ပန်းကန်ဆေးကြောခြင်းတို့ ပြုလုပ်နေစဉ် ရေပိုက်ခေါင်းကို အမြဲဖွင့်ထားခြင်းမျိုးမပြုလုပ်ဘဲ လိုအပ်သည့်အချိန်မှသာ ဖွင့်သုံးခြင်း၊ ရေချိုးရာတွင် အချိန်ကြာမြင့်စွာ ရေသုံးစွဲခြင်းကို ရှောင်ကြဉ်ခြင်း၊ အဝတ်အထည်များကိုအနည်းငယ်စီခွဲ၍ မကြာခဏ လျှော်ခြင်းထက် စုပေါင်းလျှော်ဖွပ်ခြင်း၊ အဝတ်လျှော်စက်နှင့် ပန်းကန်ဆေးစက်များ အသုံးပြုရာတွင် လည်း စက်၏ သတ်မှတ်ပမာဏနှင့်အညီ လုံလောက်စွာစုစည်းပြီးမှ အသုံးပြုခြင်းတို့ဖြင့် ရေသုံးစွဲမှုကို လျှော့ချနိုင်သည့်အပြင် အချိန်နှင့် လျှပ်စစ်စွမ်းအင်ကိုလည်း ချွေတာရာရောက်မည်ဖြစ်သည်။

ဟင်းသီးဟင်းရွက်ဆေးထားသည့်ရေ၊ ဆန်ဆေးရည်တို့ကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုခြင်း၊ မြက်ခင်းနှင့် အပင်များကို နေ့လယ်ခင်းကဲ့သို့ အပူချိန်မြင့်မားသည့်အချိန်များ၌ ရေလောင်းပါက ရေငွေ့ပျံမှုများပြားပြီး အပင်များကရေကိုအပြည့်အဝစုပ်ယူနိုင်ခြင်း မရှိသဖြင့် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသည့်အချိန်များတွင် ရေလောင်းခြင်း၊ ရေနည်းနည်းဖြင့် ရှင်းသန့်နိုင်သည့် အပင်မျိုးများကို ရွေးချယ်စိုက်ပျိုးခြင်းတို့ဖြင့် ရေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ အလားတူ မိုးရေကိုလည်း အလဟဿမဖြစ်စေဘဲ စနစ်တကျ ရေစည်များ၊ သိုလှောင်ကန်များဖြင့် စုဆောင်းသိုလှောင်ကာ အပင်ရေလောင်းခြင်း၊ ဥယျာဉ်ခြံရေလောင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းတို့တွင် ပြန်လည်အသုံးပြုခြင်းတို့ ပြုလုပ်နိုင်သည်။

ရေချွေတာရေးသည် လူတစ်ဦးတစ်ယောက်တည်း၏ ကြိုးပမ်းမှုဖြင့် အောင်မြင်ပြီးမြောက်နိုင်သည့် လုပ်ငန်းမဟုတ်ပေ။ မိသားစု၊ ရပ်ရွာအသိုက်အဝန်း၊ လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်းအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ မိဘများအနေဖြင့် သားသမီးများကို ငယ်စဉ်ကတည်းက ရေ၏တန်ဖိုးနှင့် ရေချွေတာသုံးစွဲရမည့် အလေ့အထများကို သင်ကြားပေးရမည်ပင်ဖြစ်သည်။ စာသင်ကျောင်းများတွင်လည်း ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို ရေအလေအလွင့်မရှိအသုံးပြုရေး အသိပညာပေးသင့်သကဲ့သို့ ရုံးဌာနများနှင့် လုပ်ငန်းခွင်များတွင်လည်း ရေအလေအလွင့်မရှိ အသုံးပြုရေး အသိပညာပေးအစီအစဉ်များ ဆောင်ရွက်ကြရပေမည်။

ရေချိုသည် အဖိုးတန်လှသည့်အတွက် လူသားတို့၏ပွဲဆမှုကြောင့် အလေအလွင့်ဖြစ်သွားပါက အနာဂတ်မျိုးဆက်များတွင် ရေရှားပါးကာ ရေအကျပ်အတည်းများ ဖြစ်ပေါ်လာနိုင်သည်။ သို့ဖြစ်ပါ၍ အစိုးရ၏ လမ်းညွှန်မှု၊ သက်ဆိုင်ရာတာဝန်ရှိသူများ၏ ကြီးကြပ်ဆောင်ရွက်မှုတို့နှင့်အတူ ပြည်သူလူထုကလည်း အဖိုးတန်ရေချိုကို တန်ဖိုးထား၍ ချွေတာသုံးစွဲခြင်းနှင့် ရေချိုအရင်းအမြစ်များကို စုပေါင်းထိန်းသိမ်း စောင့်ရှောက်ခြင်းတို့တွင် တက်ကြွစွာပူးပေါင်းပါဝင်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ကောလင်း နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်း ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကောလင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၅၅၂ ဧကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါပြောင်းစိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းဖူးရေ ၁၃၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကောလင်းခရိုင်မှာ ဖူးစားပြောင်း ၁၅၅၂ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပြောင်းခင်းတွေ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေဖို့ အသိပညာပေး လုပ်ငန်းတွေ ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြသည်။

ယခုနှစ် ကောလင်းခရိုင်တွင် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိတ်ကာကွယ်ရေးစသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့် အပြင် ပို့လွှဲမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြ၍ သိရသည်။

(၂၀၆)

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



ဓနုဖြူ နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလအတွင်းက ကောက်ညှင်းဆန် ၁၆ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဓနုဖြူမြို့နယ်ကနေ ကောက်ညှင်းဆန်တွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ကောက်ညှင်းဆန် ၁၆ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ကောက်ညှင်းဆန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့မှုကောင်းခဲ့တာပါ။ ရန်ကုန်ဈေးကွက်က အခု နိုဝင်ဘာလထဲမှာလဲ ဓနုဖြူမြို့နယ်ဘက်က ကောက်ညှင်းဆန်တွေကို အဝယ်လိုက်နေပါတယ်"ဟု ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာလင်းက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ကောက်ညှင်းဆန် ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၆၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ပြင်ဦးလွင်မြို့နယ် မီးသွေးဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပြင်ဦးလွင် နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မီးသွေးဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မွန်ကျော်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မီးသွေးဖိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်စာရင်းဇယားများပုံမှန်ဖြည့်သွင်းမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးကလိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးသွေးဖိုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၄၆ သိန်းထုတ်ချေးပေးထားကြောင်း သိရသည်။

မောင်ခိုင်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၉၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇဝရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

နွားထိုးကြီးမြို့နယ် ကြီးကြီးကျေးရွာ၌ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်အန္တရာယ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

နွားထိုးကြီး နိုဝင်ဘာ ၃

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးကြီးကျေးရွာ၌ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်အတွင်း မိုးရွာသွန်းမှု မူမမှန်ခြင်း၊ မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းနှင့် အခြားဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်နိုင်သဖြင့် သောက်သုံးရေ ပြတ်လပ်မှုမဖြစ်ပေါ်စေရေး ရေကိုကြိုတင်စုဆောင်းထားရှိရန်၊ ရေကိုစနစ်တကျသုံးစွဲကြရန်နှင့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာပါက ဌာနဆိုင်ရာ အဖွဲ့အစည်းများထံ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်ကြရန် လိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုစန္ဒီသန့်က အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ် ကာကွယ်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ဟောပြောပွဲသို့ တက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများထံ အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းက ပြောပြ၍ သိရသည်။ **ချစ်ဦးကို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဧရိယာဒေသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ လမ်း ၃၀ နှင့် ၆၇ လမ်းထောင့်နေ ဦးခင်မောင်ဖေ-ဒေါ်တင်တင်နွဲ့(ရွှေလမင်းစက်မှု၊ လက်မှု)တို့၏ မင်္ဂလာနှစ် ၆၀ ပြည့်အထိမ်းအမှတ်အဖြစ် တစ်နေ့တာဆွမ်းအတွက် ငွေကျပ် ၁၅ သိန်းလှူဒါန်းရာ ဧရိယာဒေသံဃာ့ဆေးရုံကြီး၏နာယကက ဒေါက်တာဦးမိတ်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

မိုးညိုမြို့နယ် တာလေးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

မိုးညို နိုဝင်ဘာ ၃

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာလေးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေထုတ်ချေးခြင်းကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၂ ဒသမ ၉ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက တာလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၅ ဦးကို VRFP စီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

သန္တာ

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စွန်တာပြာပဲ ၁၄၆၅ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကျောက်မြောင်း နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စွန်တာပြာပဲ ၁၄၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စွန်တာပြာပဲ ၂၈၇၅ ဧကထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စွန်တာပြာပဲ အထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး တော့ ဆောင်ရွက်ပေးနေပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် စွန်တာပြာပဲစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စွန်တာပြာပဲစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စွန်တာပြာပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စွန်တာပြာပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။ (၂၀၆)

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးနီတူခြောက်ပိသာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ငပုတော နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးနီတူခြောက် ပိသာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် စက်တင်ဘာလအတွင်းက ငါးနီတူခြောက်ပိသာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးနီတူခြောက် ပိသာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ငါးနီတူခြောက်တွေကို စနစ်တကျထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာပါတယ်။ ပြီးခဲ့တဲ့အောက်တိုဘာလအတွင်း ငါးနီတူခြောက် ပိသာချိန် ၅၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ငါးနီတူခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ ပိုမိုတင်ပို့ရောင်းချနေရပါတယ်။ လက်ရှိ ငါးနီတူခြောက်တွေက ပြည်တွင်းမှာ စားသုံးသူများလို့ အဝယ်လိုက်နေတာ ဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ဝင်းက ပြောပြသည်။

ငပုတောမြို့နယ်တွင် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးနီတူခြောက်များ အပါအဝင် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးနီတူခြောက်တစ်ပိသာလျှင် ငွေကျပ် ၂၇၀၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးနီတူခြောက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းလာခြင်းကြောင့် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



ကျိုက်သုတ်စေတီ ခေါင်းလောင်းစာ

မောင်သာ(ရွှေဟောင်းသုတေသန)



မော်လမြိုင်မြို့ ကျိုက်သုတ်စေတီတွင် ချိတ်ဆွဲထားသည့် ခေါင်းလောင်း

မြန်မာနိုင်ငံ၏သမိုင်းအထောက်အထားများအရ ပျူခေတ်ကာလ၌ မြန်မာနိုင်ငံတွင် ပျူအကွ၀ရာနှင့် ပျူစာများကို ကောင်းစွာရေးသားနိုင်ခဲ့ကြောင်းတွေ့ရှိရသည်။ ပျူမြို့ဟောင်းသရေခေတ္တရာမှ တူးဖော်ရရှိခဲ့သည့် ကျောက်အရိုးအိုးများတွင် ရေးထိုးထားသည့် ပျူဘာသာစကားလုံးများသည် အခိုင်မာဆုံးသက်သေပင်ဖြစ်သည်။

သို့သော် ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် ဒေသများမှရရှိခဲ့သည့် ကြေးချေး ခေါင်းလောင်းများတွင် စာသားများရေးထိုးထားခြင်းကို မတွေ့ရှိရသေးပေ။

ကမ္ဘည်းစာရေးထိုးထားသည့် ခေါင်းလောင်းများ

မြန်မာနိုင်ငံနေရာဒေသအသီးသီးမှ တူးဖော်ရရှိခဲ့သည့် ကြေးခေါင်းလောင်းများအနက် ကမ္ဘည်းစာရေးထိုးထားသည့် အစောဆုံးခေါင်းလောင်းသည် ရခိုင်ပြည်နယ် ဝေသာလီမြို့ဟောင်းအနီးရှိ ပြိုင်းထောင်းကျေးရွာမှရရှိခဲ့သည့် ခေါင်းလောင်းဖြစ်သည်။ ထိုခေါင်းလောင်းကို ဂုဏ်ထူးဆောင် ကျောက်စာဝန်ဦးစံရွှေဘုက ၁၉၁၈ ခုနှစ်တွင် တွေ့ရှိမှတ်တမ်းတင်ခဲ့သည်။

၎င်းခေါင်းလောင်းသည် အမြင့် ၁၁ ဒသမ ၈ စင်တီမီတာ၊ အောက်ခြေအချင်း ၁၀ ဒသမ ၅ စင်တီမီတာနှင့်အထူ တစ်စင်တီမီတာရှိသည်။ ခေါင်းလောင်းအလေးချိန်သည် တစ်ပေါင်ဖြစ်ပြီး ခေါင်းလောင်းပတ်လည်တွင် ကမ္ဘည်းစာ နှစ်ကြောင်းရေးထိုးထားသည်။ ထိုစာများကို အိန္ဒိယနိုင်ငံ ကမ္ဘည်းကျောက်စာဌာနမှ ပညာရှင် ခရစ်ခ်ျ နားရှပ်စ်ထရီ (H. Krishna Sastri) က ဖတ်ရှုပြီး အေဒီ ၇၀၀ ခန့်တွင် ရေးထိုးခဲ့ကြောင်းခန့်မှန်းခဲ့သည်။ သို့သော် ပညာရှင်တချို့က ထိုစာသားများကို နီတိစန္ဒြမင်းလက်ထက် အစောပိုင်း အေဒီ ၅၂၀ ခန့်တွင် ရေးထိုးခဲ့ဟန်ရှိကြောင်း ယူဆကြသည်။

ကမ္ဘည်းစာရေးထိုးထားသည့် ခေါင်းလောင်းတစ်လုံးကို ၁၉၆၆ ခုနှစ်တွင် ရခိုင်ပြည်နယ် ဝေသာလီမြို့ဟောင်း အနောက်တောင်ဘက် အပြင်မြို့ရိုးအနီးရှိ ဓာတ်တော်စေတီမှ ရရှိခဲ့သည်။ ခေါင်းလောင်းကမ္ဘည်းစာများကို အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသနဌာနက အေဒီဆြောက်ရာစု အရေးအသားဟု ခန့်မှန်းခဲ့သည်။ ခေါင်းလောင်းစာများသည် ကုန်းဘောင်ခေတ် အရေးအသား သဿံသရိုက်ဘာသာဖြစ်ကာ ခေါင်းလောင်းအလျှူရှင်ဟု ယူဆရသူ၏အမည်သည် ကမ်အယနဖြစ်ကြောင်း ရှေးဟောင်းသုတေသနပညာရှင် ဦးစိန်မောင်ဦးက ရေးသားခဲ့သည်။

ကမ္ဘည်းစာပါ ခေါင်းလောင်းများ

မြန်မာစာဖြင့် ကမ္ဘည်းစာရေးထိုးထားသည့် အစောဆုံးတွေ့ရှိခဲ့သော ခေါင်းလောင်းသည် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် လက်ခိုက်ကျေးရွာရှိ ခေါင်းလောင်းဖြစ်သည်။ ထိုခေါင်းလောင်းကို မြန်မာသက္ကရာဇ် ၈၀၀ ပြည့်နှစ်တွင် ရေးထိုးခဲ့သဖြင့် မြန်မာဘာသာအက္ခရာများဖြင့် ကမ္ဘည်းစာရေးထိုးထားသည့် ခေါင်းလောင်းများတွင် အစောဆုံးဖြစ်သည်။

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မြသိန်းတန်စေတီတွင်ရှိသည့် ခေါင်းလောင်းသည် မြန်မာစာဖြင့် ကမ္ဘည်းစာရေးထိုးထားသည့် ခေါင်းလောင်းများအနက် ဒုတိယအစောဆုံးဖြစ်သည်။ ထိုခေါင်းလောင်းကို မြန်မာသက္ကရာဇ် ၈၉၉ ခုနှစ်တွင် သွန်းလုပ်ခဲ့ကြောင်း ကမ္ဘည်းစာရေးထိုးထားသည်။

ပုဂံရွှေစည်းခုံစေတီတွင် ချိတ်ဆွဲထားသည့် ဆင်ဖြူရှင် ဘုရင့်နောင်မင်းတရား အလှူတော် ခေါင်းလောင်းသည် မြန်မာဘာသာဖြင့် ကမ္ဘည်းစာရေးထိုးထားသည့် ခေါင်းလောင်းများတွင် တတိယအစောဆုံးဖြစ်သည်။ ဘုရင့်နောင်မင်း ခေါင်းလောင်းတော်ဟု ထင်ရှားသည့် ထိုခေါင်းလောင်းကို မြန်မာသက္ကရာဇ် ၉၀၇ ခုနှစ်တွင် သွန်းလုပ်ချိတ်ဆွဲခဲ့သည်။ ထိုခေါင်းလောင်းတွင် ရေးထိုးထားသည့် စာသားများကို ကမ္ဘာ့ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့က ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World) အဖြစ် ၂၀၁၇ ခုနှစ်တွင် အသိအမှတ်ပြုခဲ့သည်။

မြန်မာနိုင်ငံတွင် ခေါင်းလောင်းပေါ်၌ ကမ္ဘည်းစာများရေးထိုးပြီး ချိတ်ဆွဲသည့် အလေ့အထကို ညောင်ရမ်း ခေတ်ဦးတွင်စတင်တွေ့ရှိရသည်။ ခေါင်းလောင်းတွင် ကမ္ဘည်းစာရေးထိုးသည့် အလေ့အထသည် ထိုအချိန်မှ စတင်ထွန်းကားခဲ့ဟန်ရှိကာ မြန်မာနိုင်ငံတစ်နံတစ်လျား၌ ကမ္ဘည်းစာရေးထိုးထားသည့် ခေါင်းလောင်းများကို ယနေ့တိုင်တွေ့ရှိနိုင်ကြပေသည်။

ကျိုက်သုတ်စေတီ ခေါင်းလောင်းစာ

ကျိုက်သုတ်စေတီသည် မွန်ပြည်နယ်ရှိ ကျိုက်သလ္ကံစေတီနှင့် ကျိုက်မုပွန်စေတီကြား မော်လမြိုင်မြို့လယ်တွင်တည်ရှိသည်။ သံလွင်မြစ်အဆုံးပိုင်းနှင့် နာဂဓီသတောင်ရိုးတန်းကြားတွင် တည်ထားသည့် ကျိုက်သုတ်စေတီကို ဆံတော်ရှင်စေတီဟု ယုံကြည်ကြသည်။

စေတီသမိုင်းကို တောင်ဘက်မုခ် ဝတ်ကျောင်းဆောင် ကျောဘက်တွင် နံရံဆေးပန်းချီဖြင့် ရေးဆွဲဖော်ပြထားသည်။ ပန်းချီကားတွင် ဖော်ပြထားသည့် သမိုင်းကြောင်းအရ မဟာသက္ကရာဇ် ၁၁၁ ခုနှစ်တွင် ဂေါတမဘုရားရှင်သည် သုဝဏ္ဏာဘူမိသို့ ကြွလာခဲ့ပြီး အဇိတနှင့် ဇိနအမည်ရှိ ရဟန္တာနှစ်ပါးကို ဆံတော်ပေးသနားခဲ့သည်။ ဘုရားရှင်ဆံတော်ကို သူဋ္ဌေး ဦးသုဝဏ္ဏခေါ် ဦးသုတ်ကိုပေးခဲ့ရာ မွတ်ပိရာဇာမင်းကြီးကို အမျှူးပြုလျက် ဆံတော်ကိုဌာပနာပြီး စေတီတည်ခဲ့သည်။ သူဋ္ဌေးဦးသုတ်တည်ခဲ့ခြင်းကို အစွဲပြုလျက် ကျိုက်သုတ်စေတီဟု သမုတ်ခဲ့သည်ဟု သမိုင်းမှတ်တမ်းများတွင် ဖော်ပြသည်။

ကျိုက်သလ္ကံစေတီရင်ပြင်တွင်စိုက်ထူထားသည့် စစ်ကဲကြီးဦးထော်လေးကျောက်စာတွင် ဆံတော်ရှင် ကျိုက်အသုတ်ဟုလည်းကောင်း၊ ၁၂၁၁ ခုနှစ် တန်ခူးလတွင် ရေးထိုးခဲ့သည့် ကျိုက်သုတ်ခေါင်းလောင်းစာတွင် စေတီယံ၊ မော်ရွှေမြိုင်မြို့၊ ရီသို့ထင်ပေါ်၊ ကျိုက်အသုတ်စေတီတော်ဟု လည်းကောင်း ဖော်ပြထားသည်။

ကျိုက်သုတ်စေတီရင်ပြင် စနေထောင့်တွင် ခေါင်းလောင်းတစ်လုံးကိုချိတ်ဆွဲထားရာ ခေါင်းလောင်း အမည်သီးခြားမရှိဘဲ ကျိုက်သုတ်စေတီခေါင်းလောင်းဟု ထင်ရှားသည်။

မော်လမြိုင်မြို့ကို အုပ်စိုးခဲ့သည့် ဒုတိယမွတ်ပိရာဇာလက်ထက်တွင် ခမည်းတော်လက်ထက်က မပြီးပြတ်ခဲ့သည့် မြို့၊ နန်း၊ ကျုံး၊ ပုထိုးစေတီ၊ ကန်၊ ပိဋကတ်တိုက်နှင့် ကျောင်းဟူသည့် ခုနစ်ဌာနကို တစ်ပြိုင်တည်း တည်ထောင်ခဲ့သည်။ ရှမ်းမွန်မင်းဆက်ဖြစ်သည့် ဒုတိယမွတ်ပိရာဇာသည် ခမည်းတော်လက်ထက်က တည်ဆောက်မှုမပြီးပြတ်ခဲ့သည့် အဆိုပါခုနစ်ဌာနကို တည်ခဲ့သည်။

မော်လမြိုင်ရာဇဝင်စာအုပ်တွင် မွန်ပိရာဇာမင်းသည် ကျိုက်သလ္ကံစေတီကို တည်ပြီးနောက် တောင်ပိုင်း တောရသာသနာပိုင် ခင်ကြီးဥာဏထံမှ ဆံတော်ကို စေတီရွှေထီးတင်လှူခဲ့သည်ဟု အဆိုရှိကြောင်း ဖော်ပြထားကာ ကျိုက်သုတ်စေတီသည် အသစ်တည်ခဲ့သည့် စေတီဖြစ်မည်ဟု မှန်းဆရပေသည်။

ကျိုက်သုတ်စေတီခေါင်းလောင်း

ကျိုက်သုတ်စေတီ အနောက်တောင်ဘက် တန်ဆောင်း စနေဂြိုဟ်တိုင်အနီးတွင် ကျိုက်သုတ်စေတီခေါင်းလောင်းကို မြင်တွေ့ကြရသည်။ ထိုခေါင်းလောင်းပေါ်တွင် ကမ္ဘည်းစာများကို မွန်၊ မြန်မာနှစ်ဘာသာဖြင့် ရေးထိုးထားသည်။ မွန်ဘာသာဖြင့် ရေးထိုးထားသည့်အခြမ်းသည် အရှေ့ဘက်သို့ မျက်နှာပြုသည့် အခြမ်းဖြစ်၍ မြန်မာဘာသာဖြင့် ရေးထိုးထားသည့် အခြမ်းသည် အနောက်ဘက်သို့ မျက်နှာမူသည့် အခြမ်းဖြစ်သည်။

ကျိုက်သုတ်စေတီ ခေါင်းလောင်းသည် အမြင့် ၂၉ လက်မ၊ ခါးလုံးပတ် ၆၈ လက်မနှင့် အောက်ခြေမျက်နှာဝ လုံးပတ် လက်မ ၉၀ ရှိသည်။ ခေါင်းလောင်းအဝသည် အချင်းလက်မ ၃၀ ရှိ၍ ခေါင်းလောင်းအထူသည် ၂ ဒသမ ၂ လက်မဖြစ်သည်။

❖ ကျိုက်သုတ်စေတီ အနောက်တောင်ဘက် တန်ဆောင်း စနေဂြိုဟ်တိုင်အနီးတွင် ကျိုက်သုတ်စေတီခေါင်းလောင်းကို မြင်တွေ့ကြရသည်။ ထိုခေါင်းလောင်းပေါ်တွင် ကမ္ဘည်းစာများကို မွန်၊ မြန်မာ နှစ်ဘာသာဖြင့် ရေးထိုးထားသည်။ မွန်ဘာသာဖြင့် ရေးထိုးထားသည့်အခြမ်းသည် အရှေ့ဘက်သို့ မျက်နှာပြုသည့် အခြမ်းဖြစ်၍ မြန်မာဘာသာဖြင့် ရေးထိုးထားသည့် အခြမ်းသည် အနောက်ဘက်သို့ မျက်နှာမူသည့် အခြမ်းဖြစ်သည်။ ကျိုက်သုတ်စေတီခေါင်းလောင်းသည် အမြင့် ၂၉ လက်မ၊ ခါးလုံးပတ် ၆၈ လက်မနှင့် အောက်ခြေမျက်နှာဝလုံးပတ် လက်မ ၉၀ ရှိသည်။ ❖

ခေါင်းလောင်း၏ ပေါင်းကိုင်းအမြင့်သည် ၉ လက်မ၊ ပေါင်းကိုင်းလုံးပတ်သည် ၉ လက်မ၊ လည်ပင်းသည် ၂၇ လက်မရှိသည်။ ပေါင်းကိုင်းတစ်ဘက်စီတွင် လူပုံတော်ပုံကိုသွန်းလုပ်ထားသည်။ ပေါင်းကိုင်းကို ခြင်္သေ့နှစ်ကောင်ပါရှိသည့် တန်းချိတ်တွင် ဆွဲထားသည်။

ကျိုက်သုတ်စေတီခေါင်းလောင်းစာကို မူလက မွန်ဘာသာဖြင့် ရေးထိုးခဲ့ပြီး နှစ် ၁၀၀ အကြာတွင် မြန်မာဘာသာဖြင့် ထပ်မံရေးထိုးခဲ့သည်။ မွန်ဘာသာစကားဖြင့်ရေးထိုးသည့် ၁၁၁ ခုနှစ်သည် မွန်ဘာသာစာပေထွန်းကားခဲ့ချိန်ဖြစ်သည်။ မွန်ဘာသာစကားဖြင့် ရေးထိုးပြီး နှစ် ၁၀၀ အကြာ ၁၂၁၁ ခုနှစ်တွင် မြန်မာစာပေ ထွန်းကားခဲ့ပြီးဖြစ်သောကြောင့် ခေါင်းလောင်းစာကို မြန်မာဘာသာစကားဖြင့် ဖြည့်စွက် ရေးထိုးခဲ့သည်။

မွန်ဘာသာစကားဖြင့် ရေးထိုးထားသည့် ခေါင်းလောင်းစာတွင် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ၊ အရိယာ သာဝကအပေါင်းနှင့် တရားသောမင်းတို့ကို ရှိခိုးကော်ရော်ကြောင်းရေးထိုးပြီး ခေါင်းလောင်းသွန်းလုပ်သည့် ခုနှစ်၊ လ၊ ရက်နှင့် ခေါင်းလောင်းအလေးချိန်ကို ရေးထိုးထားသည်။ ခေါင်းလောင်းစာသည် အကျဉ်းချုပ်သာ ဖြစ်သည်။

မွန်ဘာသာစကားဖြင့် ရေးထိုးပြီးနောက် နှစ် ၁၀၀ တွင် မြန်မာစာဖြင့် ဖြည့်စွက်ရေးထိုးခဲ့သည်။ မြန်မာစာ ဖြင့် ရေးထိုးထားသည့်ဘက်တွင် တရားကို ကိုးကွယ်ခြင်းဖြင့် အကျိုးအောင်မြင်မှု နိမိတ်ဆောင်သည်ဟု အဓိပ္ပာယ်ရှိသည့် ပါဠိဘာသာစကားဖြင့် ဦးစွာ အကျဉ်းရေးထိုးသည်။ ဆက်လက်ပြီး လွမ်းမောသာယာဖွယ်အပေါင်းနှင့် ပြည့်စုံသော မော်လမြိုင်မြို့ဘွဲ့၊ ခေါင်းလောင်းလှူဒါန်းသူ၏ ဘွဲ့အမည်၊ ခေါင်းလောင်းတင်လှူထားသည့် ကျိုက်သုတ်စေတီဘွဲ့တို့ကို ပါဠိဘာသာဖြင့် အကျဉ်းရေးထိုးထားသည်။

ဆက်လက်၍မော်လမြိုင်မြို့ဘွဲ့၊ ခေါင်းလောင်းလှူဒါန်းပူဇော်သူ၊ ခေါင်းလောင်းကိုပြန်လည်သွန်းလုပ်ခဲ့သည့် အစိတ်အပိုင်း၊ ခေါင်းလောင်းကို သွန်းသည့် ခုနှစ်၊ လ၊ ရက်နှင့် ခေါင်းလောင်းတင်လှူထားသည့် ကျိုက်သုတ်စေတီတော်ဘွဲ့တို့ကို ပါဠိ၊ မြန်မာနိဿယ အနက်ပြန်ဆိုရေးနည်းဖြင့် အကျဉ်းချုပ်ရေးထိုးထားသည်။

မြန်မာနိုင်ငံနေရာအနှံ့တွင် မြင်တွေ့ကြရသည့် ခေါင်းလောင်းများအနက် ကမ္ဘည်းစာရေးထိုးထားသည့် ခေါင်းလောင်းများသည် ခေါင်းလောင်းစာရေးထိုးသည့် ခေတ်ကာလ၏ ပုံရိပ်တချို့ကိုဖော်ညွှန်းလျက်ရှိနေကြသည်။ ခေါင်းလောင်းစာများသည် ခေါင်းလောင်းတင်လှူသည့် ခေတ်ကာလ၏ ပုံရိပ်တချို့ကိုဖော်ညွှန်းလျက်ရှိနေကြပေသည်။

ကိုးကား

- **လက်ရွေးစင် ရှေးဟောင်းခေါင်းလောင်းစာများ(ဦးစိန်မောင်ဦး)**
- **မွန်ရာဇဝင်နှင့် စေတီတော်သမိုင်းပေါင်းချုပ် (စစ်ကဲတော်မင်း မောင်ရွှေနော်)**
- **မွန်တို့ဌာနေ ရာမည(မာမကသုတေသီ)**

vr;avQmujci;jzi ‹uuom;rsm; oermapEion



မိမိတို့ရဲ့ခန္ဓာကိုယ်မှာ အဆီပိုတွေမရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမိုပေါ်လွင်လာပြီး သန်မာလာမှာဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ၁မိနစ်၊ ၂မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးကွမ်းရှပ်ခြောက်ပိဿာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဒေးဒရဲ နိုဝင်ဘာ ၃

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း ငါးကွမ်းရှပ်ခြောက်ပိဿာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြ၍သိရသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၄၀၀၀၀သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အောက်တိုဘာလအတွင်း ငါးကွမ်းရှပ်ခြောက် ပိဿာချိန် ၅၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသကထွက်တဲ့ ငါးကွမ်းရှပ်ခြောက်ကို စနစ်တကျထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ငါးကွမ်းရှပ်ခြောက်ပိဿာချိန် ၅၄၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့ရောင်းချနေရတာပါ။ လက်ရှိအရောင်းအဝယ်လုပ်နေတဲ့ ငါးကွမ်းရှပ်ခြောက်တွေက နွေဘက်ကလုပ်ထားတဲ့ ငါးကွမ်းရှပ်ခြောက်တွေဖြစ်ပါတယ်။ ငါးကွမ်းရှပ်ခြောက်တွေက ပြည်တွင်းမှာ စားသုံးသူများတဲ့အတွက် အဝယ်လိုက်နေတာ ဖြစ်ပါတယ်"ဟု ဒေးဒရဲမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်တွင် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးပိ၊ငါးခြောက်များကို ထုတ်လုပ်ပြီး ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ အပါအဝင် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက်တစ်ပိဿာလျှင် အရွယ်အစားပေါ်မူတည်ပြီး ငွေကျပ် ၃၅၀၀၀ မှ ၅၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

ကွမ်းခြံကုန်းမြို့နယ် မေတ္တာကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ကွမ်းခြံကုန်း နိုဝင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မေတ္တာကျေးရွာ၌ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၂၇ သန်းဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ဦး၊ ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းနှင့် တာဝန်ရှိသူများက ကျေးရွာတွင်း လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ မေတ္တာကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုနှင့် Slub Culvert သုံးစင်းတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက တာဝန်ရှိသူများကို ကွန်ကရစ်လမ်းနှင့်ဆက်စပ်လုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် စနစ်တကျ ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ မေတ္တာကျေးရွာ၌ လမ်းအရှည် ၅ ဒသမ သုည ၇၁ ဖာလုံ၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၂၆ ဒသမ ၂၇ သန်းဖြင့် Thit Min Thitsar ကုမ္ပဏီက ယခုနှစ် ဩဂုတ် ၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အထွေး

လောကဓံ

- ကြုံတွေ့မည့် လောကဓံ၊
  စိတ်ဓာတ်တွေ မကျဘဲ
  ဆင်နွဲ့လမ်းမှန်၊
  ယှဉ်ပြိုင်လျက် ဇွဲနှင့်မာန်
  အသိဉာဏ် မြှင့်တင်ထား၊
  လဲကျသော် ပြန်မထရင်ဖြင့်
  ဘဝဟာ နောက်ဆုံးမှာ
  ပျက်သုဉ်းလမ်းမှား။

- ထိုးဖောက်ကွဲ့ လောကဓံ၊
  အားတင်းကာ ပန်းတိုင်အရောက်
  လျှောက်ဖို့သာကြံ၊
  အကောင်းဆုံး အမြဲမွမ်းမံ
  လက်တွေ့အမှန် ကြိုးစား၊
  အားငယ် စိတ်မလျှော့ဘဲ
  ခါးကော့ကာ အတွေးသစ်နဲ့
  ထုဆစ်ခွန်အား။

- ကြုံရမည့် လောကဓံ၊
  သာမန်နေ အလုပ်မလုပ်ရင်ဖြင့်
  နောက်ဆုတ်လျက်ကျန်၊
  အရှုံးပေးတော့ လဲပြိုအမှန်
  ဘဝသဏ္ဌာန် မတိုးတက်၊
  ရလဒ်တွေ အစဉ်ကောင်းအောင်
  ထိန်းကျောင်းရှေ့ဆက်။

- ကြုံရမည့် လောကဓံ၊
  အတားဆီးတွေ မှန်သမျှ
  ခွာချဖို့ကြံ၊
  ခါးသီးခြင်း ကျော်ဖြတ်ရန်
  ချိုမြိန်ထံ ရောက်စေသား၊
  ထူးချွန်အောင် နှလုံးသွေးကို
  အားမွေးလှုပ်ရှား။ ။

ဖြိုးထက်(ရေစကြို)

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

အီရန်၊ ဆော်ဒီအာရေဗျ အမျိုးသားလုံခြုံရေး တာဝန်ရှိသူများ တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် သီးခြားစီတွေ့ဆုံဆွေးနွေး

ပေကျင်း နိုဝင်ဘာ ၃

တရုတ်နိုင်ငံခြားရေး ဝန်ကြီးဝမ်ယီသည် နိုဝင်ဘာ ၂ ရက်တွင် ပေကျင်းမြို့၌ အီရန်၊ ဆော်ဒီအာရေဗျ အမျိုးသားလုံခြုံရေး တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အရှေ့အလယ်ပိုင်း ပဋိပက္ခကို ဖြေရှင်းရာတွင် စစ်ရေးနည်းလမ်းထက် နိုင်ငံရေးအရ အဖြေရှာရေး နည်းလမ်းကို အဓိကထား အာရုံစိုက်သင့်ကြောင်း အီရန်၊ ဆော်ဒီအာရေဗျ အမျိုးသားလုံခြုံရေး တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် တရုတ်နိုင်ငံခြားရေး ဝန်ကြီးက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံခြားရေး ဝန်ကြီးဝမ်ယီသည် နိုဝင်ဘာ ၂ ရက်တွင် အီရန် အမျိုးသားလုံခြုံရေး ကောင်စီ ဒုတိယအတွင်းရေးမှူး အလီဘာဂါရီ ကာနီ၊ ဆော်ဒီအာရေဗျ အမျိုးသားလုံခြုံရေးအကြံပေး ဆာအက်ဒ်ဘင်မိုဟမ်မက် အယ်လ်အိုင်ဘင်တို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် အီရန်နိုင်ငံ၏ အမျိုးသားအချုပ်အခြာအာဏာပိုင်စိုးမိုးမှုနှင့် လုံခြုံရေးတို့ကို အားပေးထောက်ခံကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးက အီရန်အမျိုးသားလုံခြုံရေး ဒုတိယအတွင်းရေးမှူးနှင့် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့အတူ အရှေ့အလယ်ပိုင်း ဒေသအခြေအနေသည် စစ်ရေးနှင့် ငြိမ်းချမ်းရေးကြား အရေးကြီးသော လမ်းဆုံလမ်းခွသို့ ရောက်ရှိနေပြီဖြစ်ကြောင်းလည်း ဆော်ဒီအာရေဗျ အမျိုးသားလုံခြုံရေး အကြံပေးနှင့် တွေ့ဆုံစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီးက သုံးသပ်ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

ဗုံးပဒေသာထိပ်ဖူးတပ် မဟာဗျူဟာမြောက်ခရုစ်ဒုံးကျည်စနစ် မြောက်ကိုရီးယားစမ်းသပ်



ပြုံယမ်း နိုဝင်ဘာ ၃

မြောက်ကိုရီးယားနိုင်ငံသည် ဗုံးပဒေသာထိပ်ဖူး တပ်ဆင်ထားသည့် မဟာဗျူဟာမြောက် ခရုစ်ဒုံးကျည်တစ်စင်းကို နိုဝင်ဘာ ၂ ရက်တွင် စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ခရုစ်ဒုံးကျည်စမ်းသပ်မှုကို အလုပ်သမားပါတီ ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ကင်မ်ကျောင်ဆစ်က ကြီးကြပ်ခဲ့ကြောင်း မြောက်ကိုရီးယား အစိုးရ ကေစီအင်န်အေသတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

နိုဝင်ဘာ ၂ ရက်တွင် စမ်းသပ်ပစ်လွှတ်ခဲ့သော ခရုစ်ဒုံးကျည်တွင် ငါးဟက်တာမှ ခြောက်ဟက်တာထိ ကျယ်ဝန်းသော ပစ်မှတ်နယ်မြေကို ထိရောက်စွာ တိုက်ခိုက်နိုင်သည့် ဗုံးပဒေသာထိပ်ဖူး တပ်ဆင်ထားကြောင်း ကေစီအင်န်အေသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

စစ်မဲ့ဇုန်နယ်စပ်၌ မြေမြှုပ်မိုင်းပေါက်ကွဲမှုများကြောင့် တောင်ကိုရီးယားနှင့် ဆက်ဆံရေးတင်းမာနေချိန်တွင် မြောက်ကိုရီးယားနိုင်ငံက ဗုံးပဒေသာ ထိပ်ဖူးတပ်ဆင်ထားသည့် မဟာဗျူဟာမြောက် ခရုစ်ဒုံးကျည်တစ်စင်းကို စမ်းသပ် ပစ်လွှတ်ခဲ့ခြင်းဖြစ်ပြီး အောက်တိုဘာ ၃၁ ရက်ကလည်း ဗုံးပဒေသာ ထိပ်ဖူးတပ်ဆင်နိုင်သည့် နည်းဗျူဟာမြောက် ဘလစ်စတစ် ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း တိုက်ပွဲဝင်မောင်းသူမဲ့ ဒရုန်းယာဉ်၊ ပဲ့ထိန်းတိုပီဒို့စနစ်၊ တာလတ်ပစ်အသံထက် မြန်နှုန်းလွန် ဟိုက်ပါဆိုးနစ်ဒုံးကျည် အပါအဝင် လက်နက်စနစ်မျိုးစုံကို စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

အေဒင်မြို့ မိုင် ၅၀ အကွာသို့ ဟူသီလက်နက်ကိုင်အဖွဲ့များ ရောက်ရှိ

ဆာနား နိုဝင်ဘာ ၃

အီရန်နိုင်ငံ ကျောထောက်နောက်ခံပြု ဟူသီလက်နက်ကိုင်အဖွဲ့သည် ယီမင်နိုင်ငံ အေဒင်မြို့နှင့် ကီလိုမီတာ ၈၀ (မိုင် ၅၀) အကွာသို့ ရောက်ရှိနေပြီဟု စစ်ရေး သတင်းအရင်းအမြစ်များက နိုဝင်ဘာ ၂ ရက်တွင် မီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အေဒင်မြို့သည် နိုင်ငံတကာ အသိအမှတ်ပြု ယီမင်အစိုးရအဖွဲ့၏ ယာယီမြို့တော်နှင့် အဓိက ခြေကုပ်နယ်မြေဖြစ်သည်။

ဟူသီလက်နက်ကိုင် အဖွဲ့သည် ၂၀၁၅ ခုနှစ် ပြည်တွင်းစစ်ရေး ပဋိပက္ခကာလ နောက်ပိုင်း အေဒင်မြို့နှင့် အနီးဆုံးသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း စစ်ရေးသတင်း အရင်းအမြစ်များက ပြောကြားထားသည်။

ဟူသီလက်နက်ကိုင် အဖွဲ့သည် ၂၀၁၅ ခုနှစ် ပြည်တွင်း အစောပိုင်းကာလအတွင်း အေဒင်မြို့သို့ ဝင်ရောက် နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ယီမင်အစိုးရက ပြန်လည် တိုက်ခိုက်တွန်းလှန်နိုင်ခဲ့သည်။

အမေရိကန်နှင့် အစ္စရေး နိုင်ငံတို့က အီရန်ကိုစစ်ရေးအရ တိုက်ခိုက်ခဲ့ပြီးနောက်ပိုင်း ဟူသီလက်နက်ကိုင်အဖွဲ့သည် ယီမင်အစိုးရကို အားပေးထောက်ခံနေသည့် ဆော်ဒီအာရေဗျနိုင်ငံကို စစ်ရေးအရ တိုက်ခိုက်မှုများမြှင့်တင်ပြုလုပ်ခဲ့သည်။

လက်ရှိတွင် ဟူသီလက်နက်ကိုင်အဖွဲ့သည် အေဒင်မြို့နှင့် တိုင်အမ်ဓမြို့တို့ကို ချိတ်ဆက်ပေးထားသော အဝေးပြေးလမ်းတစ်လျှောက်ရှိ မဟာဗျူဟာမြောက် နေရာဒေသများကို ခြိမ်းခြောက်နေသည်ဟု စစ်ရေးသတင်းအရင်း အမြစ်များက ပြောကြားထားကြောင်းသိရသည်။

Ref : RT
Trs : KKO

ဥရောပနိုင်ငံများမှ စူပါမားကတ် ရေခဲသေတ္တာစနစ်များ ဆိုက်ဘာတိုက်ခိုက်မှုနှင့် ရင်ဆိုင်ခဲ့ရ



ဘရပ်ဆဲလ် နိုဝင်ဘာ ၃

ဆွီဒင်နိုင်ငံမှသည် ပေါ်တူဂီနိုင်ငံထိ ပါဝင်သော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံအများအပြားရှိ စူပါမားကတ်များ၌ နိုဝင်ဘာ ၂ ရက်က ဆိုက်ဘာ တိုက်ခိုက်မှုများကြောင့် ရေခဲသေတ္တာစနစ်များ ထိခိုက်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

စူပါမားကတ်များရှိ ရေခဲသေတ္တာစနစ်များ ဆိုက်ဘာတိုက်ခိုက်မှုနှင့် ရင်ဆိုင်ခဲ့ရသည့် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများမှာ အနည်းဆုံး ရှစ်နိုင်ငံထိရှိခဲ့ပြီး ဘယ်လ်ဂျီယံ၊ အက်စ်တိုးနီးယား၊ ဖင်လန်၊ အိုင်ယာလန်၊ လူဇင်ဘတ် နိုင်ငံတို့လည်း ပါဝင်ခဲ့ကြောင်း သိရသည်။

ဆိုက်ဘာ တိုက်ခိုက်မှုများကြောင့် နိုဝင်ဘာ ၂ ရက် ညပိုင်းတွင် စူပါမားကတ်များရှိ ရေခဲသေတ္တာများ အပူချိန်မြင့်တက်လာခဲ့ရာ အစားအစာထုတ်ကုန်များ ပျက်စီးခဲ့ကြောင်း အစားအစာ လက်လီရောင်းချသူများက ပြောကြားထားသည်။

နိုဝင်ဘာ ၂ ရက် စူပါမားကတ် ရေခဲသေတ္တာစနစ်များ ဆိုက်ဘာတိုက်ခိုက်မှုကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ စားနပ်ရိက္ခာဖြည့်ဆည်းမှု ကွင်းဆက်ဖြတ်တောက်ရေး အတွက် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်မှုအဖြစ် ဥရောပသမဂ္ဂတာဝန်ရှိသူများက ဝေဖန်ပြောကြားထားကြောင်းသိရသည်။

Ref : Xinhua
Trs : KKO

အီရန်ပိုင် ကီရှမ်ကျွန်းကို အမေရိကန်တပ်မတော်တိုက်ခိုက်

ဝါရှင်တန် နိုဝင်ဘာ ၃

ဟော်မုဇ်ရေလက်ကြားအတွင်း တည်ရှိသည့် အီရန်ပိုင် ကီရှမ်ကျွန်းကို အမေရိကန်နိုင်ငံက စစ်ရေးအရ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်ဟု အမေရိကန် အစိုးရ တာဝန်ရှိသူတစ်ဦးက နိုဝင်ဘာ ၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သို့ရာတွင် အမေရိကန် တပ်မတော်အနေဖြင့် ကီရှမ်ကျွန်း တိုက်ခိုက်မှုများကို အကန့်အသတ်ဖြင့် ပြုလုပ်ခဲ့ခြင်းပြီး အဓိက စစ်ဆင်ရေးတစ်ခုပြန်လည် စတင်သည့် သဘောမျိုးမဟုတ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားထားသည်။

အမေရိကန် တပ်မတော်က အီရန်ပိုင် ကီရှမ်ကျွန်းကို စစ်ရေးအရ တိုက်ခိုက်မှုကို ဝေါလ်



စထရိဂျာနယ် သတင်းစာက နိုဝင်ဘာ ၂ ရက်တွင် သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။

အမေရိကန်စစ်ရေးပစ်မှတ်များကို တိုက်ခိုက်ရေးအတွက် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်များအီရန်နိုင်ငံက အသုံးချနေမှုကို တားဆီးရေးအတွက် အမေရိကန်တပ်မတော်က ကီရှမ်ကျွန်းကို တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

နိုဝင်ဘာ ၂ ရက်တွင် ကီရှမ်ကျွန်းပေါ်၌ ပေါက်ကွဲမှုများဖြစ်ပွားခဲ့ကြောင်း အီရန်နိုင်ငံပိုင်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အမေရိကန် ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲများ ပြီးဆုံးချိန်တွင် အီရန်ကို စစ်ရေးအရ တိုက်ခိုက်မှုများ ပြန်လည်လုပ်ဆောင်နိုင်သည်ဟု အမေရိကန် သမ္မတဒေါနယ်ထရမ့်က ပြီးခဲ့သည့် ရက်သတ္တပတ်များအတွင်း ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

တရုတ်အမျိုးသားအာကာသအေဂျင်စီက အာကာသယာဉ်မှူးများ လပေါ်ဆင်းသက်မည့်အစီအစဉ်အသေးစိတ်ကို ထုတ်ဖော်ပြောကြား



ပေကျင်း နိုဝင်ဘာ ၃

တရုတ် အမျိုးသားအာကာသ အေဂျင်စီက အာကာသယာဉ်မှူးများ လပေါ်ဆင်းသက်မည့်အစီအစဉ် အသေးစိတ်အချက်အလက်များကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

အာကာသယာဉ်မှူးများ လမျက်နှာပြင်ပေါ် ဆင်းသက်ရေး အစီအစဉ်အရ တရုတ်အမျိုးသား အာကာသ အေဂျင်စီသည် လန်ယူလဆင်းယာဉ်နှင့် မင်ကျိုးအာကာသ လူသယ်ယာဉ်တို့ကို ကမ္ဘာနှင့် လကြားခံပတ်လမ်းပေါ်သို့ သီးခြားစီ လွှတ်တင်မည်ဖြစ်သည်။

ထို့နောက် အဆိုပါအာကာသ ယာဉ်နှစ်စင်းသည် လပတ်လမ်းပေါ်၌ ယှဉ်တွဲပျံသန်းမှုနှင့် တစ်စင်းနှင့်တစ်စင်း ချိတ်ဆက်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း တရုတ် အမျိုးသား အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

အာကာသယာဉ်နှင့်ချိတ်ဆက်နိုင်ခဲ့ပြီးနောက် မင်ကျိုးအာကာသယာဉ်ပေါ်မှ အာကာသယာဉ်မှူးများသည် လန်ယူလဆင်းယာဉ်ပေါ်သို့ တက်ရောက်၍ လမျက်နှာပြင်ပေါ် ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသား အာကာသအေဂျင်စီသည် လန်ယူလဆင်းယာဉ်နှင့် မင်ကျိုးအာကာသ လူသယ်ယာဉ်တို့ကို လောင်းမတ်၍-၁၀ ဒှဲးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်မတိုင်မီ လမျက်နှာပြင်ပေါ်သို့ ပထမဆုံး အာကာသယာဉ်မှူးများ စေလွှတ်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

နာဆာ၏ ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်က လာမည့်တစ်ပတ်အတွင်း ကမ္ဘာ့လေထုလွှာသို့ ပြန်လည်ဝင်ရောက်လာနိုင်

ဝါရှင်တန် နိုဝင်ဘာ ၃

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဆွစ်ဖ်အာကာသ ရေဒီယိုတယ်လီစကုပ်သည် လာမည့်တစ်ပတ်အတွင်း ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြန်လည်ဝင်ရောက်လာနိုင်ကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဆွစ်ဖ် အာကာသရေဒီယိုတယ်လီစကုပ်အနေဖြင့် နိုဝင်ဘာ ၆ ရက်ခန့်တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။

လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်ချိန်တွင် အလေးချိန်တစ်တန်ခွဲရှိ ဆွစ်ဖ်အာကာသ ရေဒီယိုတယ်လီစကုပ်၏ အစိတ်အပိုင်းအများစုမှာ လောင်ကျွမ်းပျောက်ကွယ်သွားဖွယ်ရှိပြီး အစိတ်အပိုင်းအနည်းငယ်မျှသာ ကမ္ဘာပေါ်သို့ ကျရောက်နိုင်ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။



ဆွစ်ဖ် အာကာသရေဒီယိုတယ်လီစကုပ် ကမ္ဘာ့လေထုလွှာအတွင်း ပြန်လည်ဝင်ရောက်နိုင်သည့် ဇုန်များထဲတွင် အာဖရိက၊ ဩစတြေးလျ၊ အိန္ဒိယ၊ အရှေ့တောင်အာရှ၊ အမေရိကအလယ်ပိုင်းနှင့် အမေရိကတောင်ပိုင်းတို့ ပါဝင်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် ဆွစ်ဖ် အာကာသ ရေဒီယိုတယ်လီစကုပ်ကို ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဆွစ်ဖ် အာကာသရေဒီယိုတယ်လီစကုပ်သည် မစ်ရှင်သက်တမ်း ၂၂ နှစ်တာကာလအတွင်း ဂမ်မာရောင်ခြည် ပေါက်ကွဲမှုများနှင့် ဈူပါနိုဗာကြယ်ပေါက်ကွဲမှုများကို လေ့လာစူးစမ်းခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

ဟားဂျင်းဂလက်စတစ်ကုမ္ပဏီက Apeiron အာကာသယာဉ်ကို နယူးမက္ကဆီကိုပြည်နယ်ရှိ စပေ့စ်ပို့အမေရိကအာကာသစခန်းသို့ ပို့ဆောင်ခဲ့

ဝါရှင်တန် နိုဝင်ဘာ ၃

အမေရိကန်နိုင်ငံ အခြေစိုက် ဟားဂျင်းဂလက်စတစ် ကုမ္ပဏီသည် Apeiron အာကာသယာဉ်ကို နယူးမက္ကဆီကိုပြည်နယ်ရှိ စပေ့စ်ပို့ အမေရိကအာကာသ စခန်းသို့ ပို့ဆောင်ခဲ့သည်ဟု နိုဝင်ဘာ ၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

ဟားဂျင်းဂလက်စတစ်ကုမ္ပဏီသည် Apeiron ဟူ၍ အမည်ပေးထားသော အဆိုပါ အာကာသယာဉ်ကို အောက်တိုဘာ ၂၈ ရက်က စပေ့စ်ပို့ အမေရိကအာကာသ စခန်းသို့ ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Aperion အာကာသယာဉ်ကို VMS Eve အမည်ရှိ လေယာဉ်ဖြင့် အရီဇိုနားပြည်နယ် မီဆာမြို့ရှိ အာကာသယာဉ်တည်ဆောက် ရေးစခန်းမှတစ်ဆင့် စပေ့စ်ပို့ အမေရိကအာကာသ စခန်းသို့ ပို့ဆောင်ခဲ့သည်ဟု ဟားဂျင်းဂလက်စတစ် ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဟားဂျင်းဂလက်စတစ်ကုမ္ပဏီသည်စပေ့စ်ပို့အမေရိကအာကာသစခန်း၌ Apeiron အာကာသယာဉ်ကို စစ်ဆေးစမ်းသပ်မှုများ ဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ဟားဂျင်းဂလက်စတစ်ကုမ္ပဏီသည် Apeiron အာကာသယာဉ်ကို ၂၀၂၇ ခုနှစ် နွေဦးရာသီတွင် စတင်ပျံသန်းရန် စီစဉ်ထားသည်။

ထိုသို့ပျံသန်းရာတွင် VMS Eve လေယာဉ်သည်Apeiron အာကာသယာဉ်ကို အမြင့်ပေ ၄၅၀၀၀ ထိ သယ်ယူပြီးနောက် ဝေဟင်မှ တစ်ဆင့် လွှတ်တင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

အော်တစ်ဇင်ရောဂါရှိသူ သက်ကြီးပိုင်းလူနာများ ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေမြင့်မား

နယူးယောက် နိုဝင်ဘာ ၃

အော်တစ်ဇင်ရောဂါရှိနေသည့် သက်ကြီးပိုင်းများ၌ ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ မြင့်မားကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ကျော်ဝါရှင်တန်တက္ကသိုလ်မှ သုတေသန ပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အော်တစ်ဇင်ရောဂါရှိနေသည့် အသက် ၄၅ နှစ်နှင့်အထက် လူနာများအနက် ၃ ဒသမ ၈ ရာခိုင်နှုန်းခန့်တွင် ပါကင်ဆန်ရောဂါနှင့် ဆက်စပ်နေသည့် ရောဂါလက္ခဏာများရှိနေတတ်ကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက အော်တစ်ဇင်ရောဂါ မရှိသူများအနက် ၁ ဒသမ ၆ ရာခိုင်နှုန်းခန့်တွင် ပါကင်ဆန်ရောဂါလက္ခဏာများ ပေါ်ထွက်လာတတ်သည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ အဆိုအရ အော်တစ်ဇင်ရောဂါနှင့် ဉာဏ်ရည်ချို့တဲ့မှု ပြဿနာနှစ်မျိုးစလုံးရှိသူ လူ ၁၀၀၀၀၀ လျှင် ပါကင်ဆန်ရောဂါ ပေါ်ထွက်သူ ၁၃၄၁ ဦးထိ ရှိနေကြောင်း သိရသည်။

အော်တစ်ဇင်ရောဂါတစ်မျိုးတည်းရှိနေသူများတွင်မူ လူနာ ၁၀၀၀၀၀ လျှင် ၉၇၇ ဦးတို့၌ ပါကင်ဆန်ရောဂါ ဖြစ်လာသည်ကို တွေ့ရသည်ဟု အမေရိကန်သုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

တို့ဖတ်နမူနာယူစစ်ဆေးမှုနည်းဖြင့် သားအိမ်ကင်ဆာ ရှိ၊ မရှိကို ဖော်ထုတ်နိုင်ဖွယ်ရှိ

နယူးယောက် နိုဝင်ဘာ ၃

ရိုးစင်းသော တို့ဖတ်နမူနာယူစစ်ဆေးနည်းဖြင့် အသားစထုတ်ယူစစ်ဆေးရန်မလိုဘဲ အမျိုးသမီးများ၌ သားအိမ်ကင်ဆာရောဂါရှိ၊ မရှိကို ဖော်ထုတ်နိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ နိုဝင်ဘာ ၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ တို့ဖတ်နမူနာယူစစ်ဆေးမှုနည်းကို အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အခြေစိုက် Pink DX ဇီဝနည်းပညာကုမ္ပဏီက ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

ၦင်းတို့ဖတ်နမူနာယူစစ်ဆေးမှုကို ဓမ္မတာရာသီကုန်ဆုံးပြီးနောက် သွေးယိုမှုကဲ့သို့ လက္ခဏာများပေါ်နေသော အမျိုးသမီးများ၌ သားအိမ်ကင်ဆာရောဂါ ရှိ၊ မရှိ စစ်ဆေးရာတွင် အသုံးပြုနိုင်ကြောင်း၊ သာမန်အားဖြင့် သားအိမ်ကင်ဆာရောဂါ ရှိ၊ မရှိ စစ်ဆေးရာတွင် သားအိမ်အတွင်းရှိ အသားစနမူနာများကိုထုတ်ယူစစ်ဆေးလေ့ရှိရာ လူနာများအနေဖြင့် နာကျင်မှုဝေဒနာ ခံစားရတတ်ကြောင်း သိရသည်။

သားအိမ်အတွင်းရှိ ကင်ဆာဆဲလ်များ၊ မျိုးဗီဇပစ္စည်းများကို ထုတ်ပေးတတ်ရာ ၎င်းမျိုးဗီဇပစ္စည်းများကို တို့ဖတ်နမူနာယူ၍ ဓာတ်ခွဲခန်းအတွင်း စစ်ဆေးဖော်ထုတ်နိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Pink DX ကုမ္ပဏီမှ သုတေသနပညာရှင်များသည် ၎င်းတို့၏ တို့ဖတ်နမူနာယူမှုပုံစံဖြင့် အမျိုးသမီး ၂၇ ဦးကို လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြရာ သားအိမ်ကင်ဆာ၏ မျိုးဗီဇလက္ခဏာများကို ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



ဘိုင်ယန်မြူးနစ်အသင်းက ဟယ်ရီကိန်းကို ၂၀၂၉ ခုနှစ် ဇွန်လထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

ဘာလင် နိုဝင်ဘာ ၃

ဘိုင်ယန်မြူးနစ် အသင်းက အဓိက ကစားသမားတစ်ဦးဖြစ်သည့် ဟယ်ရီကိန်းကို ၂၀၂၉ ခုနှစ် ဇွန်လထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း Sky Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဟယ်ရီကိန်းသည် ၂၀၂၃ ခုနှစ်က စပါးအသင်းမှ ဘိုင်ယန်မြူးနစ် အသင်းသို့ ပြောင်းရွှေ့ပြီးနောက် အသင်းနှင့်အတူ ဘောလုံးရာသီ တိုင်းတွင် အကောင်းဆုံးခြေစွမ်း ပြသခဲ့ပြီး ပြီးခဲ့သည့် ဘောလုံးရာသီက ပြသခဲ့သည့် ခြေစွမ်းများကြောင့် ၂၀၂၆ ခုနှစ်အတွက် Ballon d'Or ဆုကိုပါ ဆွတ်ခူးခဲ့သူ ဖြစ်သည်။

ဘိုင်ယန်မြူးနစ် အသင်းနှင့် ဟယ်ရီကိန်းတို့စာချုပ် သက်တမ်းမှာ ယခုနှစ်ဘောလုံးရာသီအကုန် ၂၀၂၇ ခုနှစ် ဇွန်လအကုန်တွင် ကုန်ဆုံးမည် ဖြစ်သည့်အတွက် ဘိုင်ယန်မြူးနစ် အသင်းက သက်တမ်းတိုး စာချုပ်သစ် ချုပ်ဆိုရန် ဆွေးနွေးခဲ့ရာမှ ၂၀၂၉ ခုနှစ် ဇွန်လထိ စာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

ဟယ်ရီကိန်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘိုင်ယန်မြူးနစ် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၅၆ ပွဲတွင် သွင်းဂိုး ၆၄ ဂိုးထိ သွင်းယူခဲ့ပြီးနောက် တစ်ဦးချင်းဆုများ အဖြစ် ဂျာမန်ဘွန်ဒက်လီဂါ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆု၊ ဂျာမန်ဘွန်ဒက်လီဂါ သွင်းဂိုးအများဆုံး ကစားသမားဆု၊ ဥရောပတစ်နှစ်တာသွင်းဂိုး အများဆုံး ကစားသမားဆုဖြစ်သည့် ရွှေဖိနပ်ဆုတို့အပြင် ၂၀၂၆ ခုနှစ်အတွက် Ballon d'Or ဆုကိုပါ ဆွတ်ခူးခဲ့သူ ဖြစ်ကြောင်း သိရသည်။

Ref : Sky Sports
Trs : STA

မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၂၂)တွင် ရန်ကုန်စီးတီးအသင်းအနိုင်ရပြီး သစ္စာအားမာန်အသင်းနှင့် ချင်းလန်းအက်ဖ်စီအသင်းတို့ သရေရလဒ်ထွက်ပေါ်



ရန်ကုန် နိုဝင်ဘာ ၃

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၂၂)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ရန်ကုန်စီးတီးအသင်းအနိုင်ရပြီး သစ္စာအားမာန်အသင်းနှင့် ချင်းလန်းအက်ဖ်စီအသင်းတို့ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ် (၂၂)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သီဟဒီပအားကစားကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်းတို့ကစားခဲ့ရာ ရန်ကုန်စီးတီးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ရန်ကုန်စီးတီးအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၆၁ မိနစ်တွင် ထွန်းလင်းအော၊ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီးအချိန်ပိုတစ်မိနစ်တွင် ထက်အာကာဝင်းတို့က သွင်းယူခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၈၁ မိနစ်တွင် မျိုးမင်းခန့်က သွင်းယူခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက တောင်ဒဂုံအားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ချင်းလန်းအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ဂိုးမရှိ သရေလဒ်ထွက်ပေါ်ခဲ့သည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ် (၂၂) ပွဲစဉ်များအဖြစ် နိုဝင်ဘာ ၄ ရက် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းအားကစားကွင်း၌ ဖယ်ကွန် အက်ဖ်စီအသင်းနှင့် ဟံသာဝတီ ယူနိုက်တက်အသင်းတို့ ဆက်လက် ကစားမည်ဖြစ်ကြောင်း သိရသည်။

STA

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့် Manulife Sepaktakraw Challenge Cup ပိုက်ကျော်ခြင်းပြိုင်ပွဲ ဒီဇင်ဘာ ၈ ရက်မှစတင်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃

မြန်မာ့ပိုက်ကျော်ခြင်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ် အားကစားသမား ကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပမည့် Manulife Sepaktakraw Challenge Cup ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဒီဇင်ဘာ ၈ ရက်မှ ၁၁ ရက်ထိ ကျင်းပမည်ဟု မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Manulife Sepaktakraw Challenge Cup ပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားများအဖြစ် အလွတ်တန်း အမျိုးသားနှစ်ယောက်တွဲ၊ အသက် ၂၅ နှစ်အောက် အမျိုးသားလေးယောက်တွဲ၊ အမျိုးသမီးသုံးယောက်တွဲ ပြိုင်ပွဲတို့ပါဝင်ပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အသက ၂၅ နှစ်အောက် အမျိုးသားလေး ယောက်တွဲ ပြိုင်ပွဲတွင် SEA Games၊ Asian Games ပြိုင်ပွဲများတွင် နိုင်ငံကိုယ်စားပြုပါဝင်ခဲ့ဖူးသူများ ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ဘဲ အလွတ်တန်း အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲတွင် မည်သူမဆိုပါဝင် ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

အမျိုးသမီး သုံးယောက်တွဲ ပြိုင်ပွဲတွင် SEA Games၊ Asian Games ပြိုင်ပွဲများ၌ နိုင်ငံကိုယ်စားပြုပါဝင်ခဲ့ဖူးသူ လက်ရွေးစင်ကစားသမားများကိုပြိုင်ပွဲဝင်မည့် အသင်းတစ်သင်း၌ လက်ရွေးစင်နှစ်ဦးထိ ပါဝင်နိုင်မည်ဖြစ်ပြီး ယှဉ်ပြိုင်ကစားနေစဉ် လက်ရွေးစင်ကစားသမားတစ်ဦးသာ ကွင်းအတွင်း ယှဉ်ပြိုင်ခွင့်ရရှိမည် ဖြစ်သည်။

ဆုကြေးငွေများအဖြစ် အလွတ်တန်း အမျိုးသားနှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမဆု ငွေကျပ်သိန်း ၅၀၊ ဒုတိယဆု သိန်း ၃၀၊ တတိယဆု သိန်း ၂၀၊ စတုတ္ထဆု ၁၀ သိန်း၊ အသက် ၂၅ နှစ်အောက် အမျိုးသားလေးယောက်တွဲ ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ၃၅ သိန်း၊ ဒုတိယဆု သိန်း ၃၀၊ တတိယဆု သိန်း ၂၀၊ စတုတ္ထဆု ၁၀ သိန်း၊ အသက် ၂၅ နှစ်အောက် အမျိုးသားလေးယောက်တွဲ ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ၃၀၊ ဒုတိယဆု သိန်း ၃၀၊ တတိယဆု သိန်း ၂၀၊ စတုတ္ထဆု ၁၀ သိန်း၊ အသက် ၂၅ နှစ်အောက် အမျိုးသမီးသုံးယောက်တွဲ ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် သိန်း ၃၀၊ ဒုတိယဆု သိန်း ၂၀၊ တတိယဆု ၁၀ သိန်း၊ စတုတ္ထဆု ငါးသိန်း၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆု ငွေကျပ် သိန်း ၃၀၊ ဒုတိယဆု သိန်း ၂၀၊ ပူးတွဲတတိယဆု ငါးသိန်းစီ ချီးမြှင့် ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

STA

ပဲရစ်မာစတာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဒဏ်ရာကြောင့် ကိုဘိုလီနုတ်ထွက်ခဲ့ပြီး တိယန်တီ အစားထိုးဝင်ရောက်ကစားမည်



ရောမ နိုဝင်ဘာ ၃

အီတလီ တင်းနစ်ကစားသမား ကိုဘိုလီသည် ဘယ်ဘက် ခြေထောက် ကြွက်သားဒဏ်ရာ သက်သာခြင်း မရှိသည့်အတွက် ပဲရစ်မာစတာအိုးပင်း တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်သည်ဟု ယနေ့တွင် ကြေညာခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

ကိုဘိုလီသည် ပြီးခဲ့သည့် အောက်တိုဘာ ၂၈ ရက်က ဗီယင်နာအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် ဘယ်ဘက်ခြေထောက်ကြွက်သား ဒဏ်ရာရရှိခဲ့ပြီးနောက် ဆေးဝါးကုသမှုများ လုပ်ဆောင်ခဲ့သော်လည်း သက်သာလာခြင်းမရှိသည့် အတွက် ပဲရစ်မာစတာ ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် အာဂျင်တီးနားတင်းနစ် ကစားသမားတီယန်တီသည် ပဲရစ်မာစတာအိုးပင်း တင်းနစ်ပြိုင်ပွဲတွင် လက်ရည်စစ်အဆင့်အောင် မြင်ခြင်းမရှိခဲ့သော်လည်း ကိုဘိုလီ နုတ်ထွက်ခဲ့သည့်အတွက် ၎င်း၏ နေရာတွင် အစားထိုးဝင်ရောက် ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ကိုဘိုလီသည် ကမ္ဘာ့အဆင့်(၆) နေရာတွင် ရပ်တည် နေသော်လည်း ယခုပြိုင်ပွဲမှ နုတ်ထွက်ခဲ့သည့်အတွက် ရာသီအကုန်တွင် ကျင်းပမည့် ATP Finals တင်းနစ်ပြိုင်ပွဲဝင်ရောက်ခွင့်ရရှိရန် မရေမရာဖြစ်လာခဲ့ခြင်းဖြစ်သည်။

ATP Finals တင်းနစ်ပြိုင်ပွဲကို ရာသီအကုန်တွင် ကမ္ဘာ့အဆင့်(၁)မှ အဆင့်(၈)နေရာ၌ ရပ်တည်နိုင်သည့် ကစားသမားများသာ ကစားခွင့် ရရှိမည်ဖြစ်ကြောင်း သိရသည်။

Ref : AGTP Tennis
Trs : STA

LET Order of Merit ဆုကို တောင်အာဖရိကဂေါက်သီးရိုက်မယ် အလက်ဇန်းဒါးဆွတ်ခူး

ကိပ်တောင်း နိုဝင်ဘာ ၃

တောင်အာဖရိက ဂေါက်သီးရိုက်မယ် အလက်ဇန်းဒါးသည် 2026 Ladies European Tour (LET)၏ တစ်နှစ်တာအကောင်းဆုံး ဆုဖြစ်သည့် Order of Merit ဆုကို ဆွတ်ခူးခဲ့ကြောင်း Ladies Tour သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အလက်ဇန်းဒါးသည် ပြီးခဲ့သည့် ရက်ပိုင်းက ကျင်းပခဲ့သည့် Wistron Ladies Open အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ချန်ပီယံဆု ဆွတ်ခူးခဲ့ပြီးနောက် ယခုနှစ် အမျိုးသမီးဂေါက်သီးရိုက် ရာသီတွင် 2026 Ladies European Tour (LET)၏ တစ်နှစ်တာ အကောင်းဆုံးဆုဖြစ်သည့် Order of Merit ဆုကို ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။



အလားတူ အသက် ၂၇ နှစ်ရှိ အလက်ဇန်းဒါးသည် Wistron Ladies Open အမျိုးသမီးဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆု ဆွတ်ခူးခဲ့ပြီးနောက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်များလည်း မြင့်တက်လာခဲ့ပြီး အဆင့်(၂၇) နေရာ ထိရောက်ရှိလာခဲ့ကာ ၎င်း၏ ပရော်ဖက်ရှင် ကစားသမားဘဝ တွင် အမြင့်ဆုံးကမ္ဘာ့အဆင့်သတ် မှတ်ချက်နေရာ ရောက်ရှိလာခဲ့ ခြင်းဖြစ်သည်။

အလက်ဇန်းဒါးသည် ယခုနှစ် ဂေါက်သီးရိုက်ရာသီတွင် Women's Irish၊ Ladies Italian Open၊ Wistron Ladies Open ဂေါက်သီးရိုက်ပြိုင်ပွဲတို့တွင် ချန်ပီယံဆုများ ဆွတ်ခူးခဲ့ပြီးနောက် အခြားကမ္ဘာ့အဆင့် ဂေါက်သီးရိုက်မယ်များကို ကျော်ဖြတ်ကာ2026 Ladies European Tour(LET)၏ တစ်နှစ်တာ အကောင်းဆုံးဆုဖြစ်သည့် Order of Merit ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ် ကြောင်း သိရသည်။

Ref : Ladies Tour
Trs : STA

နိုဝင်ဘာလအတွက် ကမ္ဘာ့လက်ဝှေ့အဆင့်သတ်မှတ်ချက်တွင် ကာနယ်လိုနှင့် ဖော်စတာတို့ အဆင့် (၁၀) အတွင်း ပြန်လည်ဝင်ရောက်



ဝါရှင်တန် နိုဝင်ဘာ ၃

နိုဝင်ဘာလအတွက် ကမ္ဘာ့လက်ဝှေ့အဆင့် သတ်မှတ်ချက်တွင် မက္ကဆီကို လက်ဝှေ့သမားကာနယ်လိုနှင့် အမေရိကန်လက်ဝှေ့သမား ဖော်စတာတို့ အဆင့်(၁၀)အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြောင်း World Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ကျင်းပခဲ့သည့်ပြိုင်ပွဲများအပြီး နိုဝင်ဘာလအတွက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် အပြောင်းအလဲများ ရှိခဲ့ပြီး ကာနယ်လိုနှင့် ဖော်စတာတို့က ကမ္ဘာ့အဆင့်(၁၀) နေရာအတွင်း ပြန်လည် ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။

ကာနယ်လိုသည် အောက်တိုဘာလက ပြင်သစ်လက်ဝှေ့သမား အမ်ဘီလီနှင့် ထိုးသတ်ခဲ့ရာ အနိုင်ရပြီး WBC စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ် ပြန်လည်ရရှိခဲ့ပြီးနောက် ကမ္ဘာ့အဆင့်သတ်မှတ်ချက် ပြန်လည်မြင့်တက်လာခဲ့ကာ အဆင့်(၁၀) နေရာတွင် ရပ်တည်ခဲ့ခြင်း ဖြစ်သည်။

အလားတူ ဖော်စတာသည်လည်း အောက်တိုဘာလက WBC၊ WBO၊ IBF စူပါဖယ်သာဝိတ်တန်း ချန်ပီယံခါးပတ် ပေါင်းစည်းပွဲစဉ်တွင် မက္ကဆီကိုလက်ဝှေ့သမား နာဗာရက်တီကို အနိုင်ရပြီးနောက် ကမ္ဘာ့အဆင့်သတ်မှတ်ချက် မြင့်တက်လာခဲ့ပြီး အဆင့်(၉)နေရာ ရပ်တည်ခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာလအတွက် ကမ္ဘာ့လက်ဝှေ့အဆင့် သတ်မှတ်ချက်၌ ကမ္ဘာ့အဆင့်(၁)နေရာတွင် ဂျပန်လက်ဝှေ့သမား နာအိုယာက ဆက်လက် ရပ်တည်နေကြောင်း သိရသည်။

Ref : World Boxing

Trs : STA

၂၀၂၇ အာရှဖလား ယူ-၁၇ ပြိုင်ပွဲခြေစစ်ပွဲမှ မြန်မာအသင်း၏ အုပ်စုပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၃

၂၀၂၇ အာရှဖလား ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲမှ မြန်မာအသင်း ပါဝင်ယှဉ်ပြိုင်မည့် အုပ်စုပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်းသိရသည်။

မြန်မာအသင်း ပါဝင်ယှဉ်ပြိုင်မည့် ၂၀၂၇ အာရှဖလား ယူ-၁၇ ပြိုင်ပွဲခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ပြီးခဲ့သည့် ဩဂုတ် ၂၇ ရက်က အာရှဘောလုံးအဖွဲ့ချုပ် (AFC) ရုံးအခြေစိုက်ရာ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အာရှဘောလုံးအဖွဲ့ချုပ် (AFC) သည် ၂၀၂၇ အာရှဖလား ယူ-၁၇ ပြိုင်ပွဲတွင် ခြေစစ်ပွဲဝင်အသင်း ၃၅ သင်းကို ငါးသင်း ခုနစ်အုပ်စု ခွဲထားပြီး အုပ်စုတစ်ခုလျှင် အိမ်ရှင်တစ်နိုင်ငံရွေးချယ်ကာ ပြိုင်ပွဲခြေစစ်ပွဲကို နိုဝင်ဘာ ၈ ရက်မှ ၂၀ ရက်ထိ ကျင်းပမည်ဖြစ်သည်။

၂၀၂၇ အာရှဖလား ယူ -၁၇ ပြိုင်ပွဲခြေစစ်ပွဲကို အိမ်ရှင်နိုင်ငံများအဖြစ် မြန်မာ၊ ထိုင်း၊ မလေးရှား၊ လာအို၊ ယူအေအီး၊ အိုမန်၊ ကာဂျစ်စတန်တို့က လက်ခံကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် ၂၀၂၇ အာရှဖလား ယူ- ၁၇ ပြိုင်ပွဲခြေစစ်ပွဲတွင်အုပ်စု(A)၌ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ အာဖဂန်နစ္စတန်၊ ကမ္ဘောဒီးယား အသင်းတို့နှင့် ကျရောက်နေသည်။

အဆိုပါခြေစစ်ပွဲတွင် အုပ်စုတစ်ခုစီမှ ထိပ်ဆုံး၌ရပ်တည်နိုင်မည့် အသင်းတစ်သင်းစီသာ ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်ကြောင်း သိရသည်။ STA

အာရှဘောလုံးအဖွဲ့ချုပ်(AFC)က ဆော်ဒီအာရေဗျနိုင်ငံတွင်ကျင်းပမည့် အာရှဖလားအမျိုးသားဘောလုံးပြိုင်ပွဲကို ရွှေ့ဆိုင်းကြောင်းကြေညာ

ကွာလာလမ်ပူ နိုဝင်ဘာ ၃

အာရှဘောလုံးအဖွဲ့ချုပ်(AFC)က ဒေသတွင်းလုံခြုံရေးအခြေအနေများကြောင့် ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပမည့် ၂၀၂၇ခုနှစ် အာရှဖလား အမျိုးသားဘောလုံးပြိုင်ပွဲကို ရွှေ့ဆိုင်းသည်ဟု ယနေ့တွင် ကြေညာခဲ့ကြောင်း ASEAN Football သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

၂၀၂၇ ခုနှစ် အာရှဖလားအမျိုးသားဘောလုံးပြိုင်ပွဲကို အစောပိုင်းက လာမည့် ၂၀၂၇ ခုနှစ် ဇန်နဝါရီလတွင် ဆော်ဒီအာရေဗျနိုင်ငံ၌ ကျင်းပရန် စီစဉ်ထားခြင်းဖြစ်သည်။

သို့သော် လက်ရှိတွင် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့ရှိ နိုင်ငံတကာလေဆိပ်ကို တိုက်ခိုက်မှုများရှိနေသည့်အတွက် ပြိုင်ပွဲကျင်းပရန် လုံခြုံရေးပိုင်းနှင့် ပတ်သက်ပြီး စိတ်ချရခြင်းမရှိသဖြင့် အာရှဘောလုံးအဖွဲ့ချုပ်က ပြိုင်ပွဲကို ရွှေ့ဆိုင်းကျင်းပရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက အာရှဘောလုံးအဖွဲ့ချုပ်က ၂၀၂၇ ခုနှစ် အာရှဖလား အမျိုးသားဘောလုံးပြိုင်ပွဲကို လာမည့် ဇန်နဝါရီ ၇ ရက်မှ ဖေဖော်ဝါရီ ၅ ရက်ထိကျင်းပရန် စီစဉ်ထားသော်လည်း ယခုအခါ ပြိုင်ပွဲကို ၂၀၂၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ၂၀၂၈ခုနှစ် ဇန်နဝါရီ ၂၁ရက်ထိကျင်းပရန် ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref : ASEAN Football

Trs : STA

LFC1 ပြိုင်ပွဲအတွက် လက်မှတ်ဈေးနှုန်းများကို VIP လက်မှတ်များမှလွဲ၍ ကျန်လက်မှတ်ဈေးနှုန်းများကို ၅၀ ရာခိုင်နှုန်းထိ ပြန်လည်လျှော့ချ



ရန်ကုန် နိုဝင်ဘာ ၃

LFC အဖွဲ့ချုပ်က LFC1 မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲအတွက် လက်မှတ်များကို စတင်ရောင်းချနေပြီဖြစ်ပြီး အနိမ့်ဆုံးငွေကျပ် ၄၅၀၀၀ မှ အမြင့်ဆုံးငွေကျပ် ၄၀၀၀၀၀ ထိ သတ်မှတ်ထားသော်လည်း VIP လက်မှတ်များမှလွဲ၍ ကျန်လက်မှတ်ဈေးနှုန်းများကို ယနေ့တွင် ၅၀ ရာခိုင်နှုန်းထိ ပြန်လည်လျှော့ချခဲ့ကြောင်း သိရသည်။

LFC အဖွဲ့ချုပ်သည် LFC1 မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲအတွက် လက်မှတ်ဈေးနှုန်းများများကို အစောပိုင်းက ငွေကျပ် ၄၅၀၀၀၊ ၆၉၀၀၀၊ ၉၀၀၀၀၊ ၁၂၅၀၀၀၊ ၂၅၀၀၀၀၊ ၃၀၀၀၀၀၊ ၃၅၀၀၀၀၊ ၄၀၀၀၀၀ ဟူ၍ အမျိုးအစားရှစ်မျိုး သတ်မှတ်ထားခြင်းဖြစ်ပြီး VIP လက်မှတ်ဈေးနှုန်းများကို ငွေကျပ် ၃၀၀၀၀၀၊ ၃၅၀၀၀၀၊ ၄၀၀၀၀၀ သတ်မှတ်ထားခြင်းဖြစ်သည်။

သို့သော် လက်မှတ်ဈေးနှုန်းကြီးမြင့်မှုများကြောင့် ဝေဖန်မှုများ မြင့်တက်လာခဲ့သည့်အတွက် LFC အဖွဲ့ချုပ်ဥက္ကဋ္ဌ နစ်ချက်မန်းက ကျန်လက်မှတ်ဈေးနှုန်းများကို ၅၀ ရာခိုင်နှုန်းထိ လျှော့ချပေးခဲ့ခြင်းဖြစ်သည်။

LFC အဖွဲ့ချုပ်သည် LFC1 မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို နိုဝင်ဘာ ၁၄ ရက်တွင် ရန်ကုန်မြို့ရှိ Hexagon Complex ၌ ကျင်းပမည်ဖြစ်ပြီး တွဲဆိုင်းကိုးဆိုင်းအနက် အမျိုးသမီးတွဲဆိုင်းနှစ်ဆိုင်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

၂၀၂၆ ခုနှစ် ကမ္ဘာ့နေရာအလိုက်တစ်နှစ်တာအကောင်းဆုံး ကစားသမား ၁၁ ဆုအတွက် ဆန်ခါတင် ၂၆ ဦး စာရင်းထုတ်ပြန်



ဇူးရစ် နိုဝင်ဘာ ၃

ကမ္ဘာ့ ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ၂၀၂၆ ခုနှစ် ကမ္ဘာ့တစ်နှစ်တာနေရာအလိုက် အကောင်းဆုံး ကစားသမား ၁၁ ဦးဆုအတွက် ဆန်ခါတင်၂၆ ဦးစာရင်းကို ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

အဆိုပါဆုအတွက် ဆန်ခါတင် ကစားသမား ၂၆ ဦးစာရင်းတွင် လက်ရှိ ဘောလုံးလောက၌ အအောင်မြင်ဆုံး ကစားသမား နှစ်ဦးအဖြစ် ရပ်တည်နေသည့် အင်တာမီယာမီအသင်းမှ မက်ဆီနှင့် အယ်လ်နာဆာအသင်းမှ စီရော်နယ်ဒိုတို့လည်း ပါဝင်လာခဲ့သည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့တစ်နှစ်တာနေရာအလိုက် အကောင်းဆုံးကစားသမား ၁၁ဦးဆုအတွက်ဆန်ခါတင် ၂၆ ဦးစာရင်းမှ ဂိုးသမားနေရာ၌ စပိန်အသင်းနှင့် ကမ္ဘာ့ဖလားချန်ပီယံဆု ဆွတ်ခူးခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သည့် ဘီလ်ဘာအိုအသင်းမှ ဂိုးသမားဆိုင်မွန်က ပါဝင်လာခြင်းမရှိဘဲ ရီးရဲလ်မက်ဒရစ်အသင်းမှ ကော့တွိုက်၊ ချဲလ်ဆီးအသင်းမှ မာတီနက်၏၊ အာဆင်နယ်အသင်းမှ ရာယာတို့ ပါဝင်လာခဲ့သည်။

အခြား ကစားသမားများအဖြစ် ဘာစီလိုနာအသင်းမှ ကူဘာစီ၊ ပက်ဒရီ၊ လမိုင်းယာမယ်၊ ရိုဒရီ၊ ရီးရဲလ်မက်ဒရစ်အသင်းမှ ကူကူရယ်လာ၊ ဘယ်လင်ဟမ်၊ အမ်ဘတ်ပီ၊ ပီအက်စ်ဂျီအသင်းမှ ဟာကီမီ၊ ဗီတင်ဟာ၊ မန်ဒက်၊ ခါဗာရက်ခီလီယာ၊ ဘိုင်ယန်မြူးနစ်အသင်းမှ ဟယ်ရီကိန်း၊ အိုလီဆီ၊ အူပါမီကာနို၊ မန်စီးတီးအသင်းမှ ဟာလန်း၊ အန်ဇိုဖာနန်ဒက်၊ အာဆင်နယ်အသင်းမှ ဒီကလန်ရိုက်၊ ဂါဘရီရယ်၊ ဆလီဘာ၊ လီဗာပူးအသင်းမှ ဗန်ဒိုက်၊ မန်ယူအသင်းမှ ဘရူနိုဖာနန်ဒက်တို့ ပါဝင်လာခဲ့သည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့တစ်နှစ်တာနေရာအလိုက် အကောင်းဆုံး ကစားသမား ၁၁ ဦးဆုကို ပရိသတ်များထံမှ ဆန္ဒမဲကောက်ယူရွေးချယ်ခြင်းမဟုတ်ဘဲ ကစားသမားများက ဆန္ဒမဲပေးကာ ရွေးချယ်ရမည်ဖြစ်ပြီး နိုဝင်ဘာ ၉ ရက်တွင် ကြေညာ မည်ဖြစ်ကြောင်း သိရသည်။

Ref : 365 Scores

Trs : STA

ဥနှင့်အသား ပိုမိုထွက်ရှိရေး ဘဲမွေးမြူရေးလုပ်ငန်းများကိုအားပေး

ထက်ဝေအောင်(စစ်ကိုင်း)



လူသားများသည် ဈေးနှုန်းသက်သာသော ကြက်ဥ၊ ဘဲဥကို နေ့စဉ်အာဟာရ ဟင်းချက်စရာ အဖြစ် စားသုံးကြပေသည်။ ကြက်ဥကို အများဆုံး စားသုံးကြသော်လည်း ဘဲဥ၊ ငုံးဥစားသုံးမှုမှာ နည်းပါးလှသည်။ ပုံမှန်အားဖြင့် ဘဲဥတစ်လုံး၏အရွယ်အစားသည် ကြက်ဥတစ်လုံးထက် အနည်းငယ်ကြီးသည်။ အာဟာရရရှိမှုအနေဖြင့် ဘဲဥတစ်လုံး စားသုံးခြင်းသည် ကြက်ဥတစ်လုံးခွဲ သို့မဟုတ် နှစ်လုံး စားသုံးခြင်းနှင့်ညီမျှသည်။ ဘဲဥများ၏ အခွံအရောင်သည် ဘဲမျိုးစိတ်၊ စားသုံးသည့်အစာ၊ နေထိုင်ကြီးပြင်းရာ ပတ်ဝန်းကျင်နှင့် မျိုးရိုးဗီဇတို့အပေါ်မူတည်၍ ကွဲပြားခြားနားနိုင်သည်။ အများအားဖြင့် ကြက်ဥအနှစ်သည် အဝါရောင်ဖျော့ဖျော့ သို့မဟုတ် အဝါရောင်ဖြစ်သော်လည်း ဘဲဥအနှစ်မှာ လိမ္မော်ရောင်ကဲ့သို့ရှိပေသည်။ ဘဲဥအနှစ်များသည် အရွယ်အစား ပိုကြီးမားလေ့ရှိသော်လည်း ဘဲဥနှင့် ကြက်ဥ၏ အရသာချင်းဆင်တူသည်။

ဘဲဥနှင့် ကြက်ဥသည် ပရိုတင်းဓာတ်ကြွယ်ဝစွာ ပါဝင်ပြီး အဆီဓာတ်လည်း ကောင်းမွန်စွာပါရှိပေသည်။ ဗီတာမင်နှင့် သတ္တုဓာတ်များစွာ ပါဝင်ပြီး Choline၊ Riboflavin၊ Selenium၊ ဗီတာမင်–A နှင့် ဗီတာမင်–B12 ပါဝင်သည်။ ကြက်ဥနှင့် ဘဲဥနှစ်မျိုးစလုံးသည် အာဟာရဓာတ်ပြည့်ဝသော်လည်း ဘဲဥများတွင် ကြက်ဥထက် Folate၊ သံဓာတ်နှင့် ဗီတာမင် B12 ပိုမိုပါဝင်လေ့ရှိသည်။ ဘဲဥတစ်လုံးတွင် လူခန္ဓာကိုယ်အတွက် လိုအပ်သောဗီတာမင် B12 ပါရှိသည်။ ခန္ဓာကိုယ်သည် DNA တည်ဆောက်ခြင်းနှင့် သွေးနီဥဆဲလ်အသစ်များ ဖန်တီးခြင်းကဲ့သို့သော လုပ်ငန်းစဉ်များအတွက် ဗီတာမင် B12သည် လိုအပ်သည်။ ကြက်ဥနှင့် ဘဲဥမှရရှိသည့် အခြားပရိုတင်းများသည် ရောဂါပိုးမွှားများကို တိုက်ဖျက်နိုင်ခြင်း၊ ဓာတ်တိုးဆန့်ကျင်ခြင်း(Antioxidant) နှင့် ကင်ဆာဖြစ်ပွားမှုကို ဟန့်တားနိုင်စွမ်းရှိသည်ဟု သိပ္ပံပညာရှင်များက ယူဆကြသည်။ လူအများသည် ကြက်ဥ၊ ဘဲဥအကာတွင်သာ ပရိုတင်းဓာတ် ပါဝင်သည့်အပြင် အနှစ်တွင်လည်း ပရိုတင်းဓာတ်များစွာပါဝင်သော်လည်း အကာနှင့်နှိုင်းယှဉ်ပါက အနည်းငယ်သာ လျော့နည်းသည်ကိုတွေ့ရသည်။

အရှေ့တောင်အာရှဒေသများတွင် ဘဲသားကို ကင်၍ဖြစ်စေ၊ ပြုတ်၍ဖြစ်စေ ကျယ်ကျယ်ပြန့်ပြန့် စားသုံးကြလေ့ရှိသည်။ တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ဘဲသားနှင့် ဘဲကင်ထုတ်လုပ်မှု၊ စားသုံးမှုအများဆုံးနိုင်ငံဖြစ်သည်။

ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့တွင် ဘဲကင်ဆိုင်များနှင့် လမ်းဘေးအစားအစာများအဖြစ် အလွယ်တကူဝယ်ယူစားသုံးနိုင်ပေသည်။ ဥရောပတွင် ဘဲသားစားသုံးမှုအမြင့်မားဆုံးနှင့် ယဉ်ကျေးမှုအရ အရေးပါဆုံးနိုင်ငံများဖြစ်သည်။ အင်္ဂလန်၊ ပိုလန်၊ ရုရှားနှင့် ကိုရီးယားနိုင်ငံများတွင်မူ ဘဲသားကို စွပ်ပြုတ်၊ အကင်ပုံစံမျိုးစုံဖြင့် ချက်ပြုတ်စားသောက်လေ့ရှိပေသည်။

မြန်မာနိုင်ငံတွင်လည်း ကြက်ဥနှင့်ကြက်သား၊ ဘဲဥနှင့် ဘဲသားကို တွင်ကျယ်စွာ စားသုံးကြပေသည်။ မြို့ကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေးအစရှိသည့်မြို့များတွင် ဘဲကင်ဆိုင်များကို တွေ့ရလေ့ရှိသည်။ ဘဲကင်ကို ထမင်း၊ ခေါက်ဆွဲတို့နှင့် တွဲဖက်စားသုံးကြပြီး အထူးပွဲလမ်းသဘင်များ၊ စားသောက်ဆိုင်များတွင် လူတန်းစားမရွေး နှစ်ခြိုက်စွာ စားသုံးကြပေသည်။ ဘဲကင်နှင့် ဘဲသားစားသုံးခြင်းဖြင့် ပရိုတင်းဓာတ် အပြည့်အဝရရှိစေမည်ဖြစ်သည်။ သို့သော် အရေခွံပါသည့် ဘဲကင်တွင် အဆီဓာတ်နှင့် ကိုလက်စထရော ပါဝင်မှုများပြားခြင်းကြောင့် ဂရုပြုစားသုံးသင့်ပေသည်။ ကယ်လိုရီမြင့်မားစွာပါဝင်ခြင်းကြောင့် ကိုယ်အလေးချိန်ထိန်းချုပ်နေသူများ၊ အဝလွန်သူများအတွက် အလွန်အကျွံစားသုံးရန် မသင့်လှပေ။ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ကျောက်ကပ်ရောဂါရှိသူများနှင့် အစာအိမ်အားနည်းသူများသည် ဘဲကင်စားသုံးခြင်းကို သတိပြုဆင်ခြင် စားသုံးကြရမည်ဖြစ်သည်။ အရေခွံကို ဖယ်ရှားစားသုံးခြင်း၊ ဟင်းသီးဟင်းရွက်များနှင့်ရောနှောချက်ပြုတ်စားသုံးခြင်းဖြင့် မိမိတို့၏ နေ့စဉ်ဘဝကျန်းမာရေးကို စောင့်ရှောက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မွေးမြူလျက်ရှိသော ဘဲမျိုးအမျိုးအစားများမှာ ဥစားဘဲအနေဖြင့် Khaki Campbell၊ ပြေးဘဲ (Indian Runner)၊ ဓာတ်ဘဲ (ပြည်တွင်းမျိုး)တို့ဖြစ်သည်။ အသားစားဘဲမျိုးမှာ Legard၊ Peking၊ တောဝမ်းဘဲ(ပြည်တွင်းမျိုး)များဖြစ်သည်။ ဘဲများမွေးမြူရန် မြေနေရာရွေးချယ် ရာတွင် သဲဆန်သောမြေသည် ဘဲမွေးမြူရေးအတွက် သင့်တော်သော မြေအနေအထားဖြစ်ပြီး ဆင်ခြေလျှောကုန်းမြင့်နှင့်ရေစီးနေသော ရေကန်၊ ချောင်းနှင့် လွှတ်ကျောင်းနိုင်သော မြက်ခင်းများရှိလျှင် ပို၍သင့်တော်မှုရှိပေသည်။ ရေကန်ရွေးချယ်ရာတွင် အဆက်မပြတ်စီးနေသော ရေရှင်နေရာမျိုးဖြစ်ရန်လည်း လိုအပ်ပေသည်။ မြစ်ချောင်းနံဘေးတွင် ဘဲများမွေးမြူမည်ဆိုပါက ချောင်းသည် အနံကိုးပေ၊ ရေအနက် နှစ်ပေခန့်ရှိလျှင် လုံလောက်၍ ရေစီးနှုန်းအသင့်အတင့်ဖြစ်လျှင် သင့်တော်သည်။ ရေကန်တူး၍ မွေးမြူမည်ဆိုပါက အကျယ် ငါးပေ ပတ်လည်နှင့် အနက် တစ်ပေရှိလျှင် ဘဲကောင်ရေ ၁၀၀ ကောင် မွေးမြူနိုင်မည်ဖြစ်သည်။ ရေကန်ကိုနှစ်ပတ်တစ်ကြိမ် ရေလဲလှယ်ပေးရန်လိုအပ်ပြီး ရေကန်ပတ်လည်တွင် သစ်ပင်ရိပ်များရှိစေရန် သစ်ပင်စိုက်ပျိုးပေးရန်လို အပ်ပြီး သစ်ပင်ရိပ်မရှိလျှင် ယာယီအရိပ်တဲဆောက်ပေးရန် လိုအပ်မည်ဖြစ်သည်။ ဘဲများအတက်အဆင်းပြုလုပ်ရလွယ်ကူစေရန် ရေကန်ကို ဆင်ခြေလျှောပြုလုပ်ပေးရမည်ဖြစ်သည်။

ဘဲမွေးမြူရန် ဘဲခြံအဆောက်အအုံဆောက်လုပ်မှုအနေဖြင့် ဒေသထွက် သစ်၊ ဝါးများဖြင့် ဆောက်လုပ်နိုင်ပြီး ဘဲခြံများသည် အလင်းရောင်ကောင်းစွာ ရရှိပြီး လေဝင်လေထွက် ကောင်းမွန်စေရန် ပြုလုပ်စီမံပေးရမည်ဖြစ်သည်။ ဘဲများကို မွေးမြူရာတွင် လွှတ်ကျောင်းစနစ်၊ တစ်ဝက်လွှတ်ကျောင်း စနစ်ဖြင့် မွေးမြူနိုင်ပေသည်။ မွေးမြူသူများသည် လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူနည်းကို အသုံးများကြပေသည်။ ဘဲများ လွှတ်လပ်စွာ ရှာဖွေစားသောက်နိုင်ရန် နေရာကျယ်ကျယ်ဝန်းဝန်းထားရှိရပေမည်။ ဘဲများအတွက် ရေသည်အရေးကြီးဆုံးဖြစ်၍ မြစ်ချောင်းအင်းအိုင်အနီးတွင် ဘဲခြံတည်ဆောက်၍ ဘဲများကို ချောင်းမြောင်းများအတွင်း လွှတ်ကျောင်း မွေးမြူကြရာတွင် ဘဲများကို ထိန်းကျောင်းပေးသူကို မကြောက်မ်ားတွင် ဘဲများကို ရေချခြင်းကိုမပြုလုပ်သင့်ပေ။ ရာသီဥတုပုံမှန်ရက်များတွင် ရေချချိန်မှာ နံနက် ၇ နာရီနှင့် ညနေ ၅ နာရီ၊ တစ်ရက်လျှင် နှစ်ကြိမ်၊ တစ်ကြိမ်လျှင် နာရီဝက် ရေချပေးရန်လိုအပ်သည်။

ဘဲစာကျွေးရာတွင် အစာခွက်နှင့် ရေခွက်ကို နီးကပ်စွာထားပြီး ရေခွက်ကို မကြာခဏ လဲလှယ်ပေးရန် လိုအပ်ပေသည်။ ဘဲဥကျင်းအတွက် ဥဘဲမကြီး ရှစ်ကောင်လျှင် ဥကျင်းတစ်ကျင်းနှုန်းထားရန် လိုအပ်ပြီး ဥကျင်းကို စပါးခွံ၊ ကောက်ရိုးခင်းထားပေးရမည်ဖြစ်သည်။ ဘဲဥကျင်းမှာ မြေပြင် သို့မဟုတ် အခင်းနှင့် တညီတည်းရှိရမည်ဖြစ်သည်။ ဘဲဥဖောက်ရာတွင် သဘာဝနည်းဖြင့် ဖောက်ခြင်း၊ ဖွဲနှင့်ဖောက်ခြင်း၊ ဖောက်စက်နှင့်ဖောက်ခြင်းဟူ၍ ဖြစ်ပေသည်။ ဘဲလတ်မွေးမြူရာတွင် အစာပုံမှန်ကျွေးရန်နှင့် သန့်ရှင်းသော သောက်ရေတိုက်ကျွေးရန် လိုအပ်သည်။ မျိုးဘဲအဖြစ် မွေးမြူမည်ဆိုပါက အထီးအမသီးခြားခွဲ မွေးမြူရန်လိုအပ်သည်။ အသားစားဘဲမှာ လေးလသားတွင် ထုတ်ရောင်းနိုင်သည်။ ဥစားဘဲမှာ လေးလ သို့မဟုတ် ငါးလတွင် ဥစမ်းအရွယ်ရောက်ရှိနိုင်ပေသည်။ ဘဲမွေးမြူရေးပြုလုပ်ရာတွင် ဘဲခြံတွင်းကြက်၊ ဝက်တို့နှင့် ရောနှောမွေးမြူခြင်းမပြုရဘဲ၊ ဘဲခြံအတွင်း၊ အပြင်၊ လူနှင့်အတူနေထိုင်ပါက နေထိုင်ရာနေရာများ၊ ကြက်ဘဲသယ်ဆောင်သည့် ယာဉ်များအဝင်၊ အထွက် ပြုလုပ်သောနေရာ၊ အသုံးပြု အစာခွက်ရေခွက်များကို ပိုးသတ်ဆေးပက်ဖျန်းပေးရန် လိုအပ်ပေသည်။

❖ ဘဲများမွေးမြူရန် မြေနေရာရွေးချယ်ရာတွင် သဲဆန်သောမြေသည် ဘဲမွေးမြူရေးအတွက် သင့်တော်သော မြေအနေအထားဖြစ်ပြီး ဆင်ခြေလျှောကုန်းမြင့်နှင့် ရေစီးနေသော ရေကန်၊ ချောင်းနှင့် လွှတ်ကျောင်းနိုင်သော မြက်ခင်းများရှိလျှင် ပို၍သင့်တော်မှုရှိပေသည်။ ရေကန်ရွေးချယ်ရာတွင် အဆက်မပြတ်စီးနေသော ရေရှင်နေရာမျိုးဖြစ်ရန်လည်း လိုအပ်ပေသည်။ မြစ်ချောင်းနံဘေးတွင် ဘဲများမွေးမြူမည်ဆိုပါက ချောင်းသည် အနံကိုးပေ၊ ရေအနက် နှစ်ပေခန့်ရှိလျှင် လုံလောက်၍ ရေစီးနှုန်းအသင့်အတင့်ဖြစ်လျှင် သင့်တော်သည်။ ❖

စေဘဲ လူနှင့်ဘဲများယဉ်ပါးနေအောင် ဂရုစိုက်ပေးရမည်ဖြစ်သည်။

တစ်ဝက်လွှတ်ကျောင်းစနစ် ပြုလုပ်သူများသည် ဘဲခြံနှင့်တွဲလျက် နေရာလွတ်အနည်းငယ် ရှိရန်လိုအပ်သည်။ ခြံထဲတွင် ရေကန်ပြုလုပ်ပေးရပေမည်။ လေကောင်းလေသန့်ရရှိရန် လိုအပ်သဖြင့် လေဝင်ပေါက်များ ဖောက်ထားပေးရမည်ဖြစ်သည်။ ရေကန်မှရေကို တစ်ပတ်လျှင်နှစ်ကြိမ် လဲလှယ်ပေးရမည်။ နေရောင်ခြည်မှရသော ဗီတာမင်– D ဓာတ်သည် ဥနှုန်းတက်စေသဖြင့် ရေကန်နေရာကို နေရောင်ခြည်တိုက်ရိုက်ရရှိအောင် ဖန်တီးပေးရမည်ဖြစ်သည်။ ဘဲငယ်များ ရေချခြင်းပြုလုပ်ရာတွင် ဘဲငယ်များ ဥမှပေါက်ပြီး လေးရက်မြောက်နေ့တွင် ရေချပေးနိုင်ပြီး ရေမချခင် နေ့တစ်ဝက်ကြို၍ ပုစွန်၊ ဖွဲ၊ ငါးခြောက်မှုန့်၊ ငါးစိမ်းပြုတ်စသည့် အညှီစာများကျွေးမွေးရသည်။ မိုးရွာသည့်ရက်၊ နှင်းကျသည့်ရက်များတွင် ဘဲများကို ရေချခြင်းကိုမပြုလုပ်သင့်ပေ။ ရာသီဥတုပုံမှန်ရက်များတွင် ရေချချိန်မှာ နံနက် ၇ နာရီနှင့် ညနေ ၅ နာရီ၊ တစ်ရက်လျှင် နှစ်ကြိမ်၊ တစ်ကြိမ်လျှင် နာရီဝက် ရေချပေးရန်လိုအပ်သည်။

ဘဲစာကျွေးရာတွင် အစာခွက်နှင့် ရေခွက်ကို နီးကပ်စွာထားပြီး ရေခွက်ကို မကြာခဏ လဲလှယ်ပေးရန် လိုအပ်ပေသည်။ ဘဲဥကျင်းအတွက် ဥဘဲမကြီး ရှစ်ကောင်လျှင် ဥကျင်းတစ်ကျင်းနှုန်းထားရန် လိုအပ်ပြီး ဥကျင်းကို စပါးခွံ၊ ကောက်ရိုးခင်းထားပေးရမည်ဖြစ်သည်။ ဘဲဥကျင်းမှာ မြေပြင် သို့မဟုတ် အခင်းနှင့် တညီတည်းရှိရမည်ဖြစ်သည်။ ဘဲဥဖောက်ရာတွင် သဘာဝနည်းဖြင့် ဖောက်ခြင်း၊ ဖွဲနှင့်ဖောက်ခြင်း၊ ဖောက်စက်နှင့်ဖောက်ခြင်းဟူ၍ ဖြစ်ပေသည်။ ဘဲလတ်မွေးမြူရာတွင် အစာပုံမှန်ကျွေးရန်နှင့် သန့်ရှင်းသော သောက်ရေတိုက်ကျွေးရန် လိုအပ်သည်။ မျိုးဘဲအဖြစ် မွေးမြူမည်ဆိုပါက အထီးအမသီးခြားခွဲ မွေးမြူရန်လိုအပ်သည်။ အသားစားဘဲမှာ လေးလသားတွင် ထုတ်ရောင်းနိုင်သည်။ ဥစားဘဲမှာ လေးလ သို့မဟုတ် ငါးလတွင် ဥစမ်းအရွယ်ရောက်ရှိနိုင်ပေသည်။ ဘဲမွေးမြူရေးပြုလုပ်ရာတွင် ဘဲခြံတွင်းကြက်၊ ဝက်တို့နှင့် ရောနှောမွေးမြူခြင်းမပြုရဘဲ၊ ဘဲခြံအတွင်း၊ အပြင်၊ လူနှင့်အတူနေထိုင်ပါက နေထိုင်ရာနေရာများ၊ ကြက်ဘဲသယ်ဆောင်သည့် ယာဉ်များအဝင်၊ အထွက် ပြုလုပ်သောနေရာ၊ အသုံးပြု အစာခွက်ရေခွက်များကို ပိုးသတ်ဆေးပက်ဖျန်းပေးရန် လိုအပ်ပေသည်။

အနှစ်ချုပ်အနေဖြင့် မွေးမြူရေးကဏ္ဍတွင် ဘဲမွေးမြူရေးလုပ်ငန်းသည် ပြည်တွင်းစားရေရိက္ခာဖူလုံရေးကို အကျိုးပြုနိုင်သည့် လုပ်ငန်းဖြစ်သဖြင့် ဘဲမွေးမြူရေးလုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့်မွေးမြူဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူများ ကြက်ဥ၊ ဘဲဥများ သက်သာသောဈေးဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက် ကြက်ခြံ၊ ဘဲခြံများ ပိုမိုပေါများလာရန်လိုအပ်ပေသည်။ ထို့ပြင် ပြည်တွင်းဥနှင့် အသားစားသုံးမှုဖူလုံစေရေး၊ နိုင်ငံ၏ရည်မှန်းချက်ပန်းတိုင်ရောက်ရှိရေး နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုနှင့်အတူ စီးပွားရေးလုပ်ငန်းရှင်များ၊ မွေးမြူရေး လုပ်ကိုင်သူများအားလုံး ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

ကိုးကား

- **မွေးမြူရေးနှင့် ကုသရေဦးစီးဌာနထုတ် "ဘဲမွေးမြူရေး"စာစောင်**

မတန်မရာ ရုပ်ရှင်ဇာတ်ကား Family Show ကို ကျောက်တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံ၌ ပြုလုပ်



ရန်ကုန် နိုဝင်ဘာ ၃

နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့် ရုပ်ရှင်ရုံများ၌ နိုဝင်ဘာ ၆ ရက် တွင်ရုံတင်ပြသမည့် မှော်ရုပ်ရှင် ထုတ်လုပ်ရေးက ရိုက်ကူးထုတ် လုပ်သည့် မတန်မရာ ရုပ်ရှင် ဇာတ်ကား Family Show ကို ရန်ကုန်တိုင်းဒေသကြီး ကျောက် တံတားမြို့နယ်ရှိ ဝဇီရာကဇာတ်ရုံ၌ နိုဝင်ဘာ ၂ ရက်က ကျင်းပ ပြုလုပ်ခဲ့ကြောင်း ဒါရိုက်တာ မင်းဆက်သစ်က ပြောပြ၍ သိရသည်။

မတန်မရာ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ မင်းဆက်သစ်က ရေးသားပြီး အင်ကြင်းဟန်က ဇာတ်ညွှန်း ရေးသားကာ ဒါရိုက်တာ မင်းဆက်သစ်က မှော်ရုပ်ရှင်ထုတ်လုပ်ရေး အတွက် တာဝန်ယူပုံဖော်ရိုက်ကူး ပေးထားကြောင်း သိရသည်။

"Suspense ကိုမှ Thriller နဲ့ ပေါင်းစပ် ရိုက်ကူးပုံဖော်ထားတဲ့ ဇာတ်လေးပါ။ ကျွန်တော် တကယ် ကို လေးစားအားကျရတဲ့ အကယ် ဒမီများရှင်တွေဖြစ်တဲ့ ကိုနေတိုး၊ မဖွေးဖွေးတို့နဲ့ ရိုက်ကူးခွင့်ရလို့ ပီတိဖြစ်ရပါတယ်။ ဒုံပြင် ကိုနေတိုး နဲ့ မဖွေးဖွေးတို့ရဲ့ ဆယ်စုနှစ်ကြာမှ အတူတူ ပြန်လည်ရိုက်ကူးရတဲ့ ရုပ်ရှင်ဇာတ်ကားလေးပါ။ ဘယ်လို မတန်မရာဘဝကို လိုချင်ခဲ့လို့ ဘယ်လိုပြုတ်ကျရမလဲဆိုတာကို အသည်းတယားယား ရင်တမမ ကြည့်ရှုကြရမှာပါ"ဟု ဒါရိုက်တာ မင်းဆက်သစ်က ပြောပြသည်။

မတန်မရာ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေတိုး၊ ချာလီငြိမ်း၊ ဝင်းခန့်ကျော်၊ ဖွေးဖွေး၊ ခင်ဇာခြည်ကျော်၊ ဝင်းသပြေထွန်း၊ အဒီရာဦးနှင့် အခြားအနုပညာရှင်များ ပါဝင် သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

Crawl-2 ထိတ်လန့်သည်းဖိဇာတ်ကား၌ ရေးပင်သာကီ၊ ဆာရာနိုင်းတို့ပါဝင်လာ

နယူးယောက် နိုဝင်ဘာ ၃

Paramount ကုမ္ပဏီ၏ Crawl-2 ထိတ်လန့်သည်းဖို ဇာတ်ကားတွင် မင်းသား ရေးပင် သာကီ၊ မင်းသမီး ဆာရာနိုင်းတို့ ပါဝင်လာကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

ထို့ပြင် Paramount ကုမ္ပဏီ သည် Crawl-2 ဇာတ်ကားအတွက် မင်းသား ရစ်ချက်ဘရိတ်၊ ချာလေ ပယ်မာရို့ဝဲ၊ ဖလူလာဘော့တို့ကို လည်း ထပ်မံထည့်သွင်းထားပြီး အထက်ပါ သရုပ်ဆောင်ငါးဦးတို့ သည် Crawl-2 ဇာတ်ကား၌ မင်းသား ပေဆင်ဂွတ်ဖင်း၊ မင်းသမီး အမ်မလီရပ်တို့နှင့်အတူ သရုပ် ဆောင်ရမည်ဖြစ်သည်။

Crawl-2 ဇာတ်ကားသည် ၂၀၁၉ ခုနှစ်တွင် ရိုက်ကူးထုတ်လုပ် ခဲ့သော Crawl ဇာတ်ကား၏နောက် ဆက်တွဲဇာတ်ကားဖြစ်သည်။

Crawl (2019) ဇာတ်ကားသည် ဖလော်ရီဒါပြည်နယ်၌ ဟာရီကိန်း မုန်တိုင်းတိုက်ခိုက်ခတ်ပြီးနောက် မိကျောင်းများ၏ အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရသည့် သားအဖနှစ်ဦး အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူး ထားခြင်းဖြစ်သည်။

Crawl-2 ဇာတ်ကားကို ဒါရိုက်တာ အလက်ဇန်းဒါးအက်ဂျာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထု ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂျေဆင်ဟာရီပါဂန်နှင့် ပူးတွဲ ရေးသားထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



တေးသံရှင် ဂျက်မြသောင်း၊ ဘိုဘို၊ ကောင်းဆက်၊ ချောစုခင်တို့၏ သက္ကရာဇ်ခရီး တေးဂီတဖျော်ဖြေပွဲကို Judson Entertainment Bar ၌ ပြုလုပ်မည်

ရန်ကုန် နိုဝင်ဘာ ၃

တေးသံရှင် ဂျက်မြသောင်း၊ ဘိုဘို၊ ကောင်းဆက်၊ ချောစုခင် တို့၏ သက္ကရာဇ်ခရီး တေးဂီတ ဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသ ကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ရှိ Judson Entertainment Bar ၌ နိုဝင်ဘာ ၁၂ ရက်တွင် ကျင်းပ ပြုလုပ်မည်ဖြစ်ကြောင်း တေးသံ ရှင် ဂျက်မြသောင်းက ပြောပြ၍ သိရသည်။

သက္ကရာဇ်ခရီး တေးဂီတဖျော် ဖြေပွဲတွင် တေးသံရှင် ဂျက်မြ သောင်း၊ ဘိုဘို၊ ကောင်းဆက်၊ ချောစုခင်တို့၏ လူသိများထင်ရှား ခဲ့သည့် တေးသီချင်းများကို အကောင်းဆုံး သီဆိုဖျော်ဖြေ ကြမည်ဖြစ်ပြီး Judson Entertainment တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေး သွားမည်ဖြစ်ကြောင်း သိရသည်။

"နိုဝင်ဘာ ၁၂ ရက်ညမှာ သက္ကရာဇ်ခရီး တေးဂီတဖျော်ဖြေပွဲ မှာ ကျွန်တော်တို့နဲ့အတူ Judson Entertainment တေးဂီတအဖွဲ့က လဲ အကောင်းဆုံးပံ့ပိုးတီးခတ်ပေး



သွားမှာဖြစ်ပါတယ်။ အဓိကစား တီးခတ်မှုတွေနဲ့အတူ အကောင်း ဆုံးသီချင်းတွေကို အတူတူသီဆို ကြေးကြော်ကြဖို့ Judson Entertainment Bar ကို လှမ်းခဲ့ပါလို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် ဂျက်မြသောင်းက ပြောပြသည်။

တေးသံရှင် ဂျက်မြသောင်း၊ ဘိုဘို၊ ကောင်းဆက်၊ ချောစုခင် တို့၏ သက္ကရာဇ်ခရီး တေးဂီတ ဖျော်ဖြေပွဲကို နိုဝင်ဘာ ၁၂ ရက် ညနေ ၆ နာရီတွင် စတင်မည် ဖြစ်ပြီး တေးသံရှင်များနှင့်အတူ Judson Entertainment Bar ၏ ပင်တိုင်တေးသံရှင်များက လည်း ဝန်းရံသီဆိုဖျော်ဖြေပေး ကြမည်ဖြစ်ကြောင်း တေးသံရှင် ဂျက်မြသောင်းက ဆက်လက် ပြောပြ၍ သိရသည်။

ASH

ဂြိုဟ်သားရုပ်ရှင်ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို အေရွန်ဂူဇီကိုးစကီး ရေးသားမည်

နယူးယောက် နိုဝင်ဘာ ၃

၂၀ ရာစုရုပ်ရှင်စတူဒီယို၏ ဂြိုဟ်သားရုပ်ရှင်ဇာတ်ကားအတွက် ဝတ္ထု ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အေရွန်ဂူဇီကိုးစကီးက ရေးသားပေး မည်ဖြစ်ကြောင်း နိုဝင်ဘာ ၂ ရက် သတင်းများအရ သိရသည်။

အဆိုပါဂြိုဟ်သားရုပ်ရှင်ဇာတ် ကားတွင် ကမ္ဘာကျော်ဒါရိုက်တာ ရစ်ဒလေစကော့က ထုတ်လုပ်သူ တစ်ဦးအဖြစ် တာဝန်ယူမည်ဖြစ်ပြီး ဇာတ်ညွှန်းရေးဆရာ အေရွန်ဂူဇီကိုး စကီး၊ ဒါရိုက်တာ ရစ်ဒလေစကော့ တို့သည် HBO Max က ထုတ်လွှင့် ပြသခဲ့သည့် Raised By Wolves သိပ္ပံ ဒရာမာဇာတ်ကားအတွက် လက်တွဲ ဆောင်ရွက်ခဲ့ဖူးသူများဖြစ်ကြသည်။

၂၀ ရာစုရုပ်ရှင်စတူဒီယို၏ ဂြိုဟ် သားဇာတ်ကားကို ရိုက်ကူးမည့် ဒါရိုက်တာကို လက်ရှိတွင်ကြေညာ ခြင်းမရှိသေးကြောင်း၊ ထို့ပြင် အဆိုပါ သိပ္ပံရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် သရုပ် ဆောင်များကို ၂၀ ရာစုရုပ်ရှင်စတူ ဒီယိုက စိစစ်ရွေးချယ်နေဆဲဖြစ် ကြောင်း သိရသည်။

ဇာတ်ညွှန်းရေးဆရာ အေရွန်ဂူဇီ ကိုးစကီးသည် ကမ္ဘာကျော်ပြင်သစ် ဒါရိုက်တာ ဒင်းနစ်ဗီလီနော့၏ Prisones ဇာတ်ကားအတွက် ဝတ္ထု ဇာတ်ညွှန်းရေးသားပေးခဲ့သူ ဖြစ် ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်ပညာရှင်များကို အောက်တိုဘာလအတွက် ပံ့ပိုးငွေများ ထုတ်ပေးလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၃

အသက် ၇၅ နှစ်အထက် သက်ကြီး ရုပ်ရှင်ပညာရှင်များအား အောက်တိုဘာလအတွက် ပံ့ပိုးငွေ များကို နိုဝင်ဘာ ၂ ရက်မှစတင် ကာ ထုတ်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးထံမှ သိရသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်း အရုံးဝင် သက်ကြီးရုပ်ရှင်ပညာရှင် များကို လစဉ်ပံ့ပိုးငွေအဖြစ် သက်ကြီးရုပ်ရှင်ပညာရှင် တစ်ဦး လျှင် ငွေကျပ် တစ်သောင်းကို မပျက်မကွက် လစဉ်ထုတ်ပေး လျက်ရှိသကဲ့သို့ ရုပ်ရှင်အစည်း အရုံးဝင်အလွှာအသီးသီးမှ ရုပ်ရှင် အနုပညာရှင်၊ အတတ်ပညာရှင် များကို အခါအားလျော်စွာ ပံ့ပိုးငွေများ ထုတ်ပေးလျက်ရှိ ကြောင်း သိရသည်။

"အသက် ၇၅ နှစ်အထက် သက်ကြီး ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်တွေကို ရုပ်ရှင် အစည်းအရုံးအနေနဲ့ လစဉ် ပံ့ပိုးပေးလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလအတွက် ပံ့ပိုးငွေ တွေကို အခုနိုဝင်ဘာ ၂ ရက်က စပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်း အရုံးဝင်ထဲက ရုပ်ရှင်သမိုင်း ပြတိုက်မှာ ထုတ်ပေးနေပါ တယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၃ ရက်တွင် ကျင်းပခဲ့သည့် (၁၀၆) နှစ်မြောက် မြန်မာ့ရုပ်ရှင် နှင့် (၄၉) ကြိမ်မြောက် ရုပ်ရှင် သက်ကြီးပူဇော်ပွဲတွင် သက်ကြီး ရုပ်ရှင်အနုပညာရှင် ဦးရေ ၁၄၀ ကို ငွေသားအပါအဝင် စားသောက် ကုန်ပစ္စည်းများဖြင့် ကန်တော့ နိုင်ခဲ့ကြောင်း ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

ASH

Commander-in-Chief of Defence Services General Ye Win Oo meets Lao Deputy Prime Minister and Minister of National Defence

Nay Pyi Taw November 3

Commander-in-Chief of Defence Services General Ye Win Oo, who is paying a goodwill visit to the Lao People's Democratic Republic, called on General Khamlieng Outhakayson, Deputy Prime Minister and Minister of National Defence of the Lao People's Democratic Republic, at the meeting hall of the Ministry of National Defence this afternoon.

Also present together with the Commander-in-Chief of Defence Services were senior military officers from the Office of the Commander-in-Chief and the Myanmar Military Attaché (Army, Navy and Air). The Lao Deputy Prime Minister and Minister of National Defence was accompanied by senior military offices from the Lao People's Army and officials.

At the meeting, they cordially discussed the improvement of diplomatic relations, military relations and ASEAN member state relations between the two countries, their close cooperation in promoting regional development as member states of the four-country Cambodia-Laos-Myanmar-Vietnam (CLMV) cooperation framework, the Greater Mekong Subregion (GMS) Programme, and the Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS), plans to enhance security, stability and peace in border regions of the two countries including security along the Mekong River security, the ongoing acceleration of efforts to combat narcotic drugs, online scams and online gambling, as well as Myanmar's efforts to maintain friendly relations with neighbouring countries and its commitment to peaceful coexistence in accordance with the Five Principles of Peaceful Coexistence, the country's current developments, including the efforts of the democratically elected Government to translate the people's aspirations into reality, Myanmar's balanced engagement with the international community, including neighbouring countries and ASEAN member states, in accordance with its active and non-aligned foreign policy, and the role of the Tatmadaw, under the leadership of the Government, in safeguarding the Our Three Main National Causes, which constitute its national duty.

They exchanged commemorative gifts and posed for documentary photos together with attendees.

100



Commander-in-Chief of Defence Services General Ye Win Oo meets General Khamlieng Outhakayson, Deputy Prime Minister and Minister of National Defence of the Lao People's Democratic Republic.

At the invitation of the Deputy Minister of National Defence and Chief of the General Staff of the Lao People's Army, Myanmar Tatmadaw delegation led by Commander-in-Chief of Defence Services General Ye Win Oo leaves for goodwill visit to Lao People's Democratic Republic



Commander-in-Chief of Defence Services General Ye Win Oo being welcomed by a Lao offical at the airport.

Nay Pyi Taw November 3

At the invitation of Lieutenant General Saichay Kommasith, Deputy Minister of National Defence and Chief of the General Staff of the Lao People's Army, a Myanmar Tatmadaw goodwill delegation led by Commander-in-Chief of Defence Services General Ye Win Oo left Nay Pyi Taw Airport this morning for Lao People's Democratic Republic.

General Ye Win Oo and his delegation were seen off at the airport by Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin and wife Nang Kue Ku, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) General Tun Win and wife, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, and officials of Lao Embassy and Military Attache Office to Myanmar.

General Ye Win Oo was accompanied by members of the delegation Daw Nilar, his wife, senior military officers from the Office of the Commander-in-Chief, and officials.

General Ye Win Oo and his delegation arrive at Wattay International Airport and were welcomed by Major General Vanhthong Boudtavong, Deputy Chief of the General Staff of the Lao People's Army and wife, the deputy chief of Foreign Relations Department, the Lao Military Attache to Myanmar and wife, Myanmar Ambassador to Laos U Aung Ko and wife, Myanmar Military Attache (Army, Navy and Air) Brig-Gen Yaza Tun and wife, and officials.

During the goodwill visit, the Commander-in-Chief of the Defence Services will hold talks with military leaders in the Lao People's Democratic Republic and tour prominent landmarks in the country.

100

Commander-in-Chief of Defence Services General Ye Win Oo welcomed by Lao Deputy Minister of National Defence and Chief of the General Staff Department, lays wreath to pay tribute at Unknown Soldier Monument



Commander-in-Chief of Defence Services General Ye Win Oo receiving a Guard of Honour welcome.

Nay Pyi Taw November 3

Commander-in-Chief of Defence Services General Ye Win Oo, who is paying a goodwill visit to the Lao People's Democratic Republic, was welcomed with a Guard of Honour by Lieutenant General Saichay Kommasith, Deputy Minister of National Defence and Chief of the General Staff Department of the Lao People's Army, this afternoon.

Also present at the ceremony together with the Commander-in-Chief of Defence Services were senior military officers from the Office of the Commander-in-Chief, and the Myanmar Military Attache (Army, Navy and Air). The Lao Deputy Minister of National Defence and Chief of the General Staff Department of the Lao People's Army was accompanied by senior officers from the Lao People's Army.

On arrival at the Lao Ministry of National Defence where the ceremony would be held, the General and party were welcomed by the Lao Deputy Minister of National Defence and Chief of the General Staff Department of the Lao People's Army. The two leaders took the salute of the Guard of Honour and inspected it.

The Commander-in-Chief of Defence Services and the Lao Deputy Minister of National Defence and Chief of the General Staff Department of the Lao People's Army reciprocally intriduced their entourages and posed for documentary photos. The two leaders held talks at the guest hall of the ministry.

At the meeting, they discussed the promotion and consolidation of friendly relations and cooperation between the two armed forces; the exchange of goodwill visits at various levels between the two armed forces; the promotion of border trade; enhanced cooperation in maintaining peace and stability along the border areas of the two countries; training programmes; the exchange of military sports teams and cultural troupes; and efforts to eliminate online gambling; Myanmar's ongoing efforts to eradicate online gambling and online scams, with the aim of eliminating such activities in the region and preventing their recurrence in the future; conducting operations to combat online scams, and completion of dismentling 1,053 online scam hubs to date.

They also held frank and cordial discussions and exchanged views on the prevention and suppression of narcotic drugs; bilateral cooperation between the two armed forces to prevent ethnic armed groups not to take strongholds at border regions of both countries as these groups are building up their strength by purchasing and replenishing weapons and ammunition with income earned from the production, sale and distribution of narcotic drugs; the convening of meetings of the Regional Border Committee (RBC) and the Joint Border Security Committee (JBSC); and the efforts being made by the State Government to achieve domestic peace and promote development.

Following the meeting, the Commander-in-Chief of Defence Services and the Deputy Minister of National Defence and Chief of the General StaffDepartment of the Lao People's Army exchanged commemorative gifts and posed for a group photograph.

In addition, the General and party laid a wreath to pay tribute to the Unknown Soldier Monument this afternoon.

On his arrival at the monument, the General and party were welcomed by senior officers from Laos.

The General paid tribute by laying a wreath at the Unknown Soldier Monument, accompanied by music performed by the military band of the Lao People's Army.

Afterwards, the General and members of his delegation cordially bade farewell to senior military officers of Laos and departed. 100



Commander-in-Chief of Defence Services General Ye Win Oo holds talks with Lieutenant General Saichay Kommasith, Deputy Minister of National Defence and Chief of the General Staff Department of the Lao People's Army.



Commander-in-Chief of Defence Services General Ye Win Oo pays tribute to the Unknown Soldier Monument.

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Press Release on Intentional Actions by Terrorist Insurgents Calling Themselves KNU, KNLA, and PDF Aimed at Harming Myanmar-Thailand Bilateral Friendship

Nay Pyi Taw November 3

The Myanmar Tatmadaw maintains a long-standing friendly partnership with Thailand. In line with advancing cooperation between the two armed forces, consistent collaboration is underway to ensure stability, peace, and security across the border regions of both nations. It has been observed that terrorist groups calling themselves CRPH, NUG, and PDF, including the KNU and KNLA—who do not favour bilateral friendship—are committing terrorist attacks that harm citizens of both countries in border areas and engaging in illicit activities. Furthermore, they are disseminating rumors across online media through various means to generate public misunderstanding.

Subversive media, unwilling to see positive bilateral relations, have been spreading groundless rumours—including claims of impending destruction of warehouses on the Thai side—with the intention of inciting fear and anxiety among local residents along the border. These online media reports have been determined to be entirely false and inaccurate.

Myanmar and Thailand maintain strong multi-sectoral ties across government-to-government, military-to-military, people-to-people, and institutional levels, standing as countries with a "Natural Strategic Partnership." The Myanmar Tatmadaw places special emphasis on maintaining peace and stability in border areas and is actively enhancing cooperation between the two armed forces. Moreover, the citizens of both nations share enduring bonds of friendship.

With the objective of undermining bilateral relations, terrorist groups calling themselves CRPH, NUG, and PDF, including the KNU and KNLA, have been carrying out acts of sabotage along the border. It was reported that on October 29, 2026, a Thai citizen was injured by fire from a 12.7 mm heavy machine gun. Thai military authorities have already been informed that the Myanmar Tatmadaw does not employ this weapon. The incident was an intentional firing into Thai territory by terrorist insurgents seeking to disrupt bilateral friendship, and the Myanmar Tatmadaw expresses its deep sympathy for the injury sustained.

Valuing the existing friendly relations between the Myanmar and Thai armed forces, the Myanmar Tatmadaw will never engage in any conduct that violates the sovereignty of other nations. Instead, it continues to enhance bilateral cooperation, prioritizing mutual development, the safety and peace of both peoples, and regional stability.

Tatmadaw True News Information Team

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) continues

Systematic continuation of the demolition of a 6-story building used in committing online gambling operations in Shwe Kokko Part-II.





Demolition using heavy machinery





Completed demolition.

Nay Pyi Taw November 3

In cooperation with neighboring and regional countries, the government has taken measures to completely eradicate online scams and gambling, which have posed a threat to the global socioeconomic arena and national security, and carried out final demolition of illegal buildings in Shwe Kokko, where the majority of online scams and gambling were operated, so that they cannot be used again for such crimes.

In doing so, the dismantling of two 6-storey illegal buildings used in online scams and gambling and being demolished with the use of machinery in Shwe Kokko (Part-II) completed 80 percent and 50 percent respectively today.

Out of 63 buildings to be demolished in Shwe Kokko (Part-II), the dismantling of four scheduled for detonation and another four scheduled for mechanical demolition have completed and plans are underway to systematically knock down the remaining 55 buildings.

The government has effectively cracked down on online scams and gambling as a national responsibility.

100

Japan defense chief renews calls for debate on reviewing non-nuclear principles

Tokyo November 3

Japanese Defense Minister Shinjiro Koizumi on Tuesday again called for discussions on reviewing the country's Three Non-Nuclear Principles and expressed support for considering the introduction of nuclear-powered submarines, Kyodo News reported.

Speaking at a seminar in Tokyo, Koizumi said an environment should be created in which necessary security policies can be discussed openly and frankly without prejudice. He added that, as Japan revises its three key security documents, society as a whole should develop a shared understanding of nuclear threats, according to the report.

Koizumi also voiced support for discussions on introducing nuclear-powered submarines, saying he hoped broad discussions would be held on how to proceed with the issue, the report said.

Japan's Three Non-Nuclear Principles stipulate that the country will not possess, produce or permit the introduction of nuclear weapons. The current National Security Strategy, one of the country's three key security documents, explicitly states that Japan's basic policy of adhering to the principles will remain unchanged.

Xinhua

North Korea blasts US over $6 bn crypto theft allegations

Pyongyang November 3

North Korea has accused the US of a “grave political provocation” after the FBI blamed Pyongyang for a massive cryptocurrency theft from Binance, the world’s largest crypto exchange.

The FBI alleged over the weekend that a North Korean “state-sponsored” hacking group known as TraderTraitor was responsible for stealing more than $6 billion in digital assets from Binance.

Kim Yo Jong, the influential sister of North Korean leader Kim Jong-un, dismissed the allegations as “absurd rhetoric,” according to state news agency KCNA.

In a statement released on Tuesday, Kim accused Washington of attempting to portray North Korea as a state engaged in cybercrime, saying the accusations demonstrated continued US hostility toward Pyongyang.

“It is a grave political provocation against the DPRK that the US misleads international public opinion as if all the cyber crimes in different parts of the world are our deeds,” she said.

Kim also warned that Pyongyang had “issues to reconsider” in light of the “very unpleasant US hostile attitude,” without specifying what measures it might take.

RT

ဂျပန်နိုင်ငံအနေဖြင့် လာမည့်ငါးနှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ်ကို လက်ရှိထက်တိုးမြှင့်ရန် စီစဉ်နေ



ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံ၏စစ်ရေးစွမ်းရည်များ အားကောင်းလာစေရေး ကြိုးပမ်းမှု တစ်စိတ်တစ်ပိုင်းအဖြစ် ငါးနှစ်အတွင်း ကာကွယ်ရေးအသုံးစရိတ်ကို လက်ရှိအသုံးစရိတ်ထက် တိုးမြှင့်ရန် စီစဉ်နေကြောင်း The Straits Times သတင်းဌာနက နိုဝင်ဘာ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ကာကွယ်ရေးစွမ်းရည်မြှင့်တင်ရေးအစီအစဉ်ကို ၂၀၂၇ ခုနှစ်၊ ဧပြီလမှစတင်ပြီး ငါးနှစ်တာကာလအတွင်း အမေရိကန်ဒေါ်လာ ၄၄၃ ဘီလီယံ (ဂျပန်ယန်း ၇၀ ထရီလီယံ)မှ အမေရိကန်ဒေါ်လာ ၅၀၇ ဘီလီယံ (ဂျပန်ယန်း ၈၀ ထရီလီယံ) ထိ အသုံးစရိတ်ကို တိုးမြှင့်သွားမည်ဖြစ်သည်။

၎င်းပမာဏသည် ၂၀၂၃ ဘဏ္ဍာ နှစ်မှစတင်ခဲ့သည့် လက်ရှိငါးနှစ်တာအစီအစဉ်အတွက် ခွဲဝေသတ်မှတ်ထားသော အမေရိကန်ဒေါ်လာ ၂၇၂ ဘီလီယံ (ယန်း ၄၃ ထရီလီယံ)ထက် ၁ ဒသမ ၈ ဆခန့် ပိုမိုများပြားလာမည်ဖြစ်ကြောင်း သိရသည်။

သို့သော် အဆိုပါအသုံးစရိတ်ပမာဏသည် အပြီးသတ် သတ်မှတ်ထားခြင်းမဟုတ်သေးဘဲ အစိုးရက ယခုနှစ်ကုန်ပိုင်းတွင် ဘတ်ဂျက်ရေးဆွဲခြင်းနှင့် လုံခြုံရေးဆိုင်ရာ အခြေခံမူဝါဒစာတမ်းသုံးစောင်ကို ပြန်လည်ပြင်ဆင်ခြင်းတို့ ဆောင်ရွက်နေစဉ်အတွင်း ပြောင်းလဲနိုင်သေးကြောင်း သိရသည်။

ယခု အသုံးစရိတ်တိုးမြှင့်ရေးအစီအစဉ်တွင် မောင်းသူမဲ့လေယာဉ် အမြောက်အမြား ဝယ်ယူရေးအတွက် ရန်ပုံငွေများ ထည့်သွင်းအသုံးပြုရန် မျှော်မှန်းထားကြောင်း၊ နောက်ဆုံး အသုံးစရိတ်ပမာဏကို ဂျပန်အစိုးရနှင့် အာဏာရညွှန့်ပေါင်းအဖွဲ့ဝင်များကြား ဆွေးနွေးညှိနှိုင်းမှုများဖြင့် ဆက်လက်ဆုံးဖြတ်သွားရမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် ၂၀၂၂ ခုနှစ်ကုန်ပိုင်းတွင် ရေးဆွဲခဲ့သည့် လက်ရှိကာကွယ်ရေးစွမ်းရည်မြှင့်တင်ရေး အစီအစဉ်အရ မူလခွဲဝေသတ်မှတ်ထားသော အမေရိကန်ဒေါ်လာ ၁၇၄ ဒသမ ၂ ဘီလီယံ (ယန်း ၂၇ ဒသမ ၅ထရီလီယံ)မှ ကာကွယ်ရေးအသုံးစရိတ်ကို သိသိသာသာ တိုးမြှင့်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအစီအစဉ်တွင် တန်ပြန်တိုက်ခိုက်နိုင်စွမ်းအတွက် ရည်ရွယ်သည့် တာဝေးပစ်ဒုံးကျည်များ ဝယ်ယူရေး အပြင် စစ်လက်နက်ခဲယမ်းများနှင့် စစ်ဘက်သုံးပစ္စည်းများအတွက် အပိုပစ္စည်းများ ဖြည့်တင်းရေးကိုလည်း အဓိကထားဆောင်ရွက်ခဲ့သည်။

ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်ရေး အစီအစဉ်သည် ဂျပန်နိုင်ငံ၏ လုံခြုံရေးမူဝါဒတွင် ရေရှည်ပြောင်းလဲမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းကိုလည်း ထင်ဟပ်စေသည်။ အထူးသဖြင့် အရှေ့အာရှဒေသအတွင်း လေကြောင်းနှင့် ရေကြောင်းလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ မောင်းသူမဲ့လေယာဉ်များနှင့် ဒုံးကျည်ခြိမ်းခြောက်မှုများအပေါ် တုံ့ပြန်နိုင်စွမ်း မြှင့်တင်ရန် လိုအပ်လာခြင်းကြောင့် ဂျပန်နိုင်ငံသည် တာဝေးပစ်ဒုံးကျည်များ၊ မောင်းသူမဲ့စနစ်များနှင့် စစ်လက်နက်ခဲယမ်း ပံ့ပိုးဖြည့်တင်းရေးတို့အပေါ် ပိုမိုအလေးထားလာဖွယ်ရှိသည်။

ထို့ကြောင့် ယခုအသုံးစရိတ် တိုးမြှင့်ရေးအစီအစဉ်သည် လက်နက်ဝယ်ယူမှု ပမာဏတိုးမြှင့်ခြင်းသာမက ဂျပန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းရည်၊ စစ်ဆင်ရေးဆိုင်ရာ အသင့်ဖြစ်မှုနှင့် ဒေသတွင်းလုံခြုံရေးဆိုင်ရာ အခန်းကဏ္ဍတို့ကို ရေရှည်မြှင့်တင်ရန် ရည်ရွယ်သည့် မူဝါဒလမ်းကြောင်း တစ်ရပ်အဖြစ်လည်း ရှုမြင်နိုင်ကြောင်း သိရသည်။

Japan weighs $600 billion defence spending plan, say sources ကို ဘာသာပြန်ဆိုထားပါသည်။

အမေရိကန်က PAC-3 Edge ဒုံးကျည်ထုတ်လုပ်ရေးအတွက် Lockheed Martin ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို



အမေရိကန်ကြည်းတပ်သည် မျိုးဆက်သစ် PAC-3 Edge ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်ထုတ်လုပ်ရေးလုပ်ငန်းများအတွက် Lockheed Martin ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၈ ဘီလီယံတန် စာချုပ်ချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

PAC-3 Edge ဒုံးကျည်သည် စစ်မြေပြင်တွင် အသုံးပြုစမ်းသပ်ပြီး ထိရောက်မှုရှိကြောင်း သက်သေပြထားသော PAC-3 Missile Segment Enhancement (MSE) နည်းပညာကို အခြေခံ၍ ဆက်လက်တည်ဆောက်မည့်စနစ်ဖြစ်သည်။ ၎င်းဒုံးကျည်တွင် ပိုမိုကောင်းမွန်သော ပစ်ခတ်နိုင်သည့်အကွာအဝေး၊ ပျံသန်းနိုင်သည့် အမြင့်၊ အမြန်နှုန်းနှင့် လမ်းကြောင်းပြောင်းလဲပျံသန်းနိုင်စွမ်းတို့ ပါဝင်လာမည်ဖြစ်သည်။

အမေရိကန်ကြည်းတပ်၏ Future Interceptor အစီအစဉ်အတွက် ရွေးချယ်ခံထားရသည့် PAC-3 Edge ဒုံးကျည်ကို ၂၀၂၇ ခုနှစ်တွင် စမ်းသပ်မှုများ စတင်ဆောင်ရွက်ရန် မျှော်မှန်းထားပြီး ၂၀၃၁ ခုနှစ်တွင် စစ်ဆင်ရေးတာဝန်များ၌ စတင်အသုံးပြုနိုင်ရန်ဖြစ်သည်။ အမေရိကန်ကြည်းတပ်သည် Lockheed Martin ကုမ္ပဏီနှင့်ပူးပေါင်း၍ ရှေ့ပြေးပုံစံများထုတ်လုပ်ခြင်းနှင့် စစ်ဆင်ရေးလိုအပ်ချက်များအပေါ်မူတည်၍ ဒုံးကျည်၏ စွမ်းဆောင်ရည်ကို စမ်းသပ်အကဲဖြတ်ခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စီမံကိန်းတန်ဖိုး စုစုပေါင်းအနက် အမေရိကန်အစိုးရက အမေရိကန်ဒေါ်လာ ၆၆၀ ဒသမ ၄ သန်း ပံ့ပိုးပေးမည်ဖြစ်ပြီး Lockheed Martin ကုမ္ပဏီက ကုန်ကျစရိတ်ခွဲဝေခံယူမှု သဘောတူညီချက်အရ ဒေါ်လာ ၄၂၃ သန်း ထည့်ဝင်သွားမည်ဖြစ်သည်။

ရန်သူ၏စစ်ရေးစနစ်များကို အကွာအဝေးတစ်ခုမှ ထိရောက်စွာ တိုက်ခိုက်နိုင်စွမ်းသည် ပူးတွဲတပ်ဖွဲ့များအတွက် ကြည်းတပ်က ထမ်းဆောင်ရသည့် အရေးပါသော စစ်ဆင်ရေးတာဝန်တစ်ရပ် ဖြစ်ကြောင်း၊ ကြည်းတပ်၏ စစ်ဆင်ရေးဆိုင်ရာ ခေတ်မီတိုးတက်ရေး မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် အဆင့်မြင့်နည်းပညာသုံး လက်နက်ခဲယမ်းများနှင့် ကုန်ကျစရိတ်သက်သာသော လက်နက်ခဲယမ်းများကို မျှတစွာ ပေါင်းစပ်အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ Future Interceptor အစီအစဉ်သည် ကျွန်ုပ်တို့လိုအပ်နေသည့် ခေတ်မီနည်းပညာမြင့် လက်နက်စနစ်မျိုးပင်ဖြစ်ကြောင်း အမေရိကန်ကြည်းတပ်၏ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Chr-istopher LaNeve က ပြောကြားခဲ့သည်။

PAC-3 Edge ဒုံးကျည်တွင် Lockheed Martin ကုမ္ပဏီက ထုတ်လုပ်ထားသည့် အာရုံခံကိရိယာအသစ်နှင့် Northrop Grumman ကုမ္ပဏီထုတ် အဆင့်သုံးဆင့် တွန်းကန်အားထုတ်ပေးနိုင်သော Solid Rocket Motor တို့ကို ပေါင်းစပ် တပ်ဆင်သွားမည်ဖြစ်သည်။ ၎င်းဒုံးကျည်အင်ဂျင်သည် ပျံသန်းမှုတစ်လျှောက် တိကျသော တွန်းကန်အားကို အဆင့်ဆင့်ပေးစွမ်းနိုင်မည်ဖြစ်ပြီး အဆင့်မြှင့်တင်ထားသော ထိန်းချုပ်မှုစနစ်များကလည်း ပိုမိုဝေးလံသော အကွာအဝေးနှင့် ပိုမိုမြင့်မားသော အမြင့်တို့တွင် ဒုံးကျည်၏ စွမ်းဆောင်ရည်ကို တိုးတက်စေမည်ဖြစ်ကြောင်း သိရသည်။

PAC-3 Edge ဒုံးကျည်များကို အမေရိကန်နိုင်ငံ၊ အာကန်ဆောပြည်နယ်၊ ကမ်ဒန်မြို့တွင် ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ Lockheed Martin ကုမ္ပဏီသည် လာမည့် ခုနစ်နှစ်အတွင်း ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်ထုတ်လုပ်မှုကို သုံးဆတိုးမြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

US Army Awards Lockheed $1.08B to Develop Future Interceptor ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Saichay Kommasith တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူစဉ်။


လာအိုပြည်သူ့တပ်မတော်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့နှင့်
မြန်မာ့တပ်မတော်အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တို့
နှစ်ဖက်တွေ့ဆုံခြင်း အခမ်းအနား
ဗိဟိဓိပဋိသန္ထာရ်ဘုရားရှိခိုးပြီးနောက်
ဧည့်ခံပွဲ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်ကြီးရဲဝင်းဦး
ကြီးမှူးသော
ကာကွယ်ရေးဦးစီးဌာန
ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်
လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီးနှင့်
စစ်ဦးစီးဌာနအကြီးအကဲ
Lieutenant General Saichay Kommasith
တို့ဦးဆောင်သော
ကိုယ်စားလှယ်အဖွဲ့တို့
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့
ရောက်ရှိလာကြသည်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ရန်ကုန်မြို့
ဗိုလ်ချုပ်အောင်ဆန်းအမျိုးသားပြတိုက်
ဗိုလ်ချုပ်အောင်ဆန်းနှင့်
ဒေါ်ခင်ရီမြို့စားတို့၏
ပန်းတိုင်ကျောက်စာတိုက

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီးကို တွေ့ဆုံ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး General Khamlieng Outhakayson တို့ တွေ့ဆုံဆွေးနွေးစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး General Khamlieng Outhakayson တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၃

လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသားကာကွယ်ရေးဝန်ကြီး General Khamlieng Outhakayson အား ကာကွယ်ရေးဝန်ကြီးဌာနရုံးအစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ)တို့ တက်ရောက်ကြပြီး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အမျိုးသားကာကွယ်ရေးဝန်ကြီးနှင့်အတူ လာအိုပြည်သူ့တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး၊ စစ်ဘက်ဆက်ဆံရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံဆက်ဆံရေးတို့တွင် တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်တို့ ပါဝင်သော CLMV အဖွဲ့ဝင်နိုင်ငံ လေးနိုင်ငံ၊ မဟာမဲခေါင်ဒေသခွဲအဖွဲ့၊ ဧရာဝတီ-ကျောက်ဖရား-မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာအဖွဲ့တို့တွင်လည်း အဖွဲ့ဝင်နိုင်ငံများအဖြစ် ဒေသတွင်းတိုးတက်ဖွံ့ဖြိုးရေးကိစ္စရပ်များတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မဲခေါင်မြစ်လုံခြုံရေးအပါအဝင် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအပါအဝင် နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စရပ်များ၊ မူးယစ်ဆေးဝါး၊ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရေးကောင်းမွန်အောင် နေထိုင်လျက်ရှိပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ငါးရပ်နှင့်အညီ ရပ်တည်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နိုင်ငံ၏လက်ရှိဖြစ်ပေါ်တိုးတက်မှုများဖြစ်သော ဒီမိုကရေစီနည်းကျရွေးချယ်ခံထားရသည့် နိုင်ငံတော်အစိုးရသည် ပြည်သူ့ဆန္ဒကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍တက်ကြွပြီး ဘက်မလိုက်သည့်နိုင်ငံခြားရေးမူဝါဒနှင့်အညီ အိမ်နီးချင်းကောင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံတကာနှင့်ဟန်ချက်ညီဆက်သွယ်ဆောင်ရွက်နေမှုအခြေအနေများ၊ တပ်မတော်အနေဖြင့်လည်း အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် ကာကွယ်စောင့်ရှောက်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများအပြန်အလှန်လဲလှယ်ခဲ့ကြကာ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၃

လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Saichay Kommasith ၏ ဖိတ်ကြားချက်အရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်လေဆိပ်မှ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ ထွက်ခွာသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ကို ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး ဒေါ်နန်းကူးကူ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်အတူ အဖွဲ့ဝင်များအဖြစ် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ Wattay အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြရာ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Major General Vanhthong Boudtavong နှင့်ဇနီး၊ နိုင်ငံခြားဆက်ဆံရေးဌာန ဒုတိယအကြီးအကဲ၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုစစ်သံမှူးနှင့်ဇနီး၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကိုနှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ရာဇာထွန်းနှင့်ဇနီး၊ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ချစ်ကြည်ရေးခရီးစဉ်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ စစ်ဘက်အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ပြီး လာအိုနိုင်ငံရှိ အထင်ကရနေရာများကို လှည့်လည်ကြည့်ရှုလေ့လာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာတို့အား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး ဒေါ်နန်းကူးကူတို့အား တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာတို့အား လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန စစ်ဦးစီးဌာန ဒုတိယအကြီးအကဲ Major General Vanhthong Boudtavong နှင့်ဇနီး၊တာဝန်ရှိသူများက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ Wattay အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

ရှေ့ဖုံးမှအဆက်

စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအား စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအမည်ပြောင်းလဲ သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၁၁) ဦးစိုးကြည်က စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံစီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့်ကုန်ပစ္စည်းများကို ပြည်ပမှ တင်သွင်းသုံးစွဲနေရမှုလျော့နည်းစေပြီး ပြည်တွင်းစီးပွားရေးလည်ပတ်မှုကို အားကောင်းစေမည်ဖြစ်သဖြင့် ဝန်ကြီးဌာနအမည်တွင် MSME ကဏ္ဍကို ပိုမိုထင်ရှားစွာထည့်သွင်းသတ်မှတ်ခြင်းကို အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စိုးက နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် သယံဇာတပေါကြွယ်ဝရုံဖြင့် မပြည့်စုံနိုင်ဘဲ အရင်းအမြစ်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်သည့် စက်မှုနှင့် နည်းပညာစွမ်းအားအပေါ် မူတည်နေကြောင်း၊ ထို့ကြောင့် ပြည်တွင်းကုန်ကြမ်းများကို ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရေး၊ စက်မှုလက်မှုလုပ်ငန်းများ တိုးချဲ့ရေးနှင့် ထုတ်လုပ်မှုစွမ်းအားမြှင့်တင်ရေးတို့သည် နိုင်ငံတော်စီးပွားရေးကို ခိုင်မာစေသည့် အရေးပါသောလုပ်ငန်းစဉ်များဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာပါက အလုပ်အကိုင်၊ မိသားစုဝင်ငွေနှင့် ပြည်သူတို့၏ လူမှုစီးပွားအဆင့်အတန်းများ မြင့်မားလာမည်ဖြစ်ကြောင်းနှင့် ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို အပြည့်အဝထောက်ခံပြီး နိုင်ငံတော်သမ္မတ ပေးပို့လာသည့်အတိုင်း ဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်နိုင်ရေး ထောက်ခံဆွေးနွေးသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်က အဖွဲ့အစည်းတစ်ခု၏ အမည်သည် အုပ်ချုပ်ရေးဆိုင်ရာသတ်မှတ်ချက်သာမက ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများအကြား အပြန်အလှန်ဆက်သွယ်ရေးအတွက်ပါ အလွန်အရေးပါကြောင်း၊ ထို့ကြောင့် ယခု အမည်ပြောင်းလဲသတ်မှတ်ခြင်းသည် မြန်မာသဒ္ဒါအထားအသိုနှင့် နိုင်ငံတကာဝေါဟာရအသုံးအနှုန်းတို့အရ ပိုမိုတိကျရှင်းလင်းစေရန် ရည်ရွယ်သည့်လိုအပ်သော ပြင်ဆင်မှုတစ်ရပ်ဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသဘောတူညီချက်ပေးနိုင်ပါရန် ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး ခေါ် ဦးတင်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားလှယ်အမှတ်(၉) ဦးရန်နိုင်ဦးတို့က ဆက်လက်ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်းက ယနေ့ ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြလိုသည့်ကိစ္စမှာ လက်ရှိ “စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန” ဟူသောအမည်အား “စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန”ဟု ပြင်ဆင်သတ်မှတ်နိုင်ရေးကိစ္စဖြစ်ပါကြောင်း။



လက်ရှိဝန်ကြီးဌာနအမည်မှာ “စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန”ဖြစ်ပြီး ပြင်ဆင်အဆိုပြုထားသည့်အမည်မှာ “စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန” ဖြစ်ပါကြောင်း၊ လက်ရှိအမည်တွင် “အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ”ဟု ဖော်ပြထားသည့်အတွက် စီးပွားရေးလုပ်ငန်းများကို သီးခြားစတုတ္ထအမျိုးအစားတစ်ခုအဖြစ် အဓိပ္ပာယ်ကောက်ယူနိုင်သည့်အခြေအနေရှိပါကြောင်း၊ ပြင်ဆင်အဆိုပြုအမည်တွင် “အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ”ဟု ဖော်ပြခြင်းဖြင့် စီးပွားရေးလုပ်ငန်းများကို အရွယ်အစားအလိုက် ခွဲခြားသတ်မှတ်ထားသည့် အမျိုးအစားသုံးရပ်အဖြစ် ရှင်းလင်းစွာဖော်ပြနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လက်ရှိ “စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး “ဌာန” ဟူသော အမည်အစား “စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန”ဟု ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၂၀၂၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိနိုင်ပါရန် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောတူညီချက်ရယူရာ သဘောမတူသူမရှိသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ဒီဇယ်ဆီ HSD(500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်(LNG)အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို နိုဝင်ဘာလ တစ်လထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် စတင်ဖြစ်ပွားခဲ့သည့် အရှေ့အလယ်ပိုင်း ဒေသပဋိပက္ခများ ငြိမ်သက်ခြင်းမရှိသေးဘဲ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည့်အတွက် အခြားဒေသတွင်း နိုင်ငံများနည်းတူ နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံစားသောက်ကုန်နှင့် ကုန်စည်ဈေးနှုန်းများ တည်ငြိမ်မှုရှိစေရေး၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများအတွက် ဓာတ်အားထုတ်လုပ်မှုစရိတ်လျော့ကျစေရေးနှင့် အများပြည်သူအတွက် ဓာတ်အားခမြင့်တက်မှုမရှိစေရေး ထိန်းညှိဆောင်ရွက်ပေးရန် လိုအပ်နေဆဲဖြစ်ပါကြောင်း။

စိုက်ပျိုးရေး၊ ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအများဆုံးအသုံးပြုရသည့် ဒီဇယ်ဆီ HSD(500ppm)အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍လည်းကောင်း၊ သဘာဝဓာတ်ငွေ့ရည်(LNG)အပေါ် ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ၂၀၂၆ ခုနှစ် မေ ၁ ရက်မှစတင်၍လည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အရှေ့အလယ်ပိုင်းဒေသပဋိပက္ခအခြေအနေ၊ ကမ္ဘာ့လောင်စာဆီဈေးနှုန်း အတက်အကျအခြေအနေ၊ ပြည်တွင်းဒီဇယ်ဆီနှင့် သဘာဝဓာတ်ငွေ့ရည်ဈေးနှုန်းအခြေအနေ၊ အခြေခံစားသောက်ကုန် ကုန်စည်ဈေးနှုန်းများအခြေအနေ၊ နိုင်ငံတော်၏ ဘဏ္ဍာငွေလိုအပ်ချက်နှင့် အခွန်အကောက်ရရှိငွေများအခြေအနေတို့ကို လစဉ်သုံးသပ်ဆောင်ရွက်လျက်ရှိရာ ဒီဇယ်ဆီအပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန်တို့ကို နိုဝင်ဘာလ အတွက် တစ်လထပ်မံတိုးမြှင့်ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD(500 ppm)အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်(LNG)အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကို နိုဝင်ဘာ ၁ ရက်မှ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်ထိ တစ်လထပ်မံတိုးမြှင့်၍ ကင်းလွတ်ခွင့်ပြုပေးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စုဓာတ်အခွန်အကောက်ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒီဇယ်ဆီ HSD(500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်(LNG)အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို (အောက်တိုဘာလနှင့် နိုဝင်ဘာလ) ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေက အခွန်ကင်းလွတ်ခွင့်ပေးခြင်းသည် နိုင်ငံတော်၏ဘဏ္ဍာငွေအချို့ကို စွန့်လွှတ်ပေးခြင်းဖြစ်ရာ အဆိုပါအကျိုးကျေးဇူးများ ပြည်သူများထံ အမှန်တကယ်ရောက်မရောက် စိစစ်သုံးသပ်ရန် သက်ဆိုင်ရာဌာနများတွင် တာဝန်ရှိကြောင်း၊ စက်သုံးဆီရရှိမှုနှင့် ဖြန့်ဖြူးမှုအခက်အခဲများ၊ လုပ်ငန်းရပ်ဆိုင်းရမှုနှင့် တရားမဝင် ရောင်းချမှုတိုင်ကြားချက်များအပေါ် ကြီးကြပ်ဆောင်ရွက်ရန် အရေးကြီးပြီး ရန်ကုန်၊ မန္တလေးတို့တွင် ရောင်းတခင်စစ်ဆေးမှုများရှိသော်လည်း အခြားတိုင်းဒေသကြီးနှင့် ပြည်နယ် မြို့ကြီးများတွင် စစ်ဆေးအရေးယူမှု မရှိသလောက်တွေ့မြင်နေရသဖြင့် ပြည်သူ့အကျိုးခံစားခွင့်ကို အဓိကထား၍ ကြီးကြပ်စစ်ဆေးမှု၊ တာဝန်ခံမှုခိုင်မာစေမည့်အစီအမံများဖြင့် ပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ထောက်ခံဆွေးနွေးသည်။

သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဟေသားကြီးက အစိုးရအနေဖြင့် အခွန်ကင်းလွတ်ခွင့်ပေးလိုက်ခြင်းနှင့်ပတ်သက်၍ တင်သွင်းသူများ၊ ဖြန့်ဖြူးသူများနှင့် လက်လီရောင်းချသူများထိ စာရင်းဇယားများကို တစ်ဆင့်ချင်းစစ်ဆေးကြပ်မတ်ရန် လိုအပ်ပါကြောင်း၊ အစိုးရ၏အခွန်ကင်းလွတ်ခွင့်ပေးခြင်း၏ အကျိုးကျေးဇူးသည် ပြည်သူများထံ မရောက်ရှိပါက အစိုးရ၏မူဝါဒကို ပြန်လည်သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ သဘာဝဓာတ်ငွေ့ရည်အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်းသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်သည့်အတွက် အမှန်တကယ် လျှပ်စစ်ဓာတ်အားမည်မျှထုတ်လုပ်နိုင်ခဲ့သည်ကို တိုင်းတာသင့်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဒီဇယ်နှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့် တိုးမြှင့်ပေးခြင်းသည် ပြည်သူများ၏ စားဝတ်နေရေး၊ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအတွက် အထောက်အကူဖြစ်စေသည့်ဖြစ်သောကြောင့် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်က ဒီဇယ်ဆီနှင့် LNG သည် စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ စက်မှုနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် မရှိမဖြစ်စွမ်းအင်ဖြစ်သဖြင့် အခွန်သက်သာခွင့်ပေးခြင်းကို နားလည်သော်လည်း အခွန်ကင်းလွတ်ခွင့်ပေးခြင်းနှင့် ပြည်သူများ အမှန်တကယ်အကျိုးခံစားရခြင်းသည် တစ်ထပ်တည်းမဟုတ်ပါကြောင်း၊ တင်သွင်းသူများဘက်တွင် ကုန်ကျစရိတ်လျော့ကျနိုင်သော်လည်း ပြည်တွင်း လက်ကားဈေး၊ လက်လီဈေး၊ သယ်ယူပို့ဆောင်ခနှင့် အခြေခံစားသောက်ကုန် ဈေးနှုန်းများတွင် အမှန်တကယ်လျော့ကျသွားခြင်းရှိ၊ မရှိစိစစ်ရန် လိုအပ်ကြောင်းနှင့် အခွန်ကင်းလွတ်ခွင့်ရရှိသည့် စွမ်းအင်များ သတ်မှတ်လုပ်ငန်းကဏ္ဍသို့ အမှန်တကယ်ရောက်ရှိမှုရှိ၊ မရှိ၊ တရားမဝင်ဈေးကွက်စီးဆင်းမှု မရှိစေရေး ကြပ်မတ်ရန်နှင့် အကျိုးရလဒ်များကို လွှတ်တော်သို့ ပြန်လည်တင်ပြသည့်စနစ် ထားရှိသင့်ကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးခင်လှိုင်နှင့် မကွေးတိုင်းဒေသကြီးကိုယ်စားလှယ်အမှတ်(၁) ဦးအောင်လှထွေးတို့က ဆက်လက်ဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ကုန်စည်ပို့ဆောင်ရေးနှင့် ကုန်ထုတ်လုပ်မှုကဏ္ဍများတွင် အဓိကအသုံးပြုရသည့် ဒီဇယ်ဆီ HSD (500 ppm)ကို **စာမျက်နှာ ၁၉ သို့**

ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)နှင့်ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့်Onlineစနစ်ဖြင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၆ ရက်(သောကြာနေ့)မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online မှ ဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါ စနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot.gov.mm၊ www.rtad.gov.mm နှင့် www.myanmarrtad.comWebsite များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

ရုံးချုပ်(နေပြည်တော်)	-	၀၆၇-၃၄၀၅၀၉၉
နေပြည်တော်ရုံး	-	၀၆၇-၄၅၁၀၀၆၂၊ ၀၆၇-၄၅၁၀၀၆၄
တိုင်းဒေသကြီးရုံး(ရန်ကုန်)	-	၀၉-၉၅၄၉၂၁၀၀၀
တိုင်းဒေသကြီးရုံး(မန္တလေး)	-	၀၉-၄၃၀၉၆၉၈၀

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ၂၀၂၅-၂၀၂၆ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၂၃)သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက ကျောင်းသား၊ ကျောင်းသူ ၂၆၇ ဦးတို့ကို အလုပ်တာဝန်ခန့်အပ်လွှာများ ပေးအပ်ကြသည်။



ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့ထိ ဝိဇ္ဇာဘွဲ့ ၉၀၇ ဦး၊ သိပ္ပံဘွဲ့ ၁၇၉၄ ဦး၊ နည်းပညာ B.Tech ဘွဲ့ ၁၃၅ ဦး၊ A.G.T.I ဒီပလိုမာ ၁၁၇၁ ဦး စုစုပေါင်း ၄၀၀၇ ဦး ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် မဟာဝိဇ္ဇာဘွဲ့ ၄၄ ဦး၊ မဟာသိပ္ပံဘွဲ့ ၈၆ ဦး၊ မဟာသုတေသနဘွဲ့ ၃၅ ဦး၊ Ph.D ဘွဲ့ ၁၈ ဦး၊ B.E ဘွဲ့ ၂၆၉ ဦး၊ M.E ဘွဲ့ ဦးရေ ၂၀၊ B.Tech ဘွဲ့ ၉၅ ဦး အောင်မြင်မှုရရှိခဲ့သည့်အပြင် ဘာသာရပ်အလိုက် ဆက်လက်ကြိုးစားသင်ယူဆဲ ကျောင်းသား၊ ကျောင်းသူများလည်းရှိကြောင်း အဆိုပါပွဲမှ သိရသည်။

အဆိုပါပွဲတွင် ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်က သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာခေတ်ကြီး၌ ကြီးပြင်းခဲ့ကြသူများဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာများကို အဆင့်မြင့်မြင့်တတ်မြောက်အောင် ဆက်လက်ကြိုးစား လေ့လာသွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိတို့ လေ့လာတတ်မြောက်ထားသည့် ပညာရပ်များကို တိုးတက်မြင့်မားအောင် စဉ်ဆက်မပြတ် လေ့လာဆည်းပူး၍ မိမိတို့လုပ်ငန်းခွင်များတွင် ကြုံတွေ့ရမည့်အခြေအနေများနှင့် ပေါင်းစပ်၍ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အမှားအနည်းဆုံးဖြင့် အောင်မြင်အောင် အစွမ်းကုန်ကြိုးစား ဆောင်ရွက်သွားကြရန်၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်စေရေး၊ ဗဟုလါးတန်နှင့်ပြည့်စုံစေရေး စသည့် လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း။

သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ကြသည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအတိုင်း ကျင့်ဝတ်စည်းကမ်းတန်ဖိုးများကို သိရှိလိုက်နာပြီး လုပ်ငန်းစွမ်းဆောင်ရည်အပြည့်ဖြင့် မြင့်မားသောစိတ်ဓာတ်၊ မှန်ကန်သောခံယူချက်၊ မြင့်မြတ်သော အကျင့်စာရိတ္တကောင်းများကို လက်ကိုင်ပြု၍ အဂတိတရားကင်းရှင်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ကျရာအခန်းကဏ္ဍမှ ကြိုးစားထမ်းဆောင်သွားကြရန်၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်အချိုးကျသည့်အတွက် ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင်လည်း ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ နိုင်ငံဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာသာဘာရပ်ထူးချွန်ဆုရရှိသူ ကျောင်းသား တစ်ဦးနှင့် သိပ္ပံဘာသာရပ်ထူးချွန်ဆုရရှိသူကျောင်းသူ တစ်ဦးတို့ကို လည်းကောင်း၊ ဒုတိယဝန်ကြီးက A.G.T.I ဒီပလိုမာထူးချွန်ဆုရရှိသူ တစ်ဦးကိုလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထို့ပြင် ဒီဂရီကောလိပ်အတွင်း အခြေခံစစ်ပညာသင်တန်းလေ့ကျင့်သင်ကြားနေမှု၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် သုံးထပ်ကျောင်းသူအိပ်ဆောင်၊ THEATRE ခန်းမ၌ ကျောင်းပိတ်ရက် လေ့ကျင့်ရေးကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ၏ အထွေထွေဗဟုသုတ ယှဉ်ပြိုင်နေမှုနှင့် ဒီဂရီကောလိပ် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများကို ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံပြီး ကျောင်းသား၊ ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေး၍ ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက ဂုဏ်ပြုဆုငွေကိုလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၁၈ မှအဆက်

ကုန်စျေးနှုန်းတည်ငြိမ်စေရန်၊ အများပြည်သူအတွက် လျှပ်စစ်ဓာတ်အား စျေးနှုန်းမြင့်တက်မှုမရှိစေရန်၊ ကုန်ထုတ်လုပ်မှုစရိတ်လျော့ချနိုင်ရန်နှင့် အခြေခံပြည်သူလူထု၏ လူမှုစီးပွားဘဝအဆင်ပြေချောမွေ့စေရေးကို အဓိကဦးတည်ပြီး ဒီဇယ်ဆီ HSD (500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်(LNG)တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပေးခြင်းဖြစ်ပါကြောင်း၊ ကုန်စျေးနှုန်းကြီးမြင့်ရသည့် အကြောင်းရင်းများစွာရှိသည့်အနက် အခွန်ကောက်ခံမှုကြောင့် ကုန်စျေးနှုန်းကြီးမြင့်မှုကို လျော့ချနိုင်ရန်နှင့် အခွန်၏ သက်ရောက်မှုနည်းပါးစေရန်အတွက် အခွန်ကင်းလွတ်ခွင့်ပြုရန် တင်ပြဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း။

ပြည်ပမှတင်သွင်းလာသည့် စက်သုံးဆီများကို စျေးနှုန်းသတ်မှတ်ရာတွင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနက အခွန်မပါသည့်စျေးနှုန်းဖြင့်သာ သတ်မှတ်၍ ပြည်တွင်းသို့ ပြန်လည်ဖြန့်ဖြူးရောင်းချစေခြင်းဖြင့် အခွန်ကောက်ခံမှုကြောင့် စက်သုံးဆီစျေးနှုန်းမြင့်တက်မှုမရှိစေရန် သက်ဆိုင်ရာကော်မတီများက ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD(500 ppm)အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas–LNG)အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတို့အတွက် နှစ်လထပ်မံ၍တိုးမြှင့်ခွင့်ပြုနိုင်ရေး ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပြန်လည်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၄၆၁ မဲ၊ ကန့်ကွက်မဲ ၃၀ နှင့် ကြားနေမဲ ၃၄ မဲရရှိပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပလက်ဝ-ဇိုရမ်ပူရ် နှစ်လမ်းသွားလမ်းဖောက်လုပ်ခြင်းစီမံကိန်းအတွက် တင်သွင်းခဲ့သော မော်တော်ယာဉ် ငါးစီးအပေါ်ကျသင့်မည့် အထူးကုန်စည်ခွန်ကို ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက ပလက်ဝ-ဇိုရမ်ပူရ် နှစ်လမ်းသွားလမ်းဖောက်လုပ်ရေးစီမံကိန်းသည် မြန်မာနိုင်ငံ ချင်းပြည်နယ် ပလက်ဝမြို့နယ်နှင့် အိန္ဒိယ-မြန်မာနယ်စပ်ရှိ ဇိုရမ်ပူရ်ကို ဆက်သွယ်ဖောက်လုပ်မည့် နှစ်လမ်းသွားအဝေးပြေးလမ်းစီမံကိန်းဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းသည် အိန္ဒိယအရှေ့မြောက်ဒေသနှင့် စစ်တွေဆိပ်ကမ်းကို ချိတ်ဆက်၍ ပင်လယ်ရေကြောင်း၊ မြစ်ကြောင်းနှင့် ကုန်းလမ်းတို့ကို ပေါင်းစပ်ကာ ဘင်္ဂလားပင်လယ်အော်သို့ ကုန်စည်သယ်ယူပို့ဆောင်မည့် အဓိကလမ်းကြောင်းဖြစ်သည့်အတွက် အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်ပြုခြင်းဖြင့် အသုံးစရိတ်လျော့ချနိုင်ကာ လမ်းဖောက်လုပ်မှုလျင်မြန်စေမည်ဖြစ်၍ အလွဲသုံးစားမဖြစ်စေရေး တိကျစွာသတ်မှတ်ကြီးကြပ်လျက် မော်တော်ယာဉ် ငါးစီးအပေါ်ကျသင့်မည့် အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်ကို လေးနက်စွာထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကလေးမဲဆန္ဒနယ်မှ ဦးခင်မောင်သန်းက အဆိုပါစီမံကိန်းသည် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသအပါအဝင် နယ်စပ်ကုန်သွယ်ရေးကွင်းဆက်များကို အထူးအကျိုးပြုမည်ဖြစ်ကြောင်း၊ ထို့ပြင် ကလေးစက်မှုဇုန်မှ ယခင်က ချင်းပြည်နယ်နှင့် နာဂဒေသများအတွက် မောင်မြန်မာမော်တော်ယာဉ်များနှင့် လယ်ယာသုံးစက်ကိရိယာများကို ၂၀၁၉ ခုနှစ် ကိုဗစ်မတိုင်မီထိ ထုတ်လုပ်နိုင်ခဲ့ရာ အဆိုပါလုပ်ငန်းများကို နိုင်ငံတော်၏အထောက်အပံ့၊ MSME ချေးငွေများဖြင့် ပြန်လည်ဦးမော့လာစေပါက စီမံကိန်းများအတွက် ပြည်တွင်းထုတ်စက်ပစ္စည်းများကို အစားထိုးအသုံးပြုနိုင်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် မော်တော်ယာဉ် ငါးစီးအပေါ် ကျသင့်မည့် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ပြုနိုင်ရေးကိစ္စကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ထောက်ခံဆွေးနွေးသည်။

သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံက လမ်းပန်းဆက်သွယ်ရေးသည် ဒေသဖွံ့ဖြိုးရေး၏ သွေးကြောဖြစ်ပြီး ပလက်ဝကဲ့သို့ ဒေသတွင် နှစ်လမ်းသွားလမ်းဖောက်လုပ်နိုင်ခြင်းသည် ပြည်သူများ၏ လူမှုစီးပွားအတွက် အခွင့်အလမ်းတံခါးသစ်များ ဖွင့်လှစ်ပေးခြင်းဖြစ်သည့်အပြင် အဆိုပါစီမံကိန်းသည် နှစ်နိုင်ငံချုပ်ဆိုထားသည့် Framework Agreement နှင့်အညီ အကောင်အထည်ဖော်နေခြင်းဖြစ်သဖြင့် စီမံကိန်းအချိန်မီပြီးစီးရေး လိုအပ်သောအထောက်အပံ့များ ဖြည့်ဆည်းပေးသင့်ကာ တင်သွင်းလာသည့် မော်တော်ယာဉ် ငါးစီးပေါ်ကျသင့်မည့် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ပြုရေးကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး ခေါ် ဦးတင်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၆) ဦးအေးပိုင်တို့က ထောက်ခံဆွေးနွေးကြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ယခုကဲ့သို့ ပြည့်ပြည့်စုံစုံအကြံပြုထောက်ပြဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို အထူးကျေးဇူးတင်ရှိပြီး ဌာနအနေဖြင့်လည်း အဆိုပါမော်တော်ယာဉ်များကို သက်ဆိုင်ရာလုပ်ငန်းတွင်သာ အကျိုးရှိစွာအသုံးချသွားမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ထင်က ပလက်ဝ-ဇိုရမ်ပူရ် နှစ်လမ်းသွား လမ်းဖောက်လုပ်ခြင်းစီမံကိန်းသည် အိန္ဒိယနိုင်ငံ၏အထောက်အပံ့(Grant Aid)ဖြင့် ၂၀၁၇ ခုနှစ်ကစတင်ဆောင်ရွက်ခဲ့သည့် စီမံကိန်းဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် နယ်မြေအခြေအနေအရ စီမံကိန်းလုပ်ငန်းများ ရပ်တန့်ခဲ့ရသည့်အတွက် Drawback စနစ်ဖြင့်တင်သွင်းခဲ့သည့် မော်တော်ယာဉ် ငါးစီးကို မူလနိုင်ငံသို့ ပြန်လည်တင်ပို့မှုမရှိနိုင်ခြင်းကြောင့် ပြည်တွင်းသုံးစွဲမှုစနစ်သို့ ပြောင်းလဲဆောင်ရွက်ရာတွင် ကျသင့်မည့် အထူးကုန်စည်ခွန်ကို ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ပလက်ဝ-ဇိုရမ်ပူရ် နှစ်လမ်းသွား လမ်းဖောက်လုပ်ခြင်းစီမံကိန်းအတွက် တင်သွင်းခဲ့သော မော်တော်ယာဉ် ငါးစီးအပေါ်ကျသင့်မည့် အထူးကုန်စည်ခွန်ကို ကင်းလွတ်ခွင့်ပြုနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပုဒ်မ ၃၇ နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူပေးနိုင်ပါရန် ပြန်လည်ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ ဆန္ဒမဲရယူရာ ထောက်ခံမဲ ၅၂၃ မဲ၊ ကန့်ကွက်မဲ လေးမဲ၊ ကြားနေမဲ ခြောက်မဲရရှိပြီး ထောက်ခံဆန္ဒမဲများသည့်အတွက် သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းက ကော်မရှင်ကို အဖွဲ့ဝင် ၁၃ ဦးဖြင့် ဘာသာရပ်အလိုက်တာဝန်ခွဲဝေဆောင်ရွက်လျက်ရှိပြီး ဌာနခြောက်ခုအပြင် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့တွင် ရုံးခွဲများဖွင့်လှစ်ထားရှိကြောင်း၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် အသိပညာပေးရေးအတွက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ကြက်ခြေနီအသင်းနှင့် လူငယ်ရေးရာကော်မတီတို့၌ ဟောပြောပွဲများပြုလုပ်ခြင်း၊ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများသို့ လူ့အခွင့်အရေးသင်ခန်းစာ ၁၈ ခု ပို့ချခြင်းနှင့် သတင်းထုတ်ပြန်ချက် ၁၇ ခု ထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးအနေဖြင့် တိုင်တန်းချက် ၃၄၆ စောင်နှင့် သတင်းမီဒီယာအရ ဆောင်ရွက်မှု တစ်မှုလက်ခံရရှိခဲ့ရာ သက်ဆိုင်ရာဌာနများသို့ ညှိနှိုင်းမေးမြန်းခြင်း၊ တိုင်တန်းသူများထံ အကြံပြုချက်ပြန်ကြားခြင်း၊ ကော်မရှင်ရုံးသို့ ခေါ်ယူစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး တိုင်တန်းချက်များအနက် မြေယာကိစ္စ ၂၈ ဒသမ ၅၃ ရာခိုင်နှုန်း၊ တရားရေးကိစ္စ ၁၂ ဒသမ ၀၁ ရာခိုင်နှုန်းနှင့် အကျဉ်းထောင်ကိစ္စ ၁၁ ဒသမ ၂၃ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း၊ တိုင်တန်းချက်အရ ကွင်းဆင်းစုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့သည့်အပြင် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း၊ ရဲစခန်း၊ တရားရုံးအချုပ်ခန်း၊ ဘိုးဘွားရိပ်သာနှင့် လူငယ်သင်တန်းကျောင်းများကို စစ်ဆေး၍ အကြံပြုချက်များပေးပို့ခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုလည်း ပြည်တွင်းလေ့လာသူအဖြစ် စောင့်ကြည့်လေ့လာခဲ့ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး နဝမနေ့ကို နိုဝင်ဘာ ၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန သစ်လွင်သူနာပြုများကို နိုင်ငံဝန်ထမ်းအဖြစ်တာဝန်ပေးအပ်သည့် ခန့်အပ်လွှာပေးအပ်



နေပြည်တော် နိုဝင်ဘာ ၃

ကျန်းမာရေးဝန်ကြီးဌာန၏ သစ်လွင်သူနာပြုများအား နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တာဝန်ပေးအပ်ပွဲတွင် သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်) အောင်မြင်သူ ၂၈၃ ဦးနှင့် သူနာပြုတက္ကသိုလ်(မန္တလေး)မှ သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)အောင်မြင်သူ ၁၇၉ ဦး စုစုပေါင်း ၄၆၂ ဦးကို နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာများပေးအပ်မည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၆ ခုနှစ် ဒီဇင်ဘာလတွင် သူနာပြု ၂၁၄၃ ဦးတို့ကို သစ်လွင်သူနာပြုများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် ဆက်လက်စီစဉ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဌာနတိုးဝင်းက နိုင်ငံတော်အနေဖြင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတိုးတက်အောင် ဆောင်ရွက်လျက်ရှိရာ သူနာပြုများနေထိုင်ရန် အဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ ရရှိထားသော ပညာအရည်အချင်းအလိုက် ထောက်ပံ့ကြေးများ၊ ရာထူးအဆင့်အလိုက်လစာနှုန်းတိုးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် Capacity Building အတွက် သင်တန်းများဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး မိမိတို့အရည်အသွေး တိုးတက်လာစေရေးအတွက် ကြိုးစားကြစေလိုကြောင်း သစ်လွင်သူနာပြုများကို ကျန်းမာရေးဝန်ကြီးဌာနမှ မိသားစုဝင်အဖြစ် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုပါကြောင်း၊ ပြည်သူလူထု အားကိုး အားထားရသော သူနာပြုဆရာ၊ ဆရာမကောင်းများဖြစ်ရန် ကြိုးစားကြစေလိုကြောင်း၊ အချင်းချင်း အပြန်အလှန်လေးစားပြီး ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များ ပြည့်မီအောင် ဆတက်ထမ်းပိုးကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စုစုပေါင်း ၄၆၂ ဦးကိုယ်စား သစ်လွင်သူနာပြု နှစ်ဦးကို နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ပေးအပ်သည့် ခန့်အပ်လွှာများ ပေးအပ်ခဲ့ပြီး သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ သစ်လွင်သူနာပြုတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ငြိမ်းချမ်းသာယာရေး အထူးဆုတောင်းပွဲ ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၃

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ငြိမ်းချမ်းသာယာရေး အထူးဆုတောင်းပွဲ ၂၀၂၆ ကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ Jasmine Hotel ၌ ကျင်းပသည်။

ဆုတောင်းပွဲတွင် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်အဖွဲ့ချုပ်ကြီးများမှ ဆရာတော်များ၊ ဂိုဏ်းပေါင်းစုံမှ ခရစ်ယာန် ဘာသာဝင်များ၊ တိုင်းရင်းသားလူငယ်များ ဦးရေ ဂုဝဂ ခန့်က ဓမ္မသီချင်းများ စုပေါင်းသီဆိုခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့ပြင် ဆုတောင်းပွဲတွင် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ် ဥက္ကဋ္ဌ ကာဒီနယ်ချားလ်စ်ဘို၊ အောက်မြန်မာပြည် မက်သဒစ်အသင်းတော်ဂိုဏ်းချုပ်ဆရာတော်ကြီး ဒေါက်တာဦးမြတ်ဆန်းနှင့် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ သာသနာပိုင်ချုပ်ကြီး စတီဗင်သန်းမြင့်ဦးတို့က အမှာစကားပြောကြားကြပြီး မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန်မဟာမိတ် အဖွဲ့ချုပ် သိက္ခာတော်ရ ဆရာတော် ဒေါက်တာဦးအေးမင်းက အမိမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာရေးအတွက် အထူးဆုတောင်းမေတ္တာပို့သပေးကာ မြန်မာနိုင်ငံ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ဥက္ကဋ္ဌက ကောင်းချီးပေး၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ ခြင်ဆီအစားထိုးကုသမှု

လူနာ ငါးဦးမှာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ ၅၇ နှစ်အရွယ် အမျိုးသားတစ်ဦး၊ လှိုင်မြို့နယ်မှ ၆၆ နှစ်အရွယ် အမျိုးသားတစ်ဦး၊ ဟိုပန်မြို့နယ်မှ ၅၄ နှစ်အရွယ် အမျိုးသမီးတစ်ဦး၊ သာကေတမြို့နယ်မှ ၆၂ နှစ်အရွယ် အမျိုးသမီးတစ်ဦးနှင့် တောင်ကြီးမြို့နယ်မှ ၅၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးတို့ဖြစ်ကြသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ခြင်ဆီအစားထိုးကုသခြင်းကို ၂၀၁၆ ခုနှစ်တွင် သုံးဦး၊ ၂၀၁၇ ခုနှစ်တွင် သုံးဦး၊ ၂၀၁၈ ခုနှစ်တွင် လေးဦး၊ ၂၀၁၉ ခုနှစ်တွင် တစ်ဦး၊ ၂၀၂၀ ပြည့်နှစ်တွင် တစ်ဦး၊ ၂၀၂၄ ခုနှစ်တွင် သုံးဦး၊ ၂၀၂၅ ခုနှစ်တွင် ၁၀ ဦးနှင့် ၂၀၂၆ ခုနှစ် ယခုအချိန်ထိ ၁၃ ဦး စုစုပေါင်း ၃၈ ဦးကို ဆောင်ရွက်ခဲ့ပြီး ပြည်သူများ ကျန်းမာရေးကုန်ကျစရိတ် သက်သာစေရေးအတွက် ပြည်တွင်းမှာပင် ခြင်ဆီအစားထိုးကုသမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးမြို့ နန်းမြို့ရိုးရေရှည်တည်တံ့ခိုင်မြဲစေရေး အလေ့ကျပေါက်ရောက်နေသည့် ချုံနွယ်များ၊ ပေါင်းမြက်များကို လူအင်အားဖြင့် ရှင်းလင်းဆောင်ရွက်

မန္တလေး နိုဝင်ဘာ ၃



မန္တလေးမြို့ နန်းမြို့ရိုး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် နန်းမြို့ရိုးပတ်လည်တွင် အလေ့ကျပေါက်ရောက်နေသည့် ချုံနွယ်များ၊ ပေါင်းမြက်ပင်များကို ယနေ့ နံနက်ပိုင်းက လူအင်အားဖြင့် ရှင်းလင်းဆောင်ရွက်ကြရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ လိုက်လံကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးတို့ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)ညွှန်ကြားရေးမှူး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့် တာဝန်ရှိသူများက မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျက်စီးခဲ့မှုများကို ရှေးမူလက်ရာအတိုင်းပြန်လည်ပြုပြင် မွမ်းမံပြီးစီးမှုအခြေအနေများ၊ နန်းမြို့ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အလေ့ကျပေါက်ရောက်နေသည့် ချုံနွယ်များ၊ ပေါင်းမြက်များကို တပ်မတော်သားများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ ဝန်ထမ်းများ၊ စည်ပင်သာယာရေးကော်မတီမှ လုပ်သားများ စုစုပေါင်း ဦးရေ ၅၀၀ ဖြင့် စနစ်တကျ ကြပ်မတ်ကာ ရှင်းလင်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးတို့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

❍ ဆိုင်ကလုန်းမုန်တိုင်းမှ

ဆိုင်ကလုန်းမုန်တိုင်း(Cyclonic Storm) “မူရားစု” (MURASU) အဖြစ်သို့ အားလျော့သွားခဲ့ပြီးဖြစ်သည်။ အဆိုပါဆိုင်ကလုန်းမုန်တိုင်း “မူရားစု”သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ကုန်းတွင်းမုန်တိုင်းငယ်အဖြစ်သို့ အားလျော့သွားမည်ဟုခန့်မှန်းရသည်။ **(မိုး/၈လ)**

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

☆ ကျောဖုံးမှအဆက်

တွေ့ရှိရပြီး အဆိုပါအွန်လိုင်းမီဒီယာသတင်းများသည် မှန်ကန်မှုမရှိသည့် သတင်းမှားများသာဖြစ်ကြောင်း တွေ့ရှိရသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံအနေဖြင့် နိုင်ငံတော်အစိုးရအချင်းချင်းဆက်ဆံရေး၊ တပ်မတော်အချင်းချင်းဆက်ဆံရေး၊ ပြည်သူအချင်းချင်းနှင့် အဖွဲ့အစည်းများကြား ဆက်ဆံရေးတို့တွင် ကဏ္ဍပေါင်းစုံ၌ ခိုင်မာအားကောင်းလျက်ရှိပြီး မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး(Natural Strategic Partnership)အဆင့် ရှိသည့် နိုင်ငံများလည်းဖြစ်သည်။ မြန်မာ့တပ်မတော်အနေဖြင့်လည်း နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြားတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသည်။ ထို့ပြင် နှစ်နိုင်ငံပြည်သူများအနေဖြင့်လည်း ကာလရှည်ကြာသည့် မိတ်ဖက်ချစ်ကြည်ရင်းနှီးမှုများရှိပြီးဖြစ်သည်။

KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုပျက်ပြားစေရန်ရည်ရွယ်၍ နှစ်နိုင်ငံနယ်စပ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ၁၂ ဒသမ ၇ မမ စက်သေနတ်ကြီးဖြင့် ပစ်ခတ်ခံရမှုကြောင့် ထိုင်းပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရခဲ့သည်ဟုသိရပြီး မြန်မာ့တပ်မတော်၌ အဆိုပါ လက်နက်အသုံးပြုမှုမရှိသည်ကို ထိုင်းတပ်မတော်တာဝန်ရှိသူများထံ အသိပေးပြီးဖြစ်ကြောင်းအကြမ်းဖက်သောင်းကျန်းသူများက နှစ်နိုင်ငံချစ်ကြည်ရေးကိုပျက်ပြားစေရန် ထိုင်းနိုင်ငံနယ်နိမိတ်အတွင်းသို့ ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့မှုအတွက် မြန်မာ့တပ်မတော်က များစွာစာနာနားလည်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာ့တပ်မတော်အနေဖြင့် မြန်မာ-ထိုင်းတပ်မတော်နှစ်ရပ်ကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို အလေးထားသည်နှင့်အညီ အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာကိုထိပါးစေမည့် အပြုအမူများကို မည်သည့်အချိန်တွင်မှ လုပ်ဆောင်မည်မဟုတ်ဘဲ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိပြီး နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်နိုင်ငံပြည်သူများ လုံခြုံအေးချမ်း၍ ဒေသတည်ငြိမ်ရေးကိုသာ အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ဒုတိယအကြိမ် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော ကျောင်းသူတစ်ဦးကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၃

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် စစ်တွေတပ်နယ် တပ်ရင်း၊ တပ်ဖွဲ့များမှ ကျောင်းသား၊ကျောင်းသူများ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေတပ်နယ် ခန်းမ၌ပြုလုပ်ရာ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဇောနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်ချီးမြှင့်ငွေများပေးအပ်ရာ ကျောင်းသား၊ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများကတက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော ကျောင်းသူတစ်ဦးကို ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ





တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)၌ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ ကြည့်ရှုလေ့လာကြစဉ်။

နေပြည်တော် နိုဝင်ဘာ ၃

သမိုင်းစဉ် ကာလတစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်းမြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့ကြသည့် သူရဲကောင်းများ၊ သူ့ကျွန်မခံ တွန်းလှန်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေးကြိုးပမ်းမှု ကာလနှင့် လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များကို မြင်တွေ့လေ့လာမှုများမှတစ်ဆင့် လူငယ်လူရွယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန်ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော်လေယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရ ဓာတ်ပုံများရိုက်ကြသည်။

ထို့နောက် တပ်မတော်(ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် မှန့်များကိုပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားပြီး ကျောင်းသား၊ကျောင်းသူများနှင့် ဆရာ၊ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာ၍ သိရှိလိုသည်များ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဥဏ်စမ်းပဟေဠိပြိုင်ပွဲပြုလုပ်ကာ မေးခွန်းများမှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများပေးအပ်ချီးမြှင့်ကြပြီး ပြတိုက်တာဝန်ရှိသူများက ပြန်လည်ထွက်ခွာမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထိုကဲ့သို့လေ့လာရေးလာရောက်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကား သံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

“ကျွန်မတို့ ဒီနေ့တပ်မတော်မော်ကွန်းတိုက်နှင့် စစ်သမိုင်းပြတိုက်ကို ကျောင်းသား၊ ကျောင်းသူများလာရောက် လေ့လာခွင့်ရတဲ့အတွက်ကြောင့် အများကြီး ဝမ်းသာပါတယ်။ ဒီနေ့ ကျွန်မတို့ရဲ့ ကလေးတွေ ကြည်း၊ရေ၊လေ တပ်မတော် ပြတိုက်တွေကို လာရောက်လေ့လာရတဲ့



အခါမှာ ကလေးတွေကလဲ စိတ်ပါဝင်စားစွာနဲ့လေ့လာပြီးတော့ ရှေးတုန်းကနေပြီးမှ အဆင့်ဆင့်သမိုင်းကြောင်းတွေကို လေ့လာခွင့်ရတဲ့ အတွက်ကြောင့်မို့လို့ ကျွန်မတို့ကလေးတွေအတွက် အများကြီး အကျိုးကျေးဇူးရရှိပါတယ်။ တပ်မတော် စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာဖို့အတွက် စီစဉ်ပေးတဲ့နိုင်ငံတော်အကြီးအကဲများနှင့် တာဝန်ရှိသူများ အားလုံးကို ကျေးဇူးအထူးပင်တင်ရှိပါတယ်”ဟု ပြောသည်။

“ကျွန်တော်တို့က ဒီနေ့မှာတပ်မတော်စစ်သမိုင်းပြတိုက်ကို လေ့လာရေးထွက်လာရတာဖြစ်ပါတယ်။ ဒီမှာရှိတဲ့ စစ်ဘက်ဆိုင်ရာပစ္စည်းတွေနဲ့ တည်ဆောက်ပုံတွေဖွဲ့စည်းပုံတွေကို ကြည့်ရှုရတဲ့အတွက် ကျွန်တော်တို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ ကြည်း၊ရေ၊လေ သုံးခုထဲမှာဆိုရင် ကျွန်တော့်အနေနဲ့ စိတ်ဝင်စားဆုံးအပိုင်းကတော့ လေတပ်အပိုင်းပဲဖြစ်ပါ



တယ်။ လေတပ်ဟာဆိုရင် လေယာဉ်ပစ္စည်းအမျိုးမျိုးနဲ့ အမြောက်ကျည်ဆန်ပေါင်းများစွာနဲ့လေယာဉ်ကို ဘယ်လိုတီထွင်ထားလဲ၊ ဘယ်လိုအသုံးပြုလဲ၊ ဘယ်လိုနေရာတွေကို အသုံးချလဲဆိုတာမျက်မြင်ကိုယ်တွေ့ မြင်တွေ့ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ အခုလိုစီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲများနှင့် တာဝန်ရှိသူများအားလုံးကို ကျွန်တော် အနေနဲ့ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်”ဟု ပြောသည်။

(၅၀၁)

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။

အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ဒုတိယအကြိမ် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်ချီးမြှင့်ငွေများ ပေးအပ်



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းထွန်း ကျောင်းသားတစ်ဦးကို ပညာသင်ချီးမြှင့်ငွေများ ပေးအပ်စဉ်။

နေပြည်တော် နိုဝင်ဘာ ၃

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် အနောက်မြောက်တိုင်း စစ်ဌာနချုပ်မှ ကျောင်းသား၊ ကျောင်းသူများ ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်ချီးမြှင့်ငွေများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဇေယျာသီရိခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးဝင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပညာသင်ချီးမြှင့်ငွေများကို ပေးအပ်ရာ ကျောင်းသား၊ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

❖ အလေးမပြိုင်ပွဲမှ

နှစ်ဆင့်မစံချိန် ၈၁ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၄၁ ကီလိုဖြင့် တတိယရရှိခဲ့သည်။

ဆက်လက်၍ အမျိုးသား ၇၅ ကီလို တန်းပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဝေယံဖြိုးက အမြန်မစံချိန် ကီလို ၁၀၀၊ နှစ်ဆင့်မစံချိန် ၁၃၆ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၃၆ ကီလိုဖြင့် ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ရှိုင်းညီညီက အမြန်မစံချိန် ကီလို ၁၀၀၊ နှစ်ဆင့်မစံချိန် ၁၃၅ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၃၅ ကီလိုဖြင့် ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ဇင်မင်းအောင်က အမြန်မစံချိန် ၉၅ ကီလို၊ နှစ်ဆင့်မစံချိန် ၁၃၁ ကီလိုနှင့် စုစုပေါင်းစံချိန် ၂၂၆ ကီလိုဖြင့် တတိယရရှိခဲ့သည်။

ယနေ့ပြိုင်ပွဲ၏ အမျိုးသား ၇၅ ကီလို တန်းပြိုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဝေယံဖြိုးသည် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်က သတ်မှတ်ထားသည့် ပြည်နယ်နှင့်တိုင်းဒေသကြီး နှစ်ဆင့်မပြိုင်ပွဲ၏ စံချိန် ၁၃၄ ကီလိုထက် ကျော်လွန်၍ ၁၃၆ ကီလိုဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး၏ စံချိန်သစ်တင်နိုင်ခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၄ ရက်(ယနေ့) နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အလေးမပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ကီလိုတန်းအလိုက် အမြန်မပြိုင်ပွဲနှင့်နှစ်ဆင့်မပြိုင်ပွဲများကို ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဆင်ခြေလျှောမြေသားနိမ့်ကျမှုဖြစ်ပွားခဲ့သည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံမှ သိုလှောင်ရေများ ဆက်လက်လျှော့ချ ပတ်ဝန်းကျင်ကျေးရွာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၃

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ဆင်ခြေလျှောနိမ့်ကျမှုကို ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ပြီး ရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် တမံရှိရေ ၂၉၅ ဒသမ ၃၀ ပေသာ ကျန်ရှိတော့သဖြင့် ၁၉ ဒသမ ၇၀ ပေခန့် ရေထုတ်လွှတ်လျှော့ချပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါတမံဆင်ခြေလျှောနိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများနှင့် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများရှိ ချို့နွဲယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများကို နယ်မြေခံတပ်မတော်သားများနှင့်ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

“ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“မအောင်မြင်တော့တဲ့ တော်လှန်ရေးကို NUG အောက်က အကြမ်းဖက် PDF တွေ ဘာ့ကြောင့်စွန့်ခွာလာကြသလဲ”**ခေါင်းစဉ်ဖြင့် ၁၁-၁၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၈-၁၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“ပြည်သူပိုင်စည်းစိမ်ဥစ္စာများကို ကိုယ်ကျိုးရှာခေါင်းပုံဖြတ် ဖျက်ဆီးရောင်းချ အမြတ်ကြီးစားနေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF များ”**ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်း နှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၀၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း သို့မဟုတ် စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင် သို့မဟုတ် အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီး အရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

● ရွှေကုက္ကိုလ်နယ်မြေမှ

တရားမဝင် အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများ စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ခြောက်ထပ် အဆောက်အအုံ တစ်လုံးကို ယနေ့ထိ ၈၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ခြောက်ထပ်အဆောက်အအုံတစ်လုံးကို ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့ထိ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ခြောက်ထပ် အဆောက်အအုံ မဖြိုဖျက်မီတွေ့ရစဉ်။





ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

● ဘီလီယက်နှင့် စနူကာပြိုင်ပွဲမှ

ရန်ကုန်တိုင်းဒေသကြီး သဃ်နိုးကျွန်း မြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး စနူကာ 6-Red, စနူကာ 15-Red, 9 Ball Pool နှင့် ဘီလီယက်ပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့သည်။

အမျိုးသားပြိုင်ပွဲ ပွဲစဉ်များအဖြစ် စနူကာ 15-Red ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးအသင်းမှ ကောင်းဇံထက်က မွန်ပြည်နယ်အသင်းမှ ရဲရင့်မှူးကို သုံးပွဲနှစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ နိုင်ဝင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းမှ သန်းဇော်ထွန်းကို သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ညီညီမောင်က ရှမ်းပြည်နယ်အသင်းမှ ကမ္ဘာလင်းကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ မာန်ဟိန်းကျော်က ပဲခူးတိုင်းဒေသကြီးအသင်းမှ ငြိမ်းပြည့်ဖြိုးကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ စနူကာ 6-Red ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းမှ ကိုကိုချစ်က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်နိုင်စိုးကို လေးပွဲ သုံးပွဲဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အသင်းမှ သျှံထွန်းအောင်က ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျော်စွာလင်းကို လေးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ မင်းစည်သူထွန်းက ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ရဲထွဋ်နိုင်ကို လေးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သူရဇော်က ရှမ်းပြည်နယ်အသင်းမှ ဖီးအီကို လေးပွဲ သုံးပွဲဖြင့်လည်းကောင်း၊ 9 Ball Pool ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ စိုင်းကွမ်းမိုင်းက ကချင်ပြည်နယ်အသင်းမှ အောင်မြင့်ကို ကိုးပွဲ ခုနစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အောင်ဖြိုးက စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ခန့်မင်းထွန်းကို ကိုးပွဲ ခုနစ်ပွဲဖြင့်လည်းကောင်း၊ ဘီလီယက်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျော်စွာဝင်းက ချင်းပြည်နယ်အသင်းမှ ဇော်လင်းနိုကို သုံးပွဲ ပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ဝင်းကိုကိုက စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ သီဟစိုးကို သုံးပွဲ အလားတူ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်အဖြစ် စနူကာ 6-Red ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ဖြူစင်အောင်က ရန်ကုန်တိုင်းဒေသကြီးအသင်းမှ စန်းစန်းမော်ကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ အေမီအောင်က ရှမ်းပြည်နယ်အသင်းမှ အေးအေးမြတ်ကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ 9 Ball Pool ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ ခေါ်ဆန့်က မကွေးတိုင်းဒေသကြီးအသင်းမှ နွယ်နီလင်းကို ငါးပွဲ လေးပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှ ဝင်းမာလာအောင်က ချင်းပြည်နယ်အသင်းမှ တင်မျိုးလှိုင်ကို ငါးပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ သက်ဝါဝင်းက ချင်းပြည်နယ်အသင်းမှ ခင်စန်ဒီလွင်ကို ငါးပွဲ သုံးပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းမှသန္တာတိုးအောင်က မကွေးတိုင်းဒေသကြီးအသင်းမှ မေချော့ကို ငါးပွဲ လေးပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၄ ရက်(ယနေ့) နံနက် ၁၀ နာရီမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် ဘီလီယက်နှင့်စနူကာပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၃-၁၁-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးချေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၅ ~ ၃၆၇၁	၅၁၅.၃ ~ ၅၁၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၇,၃၅၁,၈၂၉.၈၀	၂,၁၀၂,၂၅၈.၂၀	၂၂,၃၄၆,၉၂၁.၇၇	

ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။	ကာကွယ်ရေးဝန်ကြီးဌာန	(https://www.mod.gov.mm)
၂။	ဥပဒေရေးရာဝန်ကြီးဌာန	(https://www.mlis.gov.mm)
၃။	ပြန်ကြားရေးဝန်ကြီးဌာန	(https://www.moi.gov.mm)
၄။	Myawady Webportal	(https://myawady.net.mm)
၅။	Myanmar National Portal	(https://myanmar.gov.mm)

အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူ့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။



(၁)

ကျွန်တော် မိုးရေစက်တွေကို မုန်းသည်။ ထို့ကြောင့် မိုးရာသီကို ကျွန်တော်မကြိုက်။ မိုးရွာသည့်အချိန်တိုင်းတွင် ရွာသောမိုးကို ကျွန်တော်သည် စိတ်လိုလက်ရကျိန်ဆဲမိစမြဖြစ်၏။ မိုးသည် ကျွန်တော့်အတွက်တော့ သို့မဟုတ် ကျွန်တော်တို့အိမ်အတွက်တော့ နေရခက်စေသည့်နေ့ညတို့ကို ကြုံတွေ့စေတတ်သော ဒုက္ခတစ်ခုသာဖြစ်၏။ ထိုဒုက္ခတွေကို ညီမလေးကတော့ ကျွန်တော့်လောက်ကြုံတွေ့ရသေးသည်မဟုတ်။ ယခုလဲကြည့် ကျွန်တော် ကျောင်းကပြန်လာတော့ ကောင်းကင်၌ တိမ်မည်းတို့သည် အုံ့ဆိုင်းမှိုင်းညို့၍နေသည်ကိုတွေ့ရ၏။

(၂)

အပြင်တွင် မိုးသည်တဖျောက်ဖျောက် ကျစပြုလာ၏။ မိုးနှင့်အတူ အဖေလည်းအလုပ်မှ ပြန်ရောက်လာသည်။ မီးဖိုချောင်ထဲ ထမင်းဟင်းချက်နေသည့် အမေက ထုံးစံအတိုင်း အဖေ့ပခုံးထက်မှလွယ်အိတ် ဟောင်းနွမ်းနွမ်းလေးကိုယူ၍ အိမ်ထဲရှိတိုင်တွင် ချိတ်ထားလိုက်သည်၊ ကျွန်တော်က အသံတိုးတိုးဖြင့် စာကျက်နေရင်း ညီမလေးကို စောင်ပုခက်ထဲထည့်ပြီးလွှဲနေမိ၏။ ညီမလေးကတော့ ကျွန်တော်လွှဲပေးသည့်စောင်ပုခက်ထဲတွင် မိုးအေးအေးနှင့် အိပ်ပျော်နေရှာ၏။ အဖေကတော့ အလုပ်မှပြန်ရောက်ခိုက် ခဏနားပြီး တံစက်မြိတ်၌ မိုးရေချိုးလျက်ရှိနေသည်။ အမေက လက်ဖက်သုပ်ပန်းကန်ယူလာ၏။ ဖန်ခွက်တစ်လုံးနှင့် ရေခပ်လိုက်ပြီး ကျိုးတိုးကျဲတဲ ဝါးကြမ်းခင်းပေါ်တွင် ချထားလိုက်သည်။ ရေချိုးပြီးသည့် အဖေက သူ့လွယ်အိတ်ထဲမှအရက်ပုလင်းကိုထုတ်ယူလာပြီး အမေပြင်ပေးထားသည့် လက်ဖက်သုပ်ပန်းကန်အနီးသို့ ထိုင်လိုက်သည်။ အဖေအရက်သောက်တော့မည်ဖြစ်၏။ နွေလည်းနွေ၊ မိုးလည်းမိုး၊ဆောင်းလည်းဆောင်းမို့ မရိုးနိုင်သော သည်ပုံရိပ်တွေကို ကျွန်တော်ကြုံတွေ့နေရစမြဖြစ်၏။ အဖေအပြင်မထွက်နိုင်သည့်ရက်တွေဆိုလျှင် ကျွန်တော်က အဖေသောက်ဖို့အတွက် အရက်သွားဝယ်ပေးရသည်။

တစ်ခါက ကျွန်တော်အရက်ပုလင်းကြီးကိုင်လျက် အိမ်ပြန်လာတော့ လမ်းတွင်ဆရာနှင့်တွေ့သည်။ ကျွန်တော်အရက်ပုလင်းကို အကျိုကြားထဲသို့ အမြန်ထိုးဝှက်ပြီး အိမ်သို့အပြေးပြန်လာခဲ့မိ၏။ နောက်ရက်ကျောင်းသွားတော့ ဆရာက အကျိုးအကြောင်းပြော၍ ကျွန်တော့်ကိုဆူသည်။ အရက်၏ဆိုးကျိုးများကို ရှင်းပြပြီးဆုံးမသည်။ ဆရာဆူသော်လည်း ကျွန်တော်အရက်သွားဝယ်မပေးလျှင် အဖေ၏အရိုက်ခံရတတ်သည်ကိုတော့ ဆရာ့ကို ကျွန်တော်ပြောမပြဖြစ်။ ဆရာ့ထံမှ ဆုံးမသွန်သင်စကားတွေကြားပြီး ကျွန်တော်တွေးနေမိသည်။ ကျွန်တော် အသက်ကြီးလာလျှင် ဆရာ့လို ဆရာဖြစ်ချင်မိခဲ့သည်။ လောကၻ၌မအိပ်ပဲမက်သည့် အိပ်မက်သာရှိခဲ့စတမ်းဆိုပါလျှင် ကျောင်းဆရာဖြစ်ချင်မိသော အတွေးဆန္ဒသည် ကျွန်တော့်ဘဝ၏ ငယ်အိပ်မက်ပင်ဖြစ်သည်။

ကျွန်တော်တို့လို လူငယ်တွေကို အသက်ကြီးလာသည့်အခါ အရက်မသောက်ဖို့ ပြောဆိုဆုံးမပေးချင်မိသည့်အတွေးများနှင့်အတူ ကျောင်းဖတ်စာအုပ်ကို ကျွန်တော်လှန်နေမိ၏။ မိုးသည် သဲကြီးမဲကြီး ရွာခဲ့ပြီဖြစ်၏။ ကျွန်တော်အိမ်ခေါင်မိုးကို မော့ကြည့်လိုက်သည်။ ထို့နောက်ရွာသည့်မိုးကို အလိုမကျကျိန်ဆဲမိလိုက်၏။ မိုးရွာလာလျှင် ဘာလုပ်ရမည်ဆိုတာကို ကျွန်တော်အလိုလိုသိသည်။

(၃)

"သားရေ အိုးတွေခွက်တွေယူပြီး ရေခံပါအုံး"

အမေက ညီမလေးကို မိုးရေလွတ်ရာသို့ပွေ့ချီရွှေ့ပေးရင်း ခေါင်မိုးအပေါက်တွေမှ ယိုကျလာသည့် မိုးရေတွေကို ခံဖို့ပြောသည်။ အဖေကတော့ ခေါင်မိုးပေါ်မှ မိုးရေယိုကျနေသည်ကို သူနှင့်မဆိုင်သလိုပင်နေ၍ အရက်သောက်မဟုတ်ရှိနေ၏။ သည်လိုညတွေသည်လို့နေ့တွေသည် ကျွန်တော့်ဘဝတွင် ကြုံတွေ့ခဲ့ရပေါင်းများခဲ့ပြီ။ သို့သော် အမေသည် အဖေ့ကို အိမ်ခေါင်မိုးလေးပြင်ပေးဖို့ တစ်ခါမျှ ပြောသံမကြားဖူးခဲ့။ အဖေကလဲ ပြင်ပေးရကောင်းမှန်းမသိ။ သို့မဟုတ် အဖေ၏လုပ်အားခရငွေသည် နေရေးထက် စားရေးအတွက်လောက်သာ လောက်ငှာလေသလားမသိ။ ကျွန်တော်ခေါင်မိုးပေါ်မှ ယိုစီးကျလာသည့်မိုးရေစက်တွေကို အိုးခွက်ချ၍ခံယူရင်း အတွေးနယ်ချဲ့နေမိသည်။ အမေက ညီမလေးကို မိုးရေလွတ်ရာ ကြမ်းခင်းလေးပေါ်ရွှေ့သိပ်ပြီး တံစက်မြိတ်က စီးကျလာသည့်မိုးရေတို့ကို အိုးလွတ်ပုံးလွတ်တို့ဖြင့်ခံယူနေ၏။ မိုးစိုစို ထဘီတိုတို အဝတ်စုတ်စုတ်နှင့် ဖရိုဖရဲအမွေပုံစံကို မြင်ရပြန်တော့ အရက်သမားမယား တဖားဖားဟုလည်း ကျွန်တော် မဆိုချင်မိပေ။ နို့တိုက်မိခင်တစ်ယောက်၏ ဒေါင်းတောက်နေသော အမွေပုံရိပ်သည်ဘဝထဲက ဘဝစစ်စစ်သာဖြစ်၏။ အိမ်မှုဗာဟီရကိစ္စမှန်သမျှကို အမေမပြတ်လုပ်နေရရှာ၏။ ရံဖန်ရံခါ အဖေမူး၍ အမနာပပြောဆိုမှု၊ ရိုက်ပုတ်မှုတို့ကို ခံရသည်လည်း ရှိသည်။ အဖေဆိုးသည့်အခါတိုင်း အမေသည် ကျွန်တော်နှင့်ညီမလေးကို ကြည့်ပြီး ကျလုလုမျက်ရည်စတို့ကို အံကြိတ်လျက် လက်ဖမိုးနှင့်သုတ်ပစ်ခဲ့စမြဖြစ်၏။ နိုင်ထက်စီးနင်း အိမ်တွင်းအကြမ်းဖက်မှုဒဏ်ကို အမေခါးစီး၍ ခံခဲ့ရရှာသည်။

သို့သော် အမေသည် အဖေ့ကိုလည်း ထားမသွားသလို၊ ကျွန်တော်နှင့်ညီမလေးကိုလည်း စွန့်ပစ်၍မသွား၊ ကိုယ်လွတ်ရုန်း၍မထွက်ခွာခဲ့။ အဖေပေးသည့် ဒုက္ခဝေဒနာအောက်တွင် သားနှင့်သမီးအတွက် ယခုထိ ဒူးမထောက်ခဲ့။ မိဘနှစ်ပါးရှိပါလျက်နှင့် မိမဲ့ဖမဲ့အဖြစ်မခံဘဲ ဥမက္ကဲသိုက်မပျက်အမြဲရှိနေပေးသည့်အမွေကို ကျွန်တော်အလွန်ချစ်ပါသည်။ သို့သော် အဖေ့ကိုလည်းမမုန်းပါ၊ ယခုရွာနေသည့် မိုးကိုပဲ ကျွန်တော်မုန်းပါသည်။ အိမ်၏ကြမ်းခင်းပေါ်စိုစွတ်စွာယိုကျနေသည့်မိုးရေတွေကို ကြည့်၍ ကျွန်တော်မိုးကို မုန်းနေမိခြင်းဖြစ်၏။ ထိုအချိန်၌ အိပ်ရာမှ နိုးလာသည့်ညီမလေးက မပီကလာပီကလာနှင့် ကျွန်တော့်နားရောက်လာပြီးမေးသည်။

"တိုတို ဘာယုပ်နေတာယဲဟင် "

"ကိုကို အိမ်ထဲမိုးရေတွေယိုနေလို့လိုက်ခံနေတာ ညီမလေးရဲ့ "

ကျွန်တော်ထိုသို့ဖြေတော့ညီမလေးက "သြော်" ဟုသာတစ်လုံးထဲ ရေရွတ်ရှာသည်။ ကျွန်တော်ဖြေသည်ကို ညီမလေးနားလည်နိုင်မည်မထင်ပေ။ ထို့ကြောင့်လဲ ကျွန်တော့်ကိုဆက်မေးရှာပြန်၏။

"အဲဒီမိုးရေတွေက ဘာယို့ မီးမီးတို့အိမ်ထဲယို ကျရတာယဲဟင် "

"ခေါင်မလုံလို့ပေါ့ ညီမလေးရယ် ခေါင်မလုံလို့ပေါ့"

ကျွန်တော် ကျိုးတိုးကျဲတဲ အိမ်ခေါင်မိုးကို မော့ကြည့်လျက် ညီမလေး၏ အမေးကိုဖြေလိုက်မိသည်၊ ကျွန်တော်ဖြေသည်ကို အဖေကြားသွားဟန်တူ၏။ သောက်လုဆဲဆဲ အရက်ခွက်ကို မသောက်ဘဲ နှုတ်ခမ်းဝ၌ ရပ်တန့်၍ ကျွန်တော်နှင့်ညီမလေးတို့ကို တစ်ချက်လှမ်းကြည့်သည်ကိုတွေ့ရ၏။ ပြီးတော့ တစ်စုံတစ်ရာကို စဉ်းစားနေဟန်ရှိသည်။ အမေကတော့ မီးဖိုချောင်ထဲတွင် ညစာစားဖို့ ခူးခပ်ပြင်ဆင်နေရှာသည်။ အမေခူးခပ်ထားသည့် ထမင်း၊ ဟင်းပန်းကန်များကိုယူ၍ မိုးရေလွတ်သောကြမ်းခင်း၌ ကျွန်တော်ချထားလိုက်သည်။ အိမ်ကလေး၏ ထမင်းစားဝိုင်းကို တိတ်ဆိတ်ခြင်းက ကြီးစိုးနေ၏။ အမေက ညီမလေးကိုအရင်ခွံကျွေးသည်။ ကျွန်တော်က ဟင်းတစ်ဇွန်းစီခပ်ပြီး အဖေနှင့်အမေပန်းကန်ထဲသို့ ဦးချလိုက်၏။ ထို့နောက်ကျွန်တော်သည် လူငယ်ပီပီ ဗိုက်ဆာဆာနှင့်စားမိ၏။ အဖေက ကျွန်တော်စားပုံကိုကြည့်ပြီး "ငါ့သား တုတ်လှချည်လား"ဟုပြောသည်။ ကျွန်တော် က အဖေ့ကိုကြည့်၍ "အဖေ"ဟု ခေါ်လိုက်မိသည်။ အဖေက ခံတွင်းထဲမှ ထမင်းကုန်သည်နှင့်ကျွန်တော့်ကို စကားဆိုသည်။

"ဟေ ငါ့သားက အဖေ့ကိုဘာပြောစရာရှိလို့လဲကွ"

ကျွန်တော်တစ်ခုခုပြောချင်နေသည်ကို အဖေသိသည်။ သိ၍လည်းပြောစရာရှိသည်ကို သိလို၍ စကားလမ်းခင်းပေးခြင်းဖြင့်မေး၏။ ထို့ကြောင့် ကျွန်တော်ဖြစ်စေချင်သည့်ဆန္ဒကို အဖေ့ကို မဝံ့မရဲစွာ ပြောလိုက်မိသည်။

"ဟိုလေ သားတို့အိမ်က မိုးတွေရွာတိုင်းနေရခက်တယ်၊ ဟိုနေရာကယိုလိုက် ဒီနေရာကယိုကျလိုက် နဲ့ကြမ်းခင်းတွေ စိုရွှဲနေတာလဲ အဖေအသိ၊ အဲဒီလို မိုးရေတွေယိုကျလာရင် သားတို့တွေနေစရာမရှိဘူး။ ညဆိုရင် အမေလဲ ကောင်းကောင်းအိပ်မရဘူးအဖေ၊ အဲဒီဒုက္ခတွေသက်သာဖို့ အဖေအားတဲ့တစ်ရက်ကြရင် သားတို့အိမ်ခေါင်မိုးလေးကို ပြင်ပေးပါလား"

မျှော်လင့်မထားသည့် ကျွန်တော့်စကားက အဖေ့ရင်ကို ထိသွားသည်ထင်ပါ၏၊ အဖေသည် ထမင်းစားလျက်နှင့်ငြိမ်ကျသွား၏။ အခါတိုင်း ထမင်းထပ်ယူစားလေ့ရှိသည့်အဖေက တစ်ပန်းကန်နှင့်ပင် ပြီးသွားသည်။ ကျွန်တော်ညီမလေးကိုခေါ်၍ ဖယောင်းတိုင်မီးအနီးသို့ ထိုင်လိုက်သည်။ ဖတ်စာအုပ်ကိုဖွင့်၍ ဆရာကျက်ခိုင်းလိုက်သည့်ကဗျာလေးကိုတီးတိုးစွာကျက်မိတော့ ညီမလေးကငြိမ်လျက် နှုန်းထောင်နေရှာ၏။ စား၊ ဝတ်၊ နေရေး ဖွေရှာပေးကျေးဇူးကြီးပေ တို့ဖေဖေ...။

(၄)

ကျွန်တော် ကျောင်းက ပြန်လာတော့ အဖေ့ကို အိမ်ခေါင်မိုးပေါ်၌ တွေ့လိုက်ရသည်။ တူတစ်လက် သံတစ်ဆုပ်နှင့် အလုပ်ရှုပ်နေရှာ၏။ အိမ်ခေါင်မိုးပြင်နေတာပဲဖြစ်မည်။ ကျွန်တော်အလွန်ပျော်ပြီး အိမ်ထဲသို့ပြေးဝင်သွားမိ၏။ ကျွန်တော်ပြန်လာသည်ကိုမြင်တော့ ညီမလေးက ကျွန်တော့်ဆီသို့ ဝမ်းသာအားရနှင့်ပြေးလာသည်။ ကျွန်တော်ဆီးကြိုပွေ့ဖက်ထားလိုက်မိ၏၊ အမေက အဖေတောင်းသည့်ပစ္စည်းတို့ကို အောက်ကနေ ကမ်းပေးနေ၏။ ကျွန်တော် ကျောင်းလွယ်အိတ်ကိုတိုင်မှာချိတ်ပြီး ညီမလေးကို ခေါ်၍ အိမ်ရှေ့လမ်းမပေါ်တွင် ထွက်ဆော့နေလိုက်သည်။

"သားရေ ခဏလာပါအုံး"

အိမ်ထဲမှ အမေ့ခေါ်သံကြားရ၏၊ ကျွန်တော် သိပါသည်။ ညနေစောင်းပြီမို့ အဖေသောက်ဖို့ အရက်ဝယ်သွားရတော့မည်ဖြစ်၏။ ညီမလေးကို ချီပြီး အိမ်ထဲသို့ ကျွန်တော်ဝင်လာသည်နှင့် အဖေ့ထံမှ

စာမျက်နှာ ၂၅ သို့ ဆ

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၀၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ဖောင်းပြင် နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၂၀၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၃၉၀၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၂၀၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၃၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာစတဲ့ သီးနှံတွေကို အများဆုံးစိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းက ပြောပြသည်။

ယခုနှစ် ဖောင်းပြင်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာ သင်တန်းပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေးသဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ် သုံးစွဲတတ်စေရေးတို့ကို အသိပညာ ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဖောင်းပြင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချစ်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

á စာမျက်နှာ ၂၄ မှအဆက်

ကြားရသည့်စကားသံက ကျွန်တော်နှင့်အမှေအတွက် အံ့ဖွယ်ထူးဆန်းဖြစ်ခဲ့ရပေ၏။

"နေပါစေတော့မိန်းမရာ သားကို အရက်မဝယ်ခိုင်းနဲ့တော့"

"ဟောတော်၊ ကျားသားမိုးကြိုး ဒီနေ့မှ တော်ဘာဖြစ်နေရတာလဲ ညနေစာင်းနေပြီကို"

အမေက အဖေပြောသည်ကို ထူးဆန်းနေ၏။ ကျွန်တော်က အမှေလက်ထဲမှအရက်ဖိုးငွေကို ယူရခက်ခက်ဖြစ်နေ၏။ အဖေက တော့ ခေါင်မိုးအပေါက်တွေကို ဖာထေးရင်းပြောရှာသည်။

"တစ်နေ့က ကျောင်းဆရာလေးနဲ့တွေ့တော့ ပြောလိုက်လို့ဟာ၊ ခင်ဗျားသောက်ဖို့အရက်ကို သားကဝယ်ပေးရတာမဟုတ်သေးဘူး ကိုမြင့်မောင် ခင်ဗျားသားနဲ့ရွယ်တူတွေမြင်ရင် ကျောင်းသွားဖော်တွေကြားမှာ သိမ်ငယ်နေမှာ မစိုးရိမ်မိဘူးလား၊ ခင်ဗျားက အိမ်ဦးနတ်ဖခင်ဆိုတာမမှေးနဲ့အုံး။အရက်ကို ကြိုက်လို့သောက်လဲ ကျုပ်ကျောင်းသားကို ခင်ဗျားထပ်မဝယ်ခိုင်းပါနဲ့။ ခင်ဗျားသားကြီးလာရင် ခင်ဗျားသားကို ခင်ဗျားလို ဖြစ်စေချင်လား ကိုမြင့်မောင်၊ အတုမြင် အတတ်သင်မှာစိုးရိမ်လို့ စာရိတ္တကောင်းအောင် ကျုပ်ဆုံးမသွန်သင်ပေးနေရတာမို့ ပန်းကောင်းအညွှန့်ချိုးလုပ်ရပ်တွေ ထပ်မလုပ်ပါနဲ့၊ ကျုပ်ကျောင်းသားရဲ့သိက္ခာကို မချပါနဲ့တော့တဲ့ မိန်းမရေ"

အဖေက တူဖြင့်သံရိုက်နေရင်းအမှေကို လုံးစေ့ပတ်စေ့ပြောပြနေလေသည်။ စင်စစ်တော့ အဖေသည်လဲ အရက်မူးလျှင်သာဆိုး၏။ သာမန်အားဖြင့်တော့ အဖေသည် စိတ်သဘောထားကောင်းရှာပါ၏။ သည်နေ့လို အမြင်မှန်စသိတတ်မှဖြင့်ပင် ယခင်က သောက်ခဲ့သမျှကို သားတစ်ယောက်အနေနှင့် အဖေ့ကို ကျွန်တော်ခွင့်လွှတ်ပါ၏။ ထိုသို့ဆိုပြန်တော့ ကျွန်တော့်စကား လူနှင့်မလိုက်ကြီးကျယ်ရာကျပါ၏။ သို့သော် သားဆိုး၊ သမီးဆိုးတို့၏ အပြုအမူကို ဆုံးမသွန်သင်ပြုပြင်၍ ခွင့်လွှတ်ပေးနိုင်စွမ်းသော မိဘများသာ ကမ္ဘာမှာမရှားရှိပေ၏။ ကျွန်တော့်တို့လို သားသမီးတွေအနေဖြင့်လည်း မိဘတို့၏ ဆိုးသွမ်းမှုစရိုက်တို့ပြုပြင်လာချိန်၌ မိဘများအပေါ်ခွင့်လွှတ်နားလည်မှုပေးနိုင်သော သားသမီးများသာဖြစ်သင့်ပေ၏။ ထိုညက ထမင်ဝိုင်းထိုင်တော့ အဖေလက်တို့သည် တုန်နေ၏။ ထမင်းပန်းကန်ပြားသည် အဖေလက်ထဲတွင် တဆတ်ဆတ်လှုပ်နေသည်ကိုတွေ့ရ၏။ အမေက မနေနိုင်၍ "တော့်သားကို သွားဝယ်ခိုင်းလိုက်ရမလား"ဟုပြောတော့ အဖေကပျာပျာသလဲလက်ပြ၍ ငြင်းဆန်သည်။

"နေပါစေ မိန်းမရာ ငါအဆင်ပြေသွားမှာပါ"

အဖေ့စကားကြောင့် အမှေနှတ်ခမ်းတွင် ပြုံးရိပ်တို့ပင် သမ်းသွား၏။ အမေ ဝမ်းသာနေသည်ကိုတွေ့ရ၏။ အဖေ၏ ပြုပြင်ပြောင်းလဲမှုသည် ကျွန်တော်တို့ဘဝတစ်ခုလုံးကို ပြုပြင်ပြောင်းလဲလိုက်ခြင်းဖြစ်၏၊ ခေါင်မိုးတွေကို ပြင်လိုက်၍ မိုးရေဒဏ်မှကင်းလွတ်ခြင်းသည် ကျွန်တော်တို့မိသားစုဘဝတစ်ခုလုံးကို လုံခြုံစေလိုက်ခြင်းဖြစ်၏။ အဖေ၏သဘာဝဒဏ်ကို ကာကွယ်ပေးခြင်းသည် ကျွန်တော်တို့ဘဝတွေကို နွေးထွေးမှုပေးလိုက်ခြင်းလည်းဖြစ်၏။ ဆရာပြောပြဖူးသည့် ခေါင်းဆောင်ကောင်းအကြီးအကဲတို့၏ ဂုဏ်အင်လက္ခဏာတို့ကို အဖေ့ထံမှ မြင်တွေ့ခဲ့ရသည်။စာရိတ္တကိုပျက်ယွင်းစေသည့် သောက်စားမှုတွေကို အဖေသည် ရှောင်ကြဉ်စပြုခဲ့ပြီဖြစ်၏။ မိမိပြုနေကြ မကောင်းမှုသေးသေးလေးကို ရှောင်ကြဉ်မှုပြုလိုက်ခြင်းသည် ကြီးမားသည့် ပြစ်မှုများကို မလွန်ကျူးမိဖို့စောင့်ထိန်းလိုက်ခြင်းလည်းမည်၏။ ထို့ကြောင့် အဖေ့ကို ကျေးဇူးတင်သည်။ ယခင်လို အမေသည် အဖေ၏နိုင်ထက်စီးနင်းပြုမူတို့ကိုခံရတော့မည်မဟုတ်။ အိမ်ကလေး၏ လုံခြုံမှုအောက်တွင် အဖေ့မေတ္တာ အဖေ့ခွန်အားနှင့်နွေးထွေးတော့မည်ဖြစ်၏။ ညနက်နက်တွေကို အမေနှင့်ကျွန်တော်သည် ကောင်းမွန်စွာ အိပ်စက်ခွင့်ရရှိတော့မည်ဖြစ်၏။ ဥတုရာသီ သုံးလီသောစက်ဝန်းတို့တွင် ကျွန်တော်တို့၏ အိမ်ခေါင်မိုးလေးသည် ယခင်လို နေလည်းမထိုး၊ မိုးလည်းမယို၊ နှင်းလည်းကျတော့မည်မဟုတ်ပေ။ မိသားစုတစ်စုတွင်ဖြစ်စေ အဖွဲ့စည်းတစ်ခုတွင်ဖြစ်စေ ခေါင်းဆောင်တွေ စာရိတ္တကောင်းဖို့အရေးကြီးသည်။ ခေါင်မလုံသည့် အဖွဲ့အစည်းသည် ခေါင်မလုံသည့် အိမ်နှင့်သာတူပေ၏။ ထို့ကြောင့် ခေါင်မိုးတွေ လုံစေချင်သည်။

အဖေသည် ကျွန်တော်တို့အိမ်၏ ခေါင်းဆောင်ဖြစ်၏။ အိမ်ဦးနတ်အကြီးအကဲဖြစ်၏။ မိသားစုဝင်များနှင့် အိမ်ကလေး၏ ပင်မခေါင်ဖြစ်သည်ဆိုကလည်းမမှား။ အိမ်၏လုံခြုံမှုနှင့် စားဝတ်နေရေးအဆင်ပြေစေဖို့ဆိုသည်မှာ အဖေ့တွင်တာဝန်ရှိ၏။ ခေါင်မလုံသည့်အိမ်သည် သဘာဝဒဏ်ကို မလွဲမသွေကြုံတွေ့ခံစားရမည်ဖြစ်၏။ ယခုတော့ ကျွန်တော်တို့အိမ်ခေါင်မိုးလေးသည် ပြင်ပြီးခဲ့ပြီဖြစ်၏။ ထို့ကြောင့် မိုးရွာသည့်ညများတွင် အမေနှင့်အတူ ကျွန်တော်သည် ကောင်းစွာအိပ်စက်ခွင့်ရတော့မည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အိမ်ကလေး၏နွေးထွေးမှုရသကို ကျွန်တော်တို့စတင်ခံစားခဲ့ကြရပြီဖြစ်၏။

ထိုညက မိုးရွာပါသည်။ သဘာဝသည် အဖေ့မေတ္တာကို စမ်းသပ်လိုက်တာပဲဖြစ်မည်။ မိုးအေးအေးနှင့်အမေသည် စောင်ခြုံလျက်ကွေး၍ အိပ်နေ၏။ ယခင်လို အိုးခွက်တွေနှင့် ရေထဲခံစရာမလိုတော့။ နွေးထွေးစွာ အိပ်စက်ခွင့်ရခဲ့ခြင်းသည် မိုးကြောင့်ကြုံရလေ့ရှိသည့် ဒုက္ခတွင်းမှလွတ်မြောက်ခြင်းပင်မည်၏။ ထိုညမှစ၍ ကျွန်တော်သည် မိုးကိုမမုန်းတော့ပါ။ ကျွန်တော်မမုန်း၍လည်း ထင်သည် အပြင် ဝန်းကျင်၌ မိုးသည် သဲကြီးမဲကြီး ရွာနေလျက်ရှိပေတော့သည်။

ကျန်းမာခြင်းသည် လာဘ်တစ်ပါး

- ကိုယ်လက်ခန္ဓာ သန့်ရှင်းမှုကိုလ
သတိပြု၍ ဆောင်ရွက်စေ၊
အိပ်ရာဝင် အိပ်ရာထလို့
နေ့ညမသွေ၊
သန့်ရှင်းလတ်ဆတ် အစားအစာတွေ
စားပါလေ ပြည်သူများ၊
ကျန်းမာအောင် ဂရုစိုက်ဖို့
သိထိုက်စေသား။

- ကိုယ်လက်ကျန်းမာ အဓိကထားစေဖို့
လှုပ်လှုပ်ရှားရှား အားကစားကို၊
လူတိုင်းဝယ် အသိစိတ်ထဲမို့
အမြဲလုပ်လို၊
ကျန်းမာခြင်း လာဘ်တစ်ပါးဆို
အမှန်ပိုမို စွဲမှတ်လျက်၊
အတွေးဝင် သတိကပ်လို့
ပြုအပ်မှတ်ချက်။

- ကျန်းမာနေလျှင် ဘဝအတွက်
ရှေ့ဆက်တိုင်း အရေးပါ၊
အလုပ်ဟူသမျှ အောင်မြင်ခြင်းတို့
ကောင်းသတင်းဝေစွာ၊
စိတ်သွားတိုင်း ဘယ်မခွာ
ကိုယ်ကျန်းမာ ပန်းတိုင်ရောက်၊
တို့မိတ်ဆွေ အမြင့်လမ်းသို့
လျှောက်လှမ်းကာဖောက်။ ။

ရင်ခတ်ပန်း (စွယ်တော်)

စေတုတ္တရာမြို့နယ် ခြင်ပြစ်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

စေတုတ္တရာ နိုဝင်ဘာ ၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခြင်ပြစ်ကိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ ခြင်ပြစ်ကိုင်းကျေးရွာ၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ပေးပို့ရမည့် စာရင်းဇယားပုံစံများ ပြည်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရ သည်။

စေတုတ္တရာမြို့နယ် ခြင်ပြစ်ကိုင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကိုငွေကျပ် ၂၇ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၃၀ ဒသမ ၈ သန်းကို ထုတ်ချေးငှားပြီး စီမံကိန်းလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုညီ

အယ်လ်နီညိုဓာတ်အပူရှိန်မြင့်တက်လာမှုနှင့် လျှပ်စစ်ဆိုင်ရာပြဿနာများ

မောင်မောင်စွယ်စုံထွန်း



ယခင်တစ်ပတ်မှအဆက်

ချမ်းသာသည့်သူများက အအေးပေးနည်းပညာကို သုံးနိုင်သော်လည်း ဆင်းရဲသည့်သူများက နည်းပညာပစ္စည်းများကို အပူဒဏ်အတွက် အသုံးမပြုနိုင်သည့်အခါတွင် အခွင့်အလမ်းကွာဟချက်များ ပိုမိုကြီးမားလာပါလိမ့်မည်။ စွမ်းအင်သုံးစွဲမှုပုံစံ လုံးဝပြောင်းလဲလာမည်။ (Changing Energy Usage Patterns) ယခုအခါ ကမ္ဘာကြီးကိုပူလာစေသည့် ဖန်လုံအိမ်ဓာတ်ငွေ့များကို လျှော့ချရန်မှာ အလွန်အမင်းလိုအပ်လျက်ရှိသည်။ မီးသွေး၊ ထင်းနှင့် ကျောက်မီးသွေးများအစား နေရောင်ခြည်စွမ်းအင်ကို ပြောင်းလဲသုံးစွဲလာကြရမည်။ လျှပ်စစ်ပစ္စည်းများကိုလည်း စနစ်တကျသုံးစွဲလာကြရမည်။ အအေးပေးစက်(AC)များသည် အပြင်ဘက်ကို အပူများ ပြန်ထုတ်ပေးသည့်အတွက် လိုအပ်မှသာသုံးစွဲပြီး စွမ်းအင်ချွေတာသည့်စက်ပစ္စည်း (Energy-Efficient Appliances) များကိုသာ ရွေးချယ်သုံးစွဲသွားသင့်သည်။ အမှန်မှာ ရာသီဥတုပူလာသဖြင့် လျှပ်စစ်ကို အသုံးပြု၍ အပူချိန်လျှော့ချခြင်းသည် ပတ်ဝန်းကျင်အပူချိန်ကို ပြန်လည်မြင့်မားလာစေသည်ကို သတိပြုမိကြရန်လည်းလိုသည်။ အပူကိုလျှော့ချရန်အတွက် လျှပ်စစ်ပစ္စည်းများစွာကိုသုံးပါက လျှပ်စစ်ဓာတ်အား စနစ်သည် ဝန်အားမနိုင်သဖြင့် ပြတ်တောက်ခြင်းမျိုးကို ပိုမိုဖြစ်ပွားစေသည်။

မကြာသေးမီနှစ်များအတွင်း ဖန်လုံအိမ်အာနိသင်ကြောင့် အပူချိန်သည် တစ်နှစ်ထက်တစ်နှစ်မြင့်တက်လာပြီး လေထုအပူချိန်မြင့်မားခြင်း၊ စိုထိုင်းဆမြင့်ခြင်းနှင့် ရာသီဥတုများတဖြည်းဖြည်းဖောက်ပြန်လာခြင်းစသည်တို့ဖြင့် ရင်ဆိုင်နေရသည်။ လေထုအပူချိန်နှင့် စိုထိုင်းဆများသော လျှပ်စစ်လည်ပတ်မှုအပေါ် သက်ရောက်မှုများစွာရှိသည်။ အပူချိန်နှင့် စိုထိုင်းဆပြောင်းလဲမှုကြောင့် လျှပ်စစ်ပစ္စည်းများပျက်စီးမှုကို လျှော့ချနိုင်ရန် အပူချိန်နှင့်စိုထိုင်းဆကို တိုင်းတာစောင့်ကြည့်ရန်လည်း လိုအပ်လာသည်။

လျှပ်စစ်ပစ္စည်းများပျက်စီးစေသည့် အဓိကအကြောင်းရင်းမှာ စိုထိုင်းဆနှင့် အပူချိန်ကြောင့်ပင်ဖြစ်၍ အပူချိန်ပြောင်းလဲမှုနှင့်အတူ လေ၏ Hygroscopic Capacity သည် ပြောင်းလဲလာသည်။ အပူချိန်မြင့်လေ အဆိုပါလေ၏ အစိုဓာတ်စုပ်ယူနိုင်မှုပိုများလေ၊ အပူချိန်နိမ့်လေလေ အစိုဓာတ်စုပ်ယူနိုင်မှု အားနည်းလေဖြစ်သည်။ ထို့ကြောင့် နေ့အပူချိန်များတက်လာသည်နှင့်အမျှ လေသည် အစိုဓာတ်ကို ပိုမိုစုပ်ယူသည်။ ညဘက်တွင် အပူချိန်ကျဆင်းလာသည်နှင့်အမျှ လေသည် အစိုဓာတ်ကိုထုတ်လွှတ်ပြီး လေ၏နှိုင်းရစိုထိုင်းဆကိုတိုးစေသည်။ အပူချိန်အနိမ့်ဆုံးအချိန်တွင် လေ၏ အမြင့်ဆုံးစိုထိုင်းဆသည် ညအချိန်တွင် ဖြစ်ပေါ်လာသည်။

စိုထိုင်းဆမြင့်လာခြင်းသည် ညဘက်တွင် လျှပ်စစ်စက်ပစ္စည်းများ မတော်တဆဖြစ်ပွားမှုကို ပိုမိုဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းတစ်ခုဖြစ်သည်။ လျှပ်စစ်ပစ္စည်းများပျက်စီးရခြင်းကို ယခင်က ညဉ့်နက်ချိန်၌ ဝန်အားလျှော့ချခြင်းနှင့် ဗို့အားတိုးလာခြင်းကြောင့်ဟုသာ လူအများက ယူဆခဲ့ကြသော်လည်း ယခုအခါ အဆိုပါယူဆချက်သည် လုံးဝမမှန်ကန်တော့ပါ။ ခေတ်မီဓာတ်အားစနစ်သည် အလိုအလျောက်စနစ်ထိန်းချုပ်မှု မြင့်မားလာသောကြောင့် ဗို့အားသည် အမြဲတမ်းတည်ငြိမ်နေသည်ကသာများသည်။

စိုထိုင်းဆများလွန်းခြင်းသည် လျှပ်စစ်ပစ္စည်းကိရိယာများ၏ လျှပ်ကာအားကိုလည်း လျော့နည်းစေသည်။ တစ်ဖက်တွင် စိုထိုင်းဆများလွန်းသောကြောင့် လေ၏လျှပ်ကာစွမ်းဆောင်ရည်ကို လျော့ကျစေသည်။ အခြားတစ်ဖက်တွင်လည်း လေထဲတွင် အစိုဓာတ်သည် လျှပ်ကာပစ္စည်း၏ မျက်နှာပြင်တွင် ကပ်ငြိနေသောကြောင့် လျှပ်စစ်ပစ္စည်းများ၏ လျှပ်ကာခံနိုင်ရည်အားကိုလျော့နည်းစေကာ အထူးသဖြင့် တာရှည်ဝန်ဆောင်မှုသက်တမ်းရှိသော စက်ပစ္စည်းများ၊ အစိုဓာတ်ကိုစုပ်ယူထားသော ဖုန်မှုန့်များ၏ အတွင်းပိုင်းစုဆောင်းမှုကြောင့် စိုထိုင်းဆအတိုင်းအတာသည် ပိုမိုပြင်းထန်လာမည်ဖြစ်ပြီး Insulation Resistance သည် ပို၍ပင်နည်းပါးလာသည်။ ထိုအခါ လျှပ်စစ်စက်ပစ္စည်းများ၏ ယိုစိမ့်မှုလျှပ်စီးကြောင်းသည် အလွန်များပြားလာပြီး လျှပ်ကာများကိုပြိုကွဲစေကာ မတော်တဆမှုများကို ပိုမိုဖြစ်ပေါ်လာနိုင်စေသည်။ စိုစွတ်သောလေသည် မှိုကြီးထွားမှုကိုလည်း အထောက်အကူဖြစ်စေသည်။ အပူချိန် ၂၅ ဒီဂရီမှ ၃၀ ဒီဂရီရှိသောအခါ နှိုင်းရစိုထိုင်းဆ ၈၅ ရာခိုင်နှုန်းမှ ၉၅ ရာခိုင်နှုန်းသည် မှိုကြီးထွားမှုအတွက်ကောင်းမွန်သောအခြေအနေဖြစ်ကြောင်း ပြသနေသည်။ ထို့ကြောင့် လေဝင်လေထွက်မကောင်းပါက မှိုကြီးထွားနှုန်းကိုအရှိန်မြှင့်ပေးသည်။ မှိုတွင် ရေများစွာပါဝင်သဖြင့် စက်ပစ္စည်းများ၏ Insulationစွမ်းဆောင်ရည်ကို များစွာလျော့ကျသွားစေသည်။ အချို့သောလျှပ်ကာပစ္စည်းများအတွက်၊ မှိုအမြစ်များသည် ပစ္စည်း၏အတွင်းပိုင်းသို့ နက်ရှိုင်းစွာထိုးဖောက်ဝင်ရောက်နိုင်ပြီး Insulation ပြိုကွဲမှုကို ဖြစ်ပေါ်စေသည်။ မှို၏ဇီဝဖြစ်စဉ်မှ လျှို့ဝှက်အက်စစ်သည် Insulation နှင့် အပြန်အလှန်အကျိုးသက်ရောက်သောကြောင့် ပစ္စည်းများ၏ Insulation စွမ်းဆောင်ရည်ကို လျော့နည်းစေခြင်းလည်းဖြစ်သည်။

စိုစွတ်သောလေသည် လျှပ်ကူးသတ္တု၊ သံလိုက်လျှပ်ကူးနိုင်သော ဆီလီကွန်စတီးပြားနှင့် လျှပ်စစ်ပစ္စည်းကိရိယာများတွင် သံချေးများတက်လာစေမည်ဖြစ်သည်။ ၎င်းသည် စက်ပစ္စည်းများ၏ စွမ်းဆောင်ရည်နှင့် ဝန်ဆောင်မှုသက်တမ်းကို လျော့ကျစေနိုင်ပြီး လျှပ်စစ်ပစ္စည်းများ၏ ချို့ယွင်းမှုကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။ မြင့်မားသော အပူချိန်၏ အကျိုးသက်ရောက်မှုများမှာ စက်အတွင်းပိုင်းဆုံးရှုံးမှုများစေသောကြောင့် စက်ပစ္စည်းတချို့တွင် အပူချိန်တစ်ခုခု၌သာရှိနေစေရန် လိုအပ်သည်။

ပတ်ဝန်းကျင်အပူချိန်မြင့်မားနေပါက သို့မဟုတ် လေဝင်လေထွက်မကောင်းပါက ၎င်းသည် စက်ပစ္စည်း၏အပူကို အချိန်မီမစွန့်ထုတ်နိုင်ဘဲ အပူလွန်ကဲခြင်းကြောင့်စက်ပစ္စည်းများကို လောင်ကျွမ်းသွားစေမည်ဖြစ်သည်။

❖ မကြာသေးမီနှစ်များအတွင်း ဖန်လုံအိမ်အာနိသင်ကြောင့် အပူချိန်သည် တစ်နှစ်ထက်တစ်နှစ်မြင့်တက်လာပြီး လေထုအပူချိန်မြင့်မားခြင်း၊ စိုထိုင်းဆမြင့်ခြင်းနှင့် ရာသီဥတုများတဖြည်းဖြည်းဖောက်ပြန်လာခြင်း စသည်တို့ဖြင့်ရင်ဆိုင်နေရသည်။ လေထုအပူချိန်နှင့် စိုထိုင်းဆများသော လျှပ်စစ်လည်ပတ်မှုသည် လျှပ်စစ်ပစ္စည်းကိရိယာများ၏ ဘေးကင်းသောလည်ပတ်မှုအပေါ် သက်ရောက်မှုများစွာရှိသည်။ အပူချိန်နှင့် စိုထိုင်းဆပြောင်းလဲမှုကြောင့် လျှပ်စစ်ပစ္စည်းများပျက်စီးမှုကို လျှော့ချနိုင်ရန် အပူချိန်နှင့်စိုထိုင်းဆကို တိုင်းတာစောင့်ကြည့်ရန်လည်း လိုအပ်လာသည်။ ❖

အပူချိန်တိုးလာသည်နှင့်အမျှ သတ္တုပစ္စည်းသည် ပျော့ပျောင်းလာပြီး စက်ပိုင်းဆိုင်ရာအားကို သိသိသာသာလျော့နည်းသွားစေသည်။ ကြေးနီသတ္တုပစ္စည်းများ၏ ရေရှည်အလုပ်လုပ်နိုင်သည့်အပူချိန်သည် ၂၀၀ ဒီဂရီဆဲလ်စီယပ်ထက် ကျော်လွန်ပါက စက်ပိုင်းဆိုင်ရာကို သိသိသာသာလျော့နည်းသွားသည်။ အလူမီနီယမ်သတ္တုပစ္စည်း၏ စက်ပိုင်းဆိုင်ရာကြံ့ခိုင်မှုသည် အပူချိန်နှင့်လည်း ဆက်စပ်နေသည်။ အများအားဖြင့် အလူမီနီယမ်၏ ရေရှည်အလုပ်လုပ်နိုင်သည့်အပူချိန်သည် ၉၀ ဒီဂရီဆဲလ်စီယပ်ထက် မပိုသင့်ပေ။ ရေတိုအလုပ်လုပ်နိုင်သည့်အပူချိန်သည် ၁၂၀ ဒီဂရီဆဲလ်စီယပ်ထက် လုံးဝမပိုသင့်ပေ။ ထို့ပြင် အပူချိန်မြင့်မားလွန်းသည့်အခါ အော်ဂဲနစ်လျှပ်ကာပစ္စည်းများသည်ကြွပ်ဆတ်လာပြီး လျှပ်ကာပစ္စည်းများ၏စွမ်းဆောင်ရည်ကျဆင်းလာ၍ ပြိုကွဲပျက်စီးသွားမည်ဖြစ်သည်။

ညံ့ဖျင်းသောလျှပ်စစ်အဆက်အသွယ်များ(Loose Connections)သည်လည်း လျှပ်စစ်ပစ္စည်းအများအပြား အားချို့ယွင်းမှုများဖြစ်ပေါ်စေသည့် အဓိကအကြောင်းရင်းဖြစ်သည် အပူချိန်များလွန်းပါက လျှပ်စစ်အဆက်အသွယ် Conductor နှစ်ခု၏ မျက်နှာပြင်သည် ပြင်းထန်စွာဓာတ်ပြုခံရပြီး အဆက်အသွယ်ခံနိုင်ရည် သိသိသာသာတိုးလာကာ ၎င်း၏ဆက်စပ်ပစ္စည်းများ(အစိတ်အပိုင်းများ) အပူချိန်မြင့်တက်လာကာ အဆက်အသွယ်များကို ဂဟေဆော်ရာတွင် အရည်ပျော်သွားစေနိုင်သည်။ အပူချိန်မြင့်တက်လာပြီးနောက် လျှပ်စစ်အဆက်အသွယ်တည်ငြိမ်မှုသည် ညံ့ဖျင်းလာပြီး လျှပ်စစ်စီးလမ်းကြောင်းပျက်စီးချို့ယွင်းမှုကို အလွယ်တကူဖြစ်ပေါ်လာစေနိုင်သည်။

အချုပ်အားဖြင့်ဆိုရသော် အယ်လ်နီညိုကဲ့သို့သော ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်များကြောင့် ကမ္ဘာ့အပူချိန်မြင့်တက်လာခြင်းသည် လျှပ်စစ်စွမ်းအင်ဆိုင်ရာပြဿနာများစွာကို ဖြစ်ပေါ်စေလျက်ရှိရာ ပြည်သူအားလုံးပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ကြမှသာလျှင် ရာသီဥတုပြောင်းလဲမှုနှင့် ကာဗွန်လျှော့ချရေးဆိုင်ရာလုပ်ငန်းများသည် အောင်မြင်လာနိုင်မည်ဖြစ်သည့်အပြင် အပူချိန်ကိုလည်း သိသိသာသာလျှော့ချသွားနိုင်မည်ဖြစ်ပါ၍ အယ်လ်နီညိုကြောင့် အပူရှိန်မြင့်တက်လာသည့်အတွက် ဖြစ်ပွားလာနိုင်သည့် လျှပ်စစ်ဆိုင်ရာပြဿနာများစွာကိုလည်း လျော့နည်းကျဆင်းသွားစေနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

ကိုးကား

- **"အပူချိန်မြင့်လာခြင်း၏ လျှပ်စစ်အကျိုးသက်ရောက်မှုသတင်းဆောင်းပါး"**
- **System Electric Web page from Google and weikipedia from Google.**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် ရေဘေးအန္တရာယ်အရေးပေါ်အခြေအနေသတ်မှတ်



ဝါရှင်တန် နိုဝင်ဘာ ၃

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုဖြစ်ပွားနေသဖြင့် ရေဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြောင်း အမေရိကန် မိုးလေဝသဥာန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘရီဇက်ကောင်တီတွင် ဖြစ်ပေါ်နေသည့် ရေကြီးရေလျှံမှုမှာ အန္တရာယ်ရှိသည့် အဆင့်ဖြစ်၍ တားမြစ်ထားသော ဇရီယာများကို ဖြတ်သန်းသွားလာခြင်း မပြုရန် ထုတ်ပြန်ထားကြောင်း၊ မိုးရေချိန်မှာ ၁၅ လက်မထိ မြင့်တက်လာနိုင်၍ ရေဘေးအန္တရာယ် ပိုမိုဆိုးရွားလာနိုင်ကြောင်း အမေရိကန် မိုးလေဝသဥာန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ထုတ်ပြန်ခဲ့သည်။

"ဖလော်ရီဒါပြည်နယ် အလယ်ပိုင်းမှာ မိုးသည်းထန်စွာ ရွာသွန်းခဲ့ပါတယ်။ မိုးရေချိန်ဟာ ၁၅ လက်မထိ ဆက်လက်မြင့်တက်လာနိုင်တာကြောင့် ရေဘေးအန္တရာယ်အရေးပေါ်အခြေအနေ သတ်မှတ်ထားပါတယ်။ မိုးစတင်ရွာသွန်းကတည်းက မိုးရေချိန်မြင့်မားခဲ့တဲ့အတွက် ရေကြီးရေလျှံမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ ရေကြီးရေလျှံမှုကို အဆိုးရွားဆုံး ရင်ဆိုင်နေရတဲ့ကောင်တီကတော့ ဘရီဇက်ကောင်တီဖြစ်ပါတယ်။ ရေကြီးရေလျှံမှု အရေးပေါ်အခြေအနေအတွက် ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များကို တပ်ဖြန့်ချထားပါတယ်"ဟု အမေရိကန် မိုးလေဝသဥာန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

ဘာကီနာဖာဆိုနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး သစ်တောမြေ ဟက်တာ ၈၉၁၀ ထိခိုက်ပျက်စီးခဲ့ရ

အူဂါဒူဂူ နိုဝင်ဘာ ၃

အာဖရိကအနောက်ပိုင်းတွင် တည်ရှိသော ဘာကီနာဖာဆိုနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုများဖြစ်ပွားခဲ့ပြီး သစ်တောမြေ ဟက်တာ ၈၉၁၀ ထိခိုက်ပျက်စီးခဲ့ရကြောင်း ကမ္ဘာလုံးဆိုင်ရာ သဘာဝဘေးအန္တရာယ် သတိပေးစနစ် (GDACS) ၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဟက်တာ ၈၉၁၀ ပျက်စီးခဲ့ပြီး မီးလောင်ကျွမ်းသည့် ဇရီယာအတွင်း နေထိုင်သူ ၁၉၃၁ ဦးခန့်ကို နိုဝင်ဘာ ၂ ရက်ကတည်းက ဘေးလွတ်ရာ ရွှေ့ပြောင်းပေးနေကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုများကြောင့် သစ်တောဏ်သဘာဝပတ်ဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအပေါ် ထိခိုက်နိုင်သည့်အတွက် တောမီးကို အမြန်ဆုံးငြိမ်းသတ်နိုင်ရေး အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် သစ်တောဇရီယာများအတွင်း မီးလောင်ကျွမ်းမှု ဆက်လက် မပြန့်ပွားစေရေး၊ ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်နိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရေးတို့အတွက် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဒေသဆိုင်ရာ အာဏာပိုင်များက အစီအမံများချမှတ် ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

အိန္ဒိယနိုင်ငံ တမီးလ်နာဒူးနှင့် အန်ဒရာပရာဒေ့ရှ်ပြည်နယ်တို့တွင် မူရာစုဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နေ

နယူးဒေလီ နိုဝင်ဘာ ၃

အိန္ဒိယနိုင်ငံ တောင်ပိုင်းရှိ တမီးလ်နာဒူးပြည်နယ်နှင့် အန်ဒရာပရာဒေ့ရှ် ပြည်နယ်တို့တွင် နိုဝင်ဘာ ၂ ရက်ကစ၍ မူရာစုဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်နေကြောင်း အိန္ဒိယမိုးလေဝသဌာန (IMD) ၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

အိန္ဒိယမိုးလေဝသဌာန (IMD) ၏ ထုတ်ပြန်ချက်အရ မူရာစုဆိုင်ကလုန်း မုန်တိုင်းသည် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့ကို ဖြတ်သန်းရွေ့လျားနေပြီး အန်ဒရာပရာဒေ့ရှ်ပြည်နယ်နယ်လိုမြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ ၁၂၀ နှင့် ချန်နိုင်းမြို့၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၁၆၀ ခန့်အကွာကို ဗဟိုပြုတိုက်ခတ်နေကြောင်း၊ မုန်တိုင်းတိုက်ခတ်နေစဉ် လေတိုက်နှုန်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၀၀ မှ ကီလိုမီတာ ၁၂၀ ထိ ရောက်ရှိနိုင်ကြောင်း သိရသည်။

ထို့ကြောင့် ငါးဖမ်းသင်္ဘောများ



အနေဖြင့် ယနေ့နှင့် နိုဝင်ဘာ ၄ ရက်တို့တွင် တောင်အရှေ့ဘက်နှင့် အနောက်တောင်ဘက် ဘင်္ဂလားပင်လယ်အော်ဒေသများသို့ ငါးဖမ်းမထွက်ကြရန် သက်ဆိုင်ရာ တာဝန်ရှိသူများက သတိပေးထားကြောင်း သိရသည်။

အန်ဒရာပရာဒေ့ရှ်ပြည်နယ် ဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့မှ အဆင့်မြင့်အရာရှိ ပရာခါဂျိန်း၏ ပြောကြားချက်အရ ဒေသခံ ၃၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလျက်ရှိကြောင်း၊ တမီးလ်နာဒူးပြည်နယ်ရှိ ချန်နိုင်းနှင့် တီရူဗာလူခရိုင်တို့တွင် ကျောင်းများနှင့် ကောလိပ်များ အားလုံးကို ယာယီပိတ်ထားကြောင်း၊ ထို့ပြင် အိန္ဒိယမိုးလေဝသဌာနက တယ်လန်ဂါနာပြည်နယ်ရှိ ခရိုင်ခြောက်ခုကို လိမ္မော်ရောင်အဆင့်နှင့် ခရိုင်ငါးခုကို အဝါရောင်အဆင့် သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

ဖီဂျီနိုင်ငံတွင် ရေရှားပါးမှုဖြင့်ရင်ဆိုင်နေရသဖြင့် အစိုးရက ရေပေးဝေမှုများဆောင်ရွက်

ဆူဗာ နိုဝင်ဘာ ၃

ဖီဂျီနိုင်ငံတွင် သောက်သုံးရေရှားပါးမှုဖြင့် ရင်ဆိုင်နေရပြီး အစိုးရက ရေသယ်ယာဉ်များဖြင့် ရေပေးဝေမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖီဂျီပြည်သူ့လုပ်ငန်း၊ ပို့ဆောင်ရေးနှင့် မိုးလေဝသဝန်ဆောင်မှုဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေပေးဝေခြင်းလုပ်ငန်းကို ပင်လယ်အတွင်းမှ ရေစုပ်ယူကာ ပြန်လည်သန့်စင်၍ ရေပေးဝေခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ ရေပေးဝေရာတွင် ရေသယ်ယာဉ် ၆၇ စီးထိ အသုံးပြုထားပြီး ရေပေးဝေခြင်းလုပ်ငန်းစဉ်ကို ၂၀၂၇ ခုနှစ် ဧပြီလထိ သတ်မှတ်ထားကြောင်း ပြည်သူ့လုပ်ငန်း၊ ပို့ဆောင်ရေးနှင့် မိုးလေဝသဝန်ဆောင်မှုဆိုင်ရာ ဝန်ကြီးဌာနက အတည်ပြုထုတ်ပြန်ခဲ့သည်။

"သောက်သုံးရေရှားပါးနေတဲ့အတွက် ပင်လယ်ရေငန်ကို စုပ်ယူပြီး ပြန်လည်သန့်စင်တယ်။ သန့်စင်ပြီး သောက်သုံးရေတွေကို ရေသယ်ယာဉ် ၆၇ စီးနဲ့ ရေပေးဝေတဲ့လုပ်ငန်းစဉ်ကို ဆောင်ရွက်ပေးနေပါတယ်။ ရေပေးဝေမှုကိုလဲ ၂၀၂၇ ခုနှစ် ဧပြီလထိ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု ဖီဂျီပြည်သူ့လုပ်ငန်း၊ ပို့ဆောင်ရေးနှင့် မိုးလေဝသဝန်ဆောင်မှုဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိချိန်ထိ ရေရှားပါးသည့် ဒေသများကို ရေပေးဝေရာတွင် ရေလီတာပေါင်း ၈၁၀၀၀၀ ထိ ပေးဝေထားနိုင်ပြီး ရေရှည်အစီအမံများဖြင့် ပေးဝေသွားမည်ဖြစ်ကြောင်း၊ ပင်လယ်ရေငန်ဖြစ်သည့်အတွက် ရေကိုပြန်လည် သန့်စင်ရန် ရေသန့်စက်ရုံခြောက်ရုံ၊ ရွှေ့ပြောင်း အသုံးပြုနိုင်သည့် ရေသန့်စင် ကိရိယာစုံတို့ကို အသုံးပြုထားကြောင်း၊ လက်ရှိ သောက်သုံးရေ ခက်ခဲသည့် ပြဿနာဖြင့် ရင်ဆိုင်နေရသည့် ဒေသခံဦးရေ ၂၄၆၀၀ ကျော် ထက်မနည်းရှိနေပြီး သတ်မှတ်အချိန်တွင် ရေပုံမှန်ပေးဝေသွားမည်ဖြစ်ကြောင်း ဖီဂျီပြည်သူ့လုပ်ငန်း၊ ပို့ဆောင်ရေးနှင့် မိုးလေဝသဝန်ဆောင်မှုဆိုင်ရာ ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

ရဝမ်ဒါနိုင်ငံတွင် မိုးခေါင်မှုလျော့ချရေးစီမံချက်များအတွက် အစိုးရက ဘတ်ဂျက်ခွင့်ပြုပေးသွားရန်စီစဉ်နေ

ကီဂါလီ နိုဝင်ဘာ ၃

ရဝမ်ဒါနိုင်ငံတွင် မိုးခေါင်မှု ပြဿနာဖြင့် ကာလရှည်ရင်ဆိုင်နေရပြီး မိုးခေါင်မှုကြောင့် စိုက်ပျိုးရေးကဏ္ဍအပါအဝင် ကဏ္ဍအသီးသီးတွင် ကြီးမားသော ဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည့်အတွက် မိုးခေါင်မှုလျော့ချရေးကို စီမံချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ၎င်းစီမံချက်အတွက် အစိုးရက ဘတ်ဂျက်ခွင့်ပြုရန် စီစဉ်နေကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးခေါင်မှုလျော့ချရေးအတွက် စတင် ပြင်ဆင်နေပြီဖြစ်သကဲ့သို့ မိုးခေါင်မှုကြောင့် လယ်ယာများ ပျက်စီးကာ ထိခိုက်နစ်နာမှုများဖြင့် ရင်ဆိုင်နေရသည့်တောင်သူများကိုလည်း ငွေကြေးပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူများကို ပံ့ပိုးပေးရန် အစိုးရက အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၇ သန်းခွင့်ပြုပေးထားပြီးဖြစ်ကြောင်း ရဝမ်ဒါအစိုးရက ထုတ်ပြန်ခဲ့သည်။

"မိုးခေါင်မှုပြဿနာနဲ့ ကာလရှည်ရင်ဆိုင်နေရတဲ့အတွက် ကဏ္ဍအသီးသီးမှာ ကြီးမားတဲ့ဆုံးရှုံးမှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍမှာ တော်တော်လေးကို ရိုက်ခတ်မှုကြီးမားခဲ့တယ်။ တောင်သူတွေ အရှုံးပေါ်ခဲ့သလို တချို့ဒေသတွေမှာ စားနပ်ရိက္ခာရှားပါးတဲ့ အဆင့်ထိ ရောက်နေပါတယ်။ ဒါကြောင့် အစိုးရအနေနဲ့ တောင်သူတွေကို ပံ့ပိုးပေးဖို့အတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၇ သန်းထိ ခွင့်ပြုထားပါတယ်။ မိုးခေါင်မှုလျော့ချရေးကိုလဲ ရေရှည်စီမံချက်နဲ့ ဆောင်ရွက်သွားပါမယ်။ မိုးခေါင်မှုလျော့ချရေး စီမံချက်အတွက်လဲ အစိုးရက ဘတ်ဂျက်ခွင့်ပြုပေးသွားဖို့ စီစဉ်နေပါတယ်" ဟု ရဝမ်ဒါအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

ငါးဗျားငါး၏ သဘာဝနှင့် ဂေဟစနစ်အကျိုးပြုပုံ

နှင်းအိ(ရာမညမြေ)







ငါးဗျားငါးသည် မြန်မာ့ကမ်းရိုးတန်းတွင် တွေ့ရလေ့ရှိသော ငါးငယ်တစ်မျိုးဖြစ်သည်။ အင်္ဂလိပ်လို Scaly Hairfin Anchovy ဟုခေါ်ပြီး သိပ္ပံအမည်မှာ Setipinna Taty ဖြစ်သည်။ ငါးဗျားငါးများသည် အပူပိုင်း အိန္ဒိယ-ပစိဖိတ်ဒေသရှိ ကမ်းရိုးတန်း ရေတိမ်ပိုင်းများ၊ မြစ်ဝကျွန်းပေါ်ဒေသများနှင့် ဒီရေအတက်အကျရှိသော မြစ်များတွင် အများဆုံး ကျက်စားသည့် ငါးမျိုးစိတ်ဖြစ်သည်။

နေထိုင်မှုအလေ့အထနှင့် သက်တမ်း

ငါးဗျားငါးသည် အုပ်စုဖွဲ့ သွားလာတတ်ကြပြီး ကမ်းရိုးတန်းဒေသပင်လယ်ရေပြင်တွင် အများဆုံး တွေ့ရသော်လည်း ဆားငန်ဓာတ်နည်းသော မြစ်ဝကျွန်းပေါ်ဒေသများထိ တွေ့ရတတ်သည်။ မိုးရာသီတွင် ရေကြည်ထက် ရေနောက်သော မြစ်များအတွင်း ပိုမိုကျက်စားလေ့ရှိသည်။

ငါးဗျားငါးများ၏ ကိုယ်အရောင်မှာ ကျောဘက်တွင် အညိုရောင် သို့မဟုတ် အပြာရင့်ရောင်ရှိပြီး ဘေးဘက်နှင့် ဝမ်းဗိုက်ပိုင်းတို့တွင် တောက်ပသော ငွေရောင်ရှိကြသည်။

ငါးဗျားငါး၏ သက်တမ်းမှာ ယေဘုယျအားဖြင့် သုံးနှစ်မှ ငါးနှစ်ခန့်ဖြစ်သည်။ ၎င်းနှင့် မျိုးနွယ်တူ အန်ချိုဗီ (Anchovy) ငါးမျိုးရင်းဝင်အများစုသည် သက်တမ်းတိုသော ရေပေါ်အပေါ်ယံပိုင်းနေ (Pelagic Fish) မျိုးစိတ်များဖြစ်ကြပြီး ပျမ်းမျှအားဖြင့် နှစ်နှစ်မှ လေးနှစ် သို့မဟုတ် အချို့မျိုးစိတ်များတွင် သုံးနှစ်မှ ခုနစ်နှစ်ထိသာ ရှင်သန်နိုင်ကြသည်။

ငါးဗျားငါးသည် သက်တမ်းတိုသော်လည်း ဥ အမြောက်အမြားဥနိုင်ပြီး မျိုးပွားနှုန်း အလွန်မြန်ဆန်သောကြောင့် ပင်လယ်ပြင်အစာကွင်းဆက်စနစ်တွင် အခြားငါးကြီးများနှင့် ငှက်များအတွက် အဓိက အစားအစာအဖြစ် တည်ရှိနေသည်။

အရွယ်အစားနှင့် မျိုးပွားခြင်း

ငါးဗျားငါးသည် အလျား ၁၅ စင်တီမီတာမှ ၂၂ စင်တီမီတာထိ အများဆုံး ကြီးထွားနိုင်ကြသည်။ မျိုးပွားသည့်ပုံစံမှာ ဥမွှသားဖောက်သော ငါးမျိုးစိတ်ဖြစ်ပြီး အခြားငါးဗျားငါးမျိုးနွယ်တူ အန်ချိုဗီငါးများကဲ့သို့ပင် ရေထဲသို့ ဥများဥချကာ မျိုးအောင်စေသည်။

မျိုးပွားရာသီမှာ ပုံမှန်အားဖြင့် နှစ်တစ်နှစ်အတွင်း ရေအပူချိန် ပူနွေးသော ကာလများနှင့် မိုးရာသီ (ရေချိုများ စီးဝင်မှုကြောင့် အစာပေါများသည့်အချိန်) တွင် အဓိက မျိုးပွားကြသည်။ ရာသီဥတုအပေါ် မူတည်၍ တစ်နှစ်လျှင် အကြိမ်ကြိမ် ဥလေ့ရှိသည်။ ဥများကို ရေမျက်နှာပြင်တွင် မျောပါနေသော ပုံစံဖြင့်ချလေ့ရှိပြီး ရေအပူချိန်မြင့်မူတည်၍ ဥများမှ သားလောင်းများအဖြစ် ရက်ပိုင်းအတွင်း ပေါက်ဖွားလာကြသည်။ မျိုးပွားရန် သို့မဟုတ် သားလောင်းများ ကြီးထွားရန်အတွက် ကမ်းရိုးတန်း ရေတိမ်များအပြင် မြစ်ဝကျွန်းပေါ်ဒေသများနှင့် ဒီရေတောများဆီသို့ ဝင်ရောက်ကျက်စားတတ်ကြသည်။

အစာစားသည့် အလေ့အထ

ငါးဗျားငါးသည် ရေကူးမျှောလေးပိုးမွှားငယ်များကို စားသုံးသည့်အမျိုးအစားဖြစ်သည်။ အဓိက စားသုံးသည့်အစာများမှာ အရွယ်ရောက်ပြီးသော ငါးဗျားငါးသည် ပုစွန်ဆိတ်များ၊ ရေခွံမာကောင်ငယ်များနှင့် ပိုးမွှားများကို အဓိကရှာဖွေစားသုံးကြသည်။ အရွယ်ကြီးမားလာပါက ငါးငယ်လေးများကိုပါ စားလေ့ရှိသည်။ ငါးဗျားငါးအကောင်ပေါက်များသည် ရေကူးမျှောလေး ပိုးမွှားငယ်လေးများဖြစ်သည့် အလွန်သေးငယ်သည့် အခွံမာရေသတ္တဝါ၊ အလွန်သေးငယ်သည့် ရေနေအဏုဇီဝပိုးမွှားနှင့် သန်ကောင်လေးများကို ရွေးချယ်စားသုံးကြသည်။

ငါးဗျားငါးသည် ရေထဲတွင် မျောပါနေသော မျက်စိဖြင့် မမြင်နိုင်သည့် အစာများကို ပါးစပ်ဖွင့်၍ ရေနှင့်အတူ မျိုချကာ ပါးဟက်ဖြင့် စစ်ထုတ်စားသုံးခြင်းဖြစ်သည်။ ဥဥသည့် ရာသီများတွင် အစာစားနှုန်းသိသိသာသာ လျော့နည်းသွားတတ်သည်။ နွေရာသီနှင့် ဒေသအခြေအနေများပေါ်မူတည်၍ ၎င်းတို့၏ အစာစားလိုစိတ် ပြောင်းလဲလေ့ရှိပြီး ပတ်ဝန်းကျင်တွင် ပုစွန်နှင့် ပိုးမွှားပေါများသည့်ရာသီများ၌ အစာကို အဆက်မပြတ် ရှာဖွေစားသုံးကြသည်။

စားသုံးပုံ

ငါးဗျားငါးသည် မြန်မာနိုင်ငံတွင် အစိုရော အခြောက်ပါ အစားများသည့် အရသာရှိသော ငါးလေးတစ်မျိုးဖြစ်သည်။ ၎င်း၏ ကိုယ်ထည်သည် ပါးလွှာပြီး အရိုးနုသောကြောင့် နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်စားသုံးနိုင်သည်။

ငါးဗျားငါးကို အခြောက်လှန်းထားသည့် ငါးဗျားခြောက်ကို အကြော်ပြော်၍ စားသုံးသည်၊ ငါးဗျားအစိုကို ချက်စားလိုပါက အရိုးပါဝါးစား၍ရသော အိုးကပ်ချက်နည်းက အသင့်တော်ဆုံးဖြစ်သည်။ ငါးဗျားငါးများကို အချဉ်သိပ်ပြီး ငါးချဉ်အဖြစ်လည်း ပြုလုပ်စားသုံးကြသည်။

ကျန်းမာရေးအကျိုးကျေးဇူးများ

ငါးဗျားငါးသည် အရိုးပါဝါးစားနိုင်သည့် ငါးအမျိုးအစားဖြစ်၍ ခန္ဓာကိုယ်အတွက် လိုအပ်သော ကယ်လ်စီယမ် (Calcium) ဓာတ်ကို မြင့်မားစွာ ပံ့ပိုးပေးနိုင်ပြီး အရိုးပွရောဂါကို ကာကွယ်ပေးသည်။

ငါးဗျားငါးတွင် ခန္ဓာကိုယ်အတွက် ကောင်းမွန်သော Omega-3 ဖက်တီးအက်စစ် ပါဝင်သောကြောင့် သွေးတွင်းအဆီဓာတ်ကို လျော့ချပေးပြီး နှလုံးကျန်းမာရေးကို ကောင်းမွန်စေသည်။

ငါးဗျားငါးတွင် Omega-3 ဖက်တီးအက်စစ် ပါဝင်သည်။ အထူးသဖြင့် ကလေးများ၏ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် လူကြီးများ၏ မှတ်ဉာဏ်ကျဆင်းမှုရောဂါ (Dementia) တို့ကို ကာကွယ်ရာတွင် Omega-3 သည် အထူးအရေးပါသည်။

ငါးဗျားငါးသည် ကယ်လိုရီနည်းပြီး ပရိုတင်းဓာတ်မြင့်မားသောကြောင့် ခန္ဓာကိုယ်ကြွက်သားများကိုပြုပြင်တည်ဆောက်ရာတွင် အထူးသင့်လျော်သည်။

ငါးဗျားငါးတွင် ဆီလီနီယမ် (Selenium) ဓာတ် မြင့်မားစွာပါဝင်ပြီး ၎င်းသည် သိုင်းရွိုက်လုပ်ငန်းစဉ်ပုံမှန်လည်ပတ်ရန်အတွက် မရှိမဖြစ်လိုအပ်သော သတ္တုဓာတ်တစ်ခုဖြစ်သည်။

ငါးဗျားငါးတွင် Omega-3 နှင့် ဗီတာမင်အေ ပါဝင်မှုသည် မျက်စိမှုန်ခြင်း၊ အသက်အရွယ် ကြီးရင့်လာသည်နှင့်အမျှ မျက်စိကွယ်ခြင်းတို့ကို ကာကွယ်ပေးသည်။

ငါးဗျားနှင့် ဂေဟစနစ်

ငါးဗျားငါးသည် ရေချိုနှင့် ရေငန်စပ် ဂေဟစနစ်တွင် အရေးပါသော ရေနေသတ္တဝါတစ်မျိုးဖြစ်သည်။ ၎င်းသည် အပူပိုင်း အင်ဒို-ပစိဖိတ်သမုဒ္ဒရာ ကမ်းရိုးတန်းများ၊ ဘင်္ဂလားပင်လယ်အော်နှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် ရေတိမ်ပိုင်းများတွင် အုပ်စုလိုက် ကျက်စားလေ့ရှိသည်။

ငါးဗျားငါးများသည် ရေထဲတွင် မျောပါနေသော ဇီဝမှုန်ငယ်များဖြစ်သည့် ရေမျောသတ္တဝါငယ်များကို စားသောက်ကြသည်။ ထို့ကြောင့် ၎င်းတို့သည် ဂေဟစနစ်၏ အစာကွင်းဆက်တွင် အပင်နှင့် ဇီဝမှုန်များမှ ရရှိသောစွမ်းအင်ကို စားသုံးသူများထံ လွှဲပြောင်းပေးသည့် အဓိကတံတားတစ်ခုဖြစ်သည်။ ၎င်းတို့သည် အုပ်စုလိုက်နေထိုင်ကြကာ ငါးကြီးများအတွက် အစာအရင်းအမြစ်ဖြစ်သည်။ ငါးဗျားငါးများ ရှင်သန်ပွားများမှုသည် ပင်လယ်ရေနေသတ္တဝါများ၏ ဂေဟစနစ်ဟန်ချက်ညီမှုကို တိုက်ရိုက် ထိန်းညှိပေးသည်။

ငါးဗျားငါးများသည် ပင်လယ်ကမ်းနီးရေတိမ်ပိုင်းနှင့် မြစ်ဝများကြား ရွှေ့ပြောင်းကျက်စားတတ်သော အလေ့အထရှိသည်။ ၎င်းတို့၏ ရွှေ့ပြောင်းသွားလာမှုသည် ရေငန်ပိုင်းနှင့် မြစ်ဝအဏ္ဏဝါဂေဟစနစ် နှစ်ခုကြား အာဟာရဓာတ်များ စီးဆင်းလည်ပတ်မှုကို အားကောင်းစေသည်။

ဇီဝမျိုးစုံမျိုးကွဲနှင့် လူသားတို့၏ ဂေဟစနစ်

လူသားတို့၏ စားနပ်ရိက္ခာကွင်းဆက်တွင် ငါးဗျားငါးသည် ငါးပိ၊ ငါးခြောက်၊ ငါးငံပြာရည်ပြုလုပ်ရန်နှင့် သားငါးဖမ်းဆီးရာတွင် အသုံးချသော ငါးမျိုးစိတ်ဖြစ်သည်။ ကမ်းရိုးတန်းဒေသခံ ရေလုပ်သားများ၏ အသက်မွေးဝမ်းကျောင်းကို ထောက်ပံ့ပေးထားသည့်အတွက် လူမှုစီးပွားနှင့် သဘာဝပတ်ဝန်းကျင် ပေါင်းစပ်ထားသော ဂေဟစနစ်တွင် မရှိမဖြစ်ပါဝင်နေသည်။ ငါးဗျားငါးတို့ ကျက်စားရာ မြစ်ဝနှင့် ကမ်းရိုးတန်း ဂေဟစနစ်များ ကောင်းမွန်နေစေရန်အတွက် ဒီရေတောများထိန်းသိမ်းခြင်းနှင့် ရေထုညစ်ညမ်းမှုကာကွယ်ခြင်းတို့သည် အလွန်အရေးကြီးသည်။

ငါးဗျားငါးသည် ကျန်းမာရေးအကျိုးကျေးဇူးလည်း များပြားစွာရရှိနိုင်သည့်အပြင် ဂေဟစနစ်ကိုလည်း ကောင်းကျိုးပြုသောကြောင့် လူ့အကျိုးပြု

❖ လူသားတို့၏ စားနပ်ရိက္ခာကွင်းဆက်တွင် ငါးဗျားငါးသည် ငါးပိ၊ ငါးခြောက်၊ ငါးငံပြာရည်ပြုလုပ်ရန်နှင့် သားငါးဖမ်းဆီးရာတွင် အသုံးချသော ငါးမျိုးစိတ်ဖြစ်သည်။ ကမ်းရိုးတန်းဒေသခံ ရေလုပ်သားများ၏ အသက်မွေးဝမ်းကျောင်းကို ထောက်ပံ့ပေးထားသည့်အတွက် လူမှုစီးပွားနှင့် သဘာဝပတ်ဝန်းကျင် ပေါင်းစပ်ထားသော ဂေဟစနစ်တွင် မရှိမဖြစ်ပါဝင်နေသည်။ ငါးဗျားငါးတို့ ကျက်စားရာမြစ်ဝနှင့် ကမ်းရိုးတန်း ဂေဟစနစ်များ ကောင်းမွန်နေစေရန်အတွက် ဒီရေတောများထိန်းသိမ်းခြင်းနှင့် ရေထုညစ်ညမ်းမှုကာကွယ်ခြင်းတို့သည် အလွန်အရေးကြီးသည်။ ❖

ငါးမျိုးစိတ်ဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

ကိုးကား

- မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၅)
- ငါးလုပ်ငန်းစာစဉ် အတွဲ(၁၁)၊ အမှတ်(၂)
- Fish Base of Myanmar
- Inland Fisheries of Myanmar

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

ရွှေငွေသို့ပမာ အဖိုးတန်ရေချို

မန္တလာကိုကိုဝင်း

လူသားတို့အတွက် မရှိလျှင်မဖြစ်သောအရာများတွင် ရေသည်ရှေ့ဆုံးကပါဝင်သည်။ ရေအသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်ဟုဆိုထားပေရာရေမရှိလျှင် တစ်မနက်ပင် ရှင်သန်ရန်လွယ်ကူမည်မဟုတ်ပေ။ မနက်မိုးလင်းအိပ်ရာမှထပြီး လူတိုင်းဆောင်ရွက်ကြသည်မှာ မျက်နှာသစ်ခြင်းဖြစ်သည်။ မျက်နှာသစ်ပြီးသည်နှင့် တစ်နေ့တာ ကျန်းမာရေးကောင်းမွန်စေဖို့ ရေကိုတဝကြီး သောက်ကြသည်။ အချိန်ရလျှင်လမ်းလျှောက်ကြရသည်။ လမ်းလျှောက်နေ၍ အချိန်ကြာလျှင်ပင် ရေကလိုအပ်လာသည်။ အမောပြေရေကို သောက်ရပြန်သည်။

ထို့နောက် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် တစ်နေ့တာ၏ နံနက်ခင်းတွင် မြတ်စွာဘုရားကို ရိုသေမြတ်နိုးတန်ဖိုးထားစွာ ဝပ်တွားခယကန်တော့ကြသည်။ မြတ်စွာဘုရားကို ဆွမ်းခဖွယ်အစုံအလင်နှင့်ကပ်ရသည်မှာ နံနက်တိုင်းလုပ်ဆောင်ကြသည့်ခလေ့ဖြစ်သည်။ ဆွမ်းခဖွယ်များ ကပ်လှူသည်နှင့်ရေကိုလည်း ကပ်လှူကြရသည်။ မြတ်စွာဘုရားထံ သောက်တော်ရေကပ်ခြင်းဖြင့် ရေအကျိုးဆယ်ပါးမတောင်းဘဲနှင့် ပြည့်စုံကြသည်။ အများသိကြပြီးဖြစ်သည့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဗလကြီးခြင်း၊ ဉာဏ်ပညာကြီးမားခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ရောဂါဘယကင်းဝေးခြင်း၊ အငြွေအရံများခြင်း၊ ရေရှားပါးမှုဒဏ်မှကင်းဝေးခြင်း၊ လျင်မြန်ဖျတ်လတ်ခြင်းတို့ဖြစ်သည်။

ကုသိုလ်ရရှိခြင်းနှင့်အတူ ရေ၏တန်ဖိုးကို သိကြရပြီဖြစ်သည်။ လူတိုင်းသည် လူမှုစီးပွားဘဝရှင်သန်ရေးအတွက် အလုပ်လုပ်ကိုင်နေကြရသည်။ တချို့ကကိုယ်ပိုင်လုပ်ငန်း၊ တချို့ကကုမ္ပဏီဝန်ထမ်း၊ တချို့ကအစိုးရဝန်ထမ်း စသည်ဖြင့် လူအမျိုးမျိုး၊ အလုပ်အမျိုးမျိုးလုပ်ကိုင်ကြရသည်။ အလုပ်သို့သွားရန်အတွက် လူတိုင်းမဖြစ်မနေလုပ်ဆောင်ကြရသည်မှာ မနက်ပိုင်းရေချိုးခြင်း၊ ကိုယ်လက်သန့်စင်ခြင်းဖြစ်သည်။ ရေချိုးလိုက်သောအခါ ကိုယ်ခန္ဓာတစ်ခုလုံးပေါ့ပါးလန်းဆန်းသွားသည်။ ရေချိုးသည့်နေရာတွင်လည်း ရေကိုချွေတာကြရမည်ဖြစ်သည်။ ရေတိုင်ကီထဲမှာရှိသည့် ရေကို အတတ်နိုင်ဆုံးမျှဝေသုံးစွဲခြင်းဖြစ်သည်။အကောင်းဆုံးချွေတာနည်းကို ပြောရပါလျှင် ရေခွက်ဖြင့် စနစ်တကျခန္ဓာကိုယ်ကိုရေလောင်းချိုးခြင်းဖြစ်သည်။ ဆပ်ပြာမတိုက်မီတွင် ရေကိုသုံးခွက်မျှလောင်းခြင်း၊ ဆပ်ပြာတိုက်ပြီးနောက် ရေကို လေးခွက်မျှသုံးခြင်းဖြင့်ရေကို ချွေတာနိုင်သည်။ လူတော်တော်များများသည် အမှုမဲ့အမှတ်မဲ့ ရေချိုးခြင်းမပြုလုပ်ဘဲ ရေခွက်မည်မျှသတ်မှတ်၍ အနည်းဆုံးဖြစ်အောင် ရေချိုးပါက ရေကိုချွေတာ သုံးစွဲရာရောက်သည်။

လွန်ခဲ့သောနှစ်ပေါင်းများစွာက ကျေးလက်များ(အထူးသဖြင့်)အညာဒေသများတွင် ရေအလွန်ရှားပါးလွန်းလှသဖြင့် ရွှေကိုမလို ရေကိုသာလိုသည်ဟူသော စကားတွင်ကျယ်ခဲ့သည်။ ယနေ့ခေတ်ကာလတွင် အဆိုပါစကားရပ်မှာ မှေးမှိန်ခဲ့ပြီဖြစ်သည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသဖြင့် ယခင်ကကဲ့သို့ ရေမရှားတော့ပေ။ နိုင်ငံတော်အစိုးရက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးများ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးများကို အားတက်သရောလုပ်ဆောင်ပေးလာသည့်အခါ အဆိုပါဒေသများတွင် ရေရှားပါးမှုမရှိတော့ဘဲ ပေါများလာပြီဖြစ်သည်။

ရေရှိလျှင် ငွေရှိသည်နှင့်အတူတူပင်ဖြစ်သည်။ မြန်မာနိုင်ငံရှိလုပ်ငန်းတိုင်းတွင် ရေမပါဘဲပြီးမြောက်သည့် ကုန်ထုတ်လုပ်ငန်းဟူ၍မရှိသည့်အတွက် ရေသည် တန်ဖိုးအားဖြင့် မြင့်မားနေပြီဖြစ်သည်။ တောင်သူလယ်သမားဦးကြီးများ၏ လယ်ယာသီးနှံစိုက်ပျိုးရေးလုပ်ငန်းတွင် "မျိုး၊ မြေ၊ ရေ၊ နည်း"ဟူ၍ ရေသည်လည်းပါဝင်သည်။ ရေရရှိရေးအတွက် နိုင်ငံတော်အစိုးရက ဆည်တာတမံများ၊ မြစ်ရေတင် စီမံကိန်းများဆောင်ရွက်ပေးထားသည်။ ထို့ပြင် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခြင်းဖြင့် ရေသည်သစ်ပင်၏အောက်နှင့်ပတ်လည်တွင် ကိန်းအောင်းခြင်းဖြင့် ရေအစိုဓာတ်ကိုရရှိစေမည်ဖြစ်သည်။ မြေအောက်ရေများရှိနေခြင်းကြောင့်လည်း စက်ရေတွင်းများတူးသည့်အခါ ရေထွက်နှုန်းကောင်းသည်။ သန့်ရှင်းကြည်လင်သောသောက်သုံးရေရရှိသည်။



လူဆိုသည်မှာ အခက်အခဲကိုကိုယ်တွေ့ကြုံမှပိုမိုသိရှိနားလည်သဘောပေါက်ကြသည်။ သန့်ရှင်းသော သောက်သုံးရေကိုချွေတာကြပါ။ ရေကိုချွေချွေတာတာသုံးစွဲကြပါ။ ရေကိုအမြတ်တနိုးတန်ဖိုးထားကြပါဟု မည်သို့ပင် လှုံ့ဆော်ကာအသိပေးနေလည်းကိုယ်တွေ့မကြုံသေးဖူးသူများက ရေ၏တန်ဖိုးကို နားလည်မည်မဟုတ်ပါ။ သာမန်မျှသာ သဘောထားကြပေလိမ့်မည်။ ရေနှင့်ပတ်သက်လာလျှင် "ဒါနနှင့် သီလမပါလျှင် သေခါမှသိ" "ရောဘူး နှင့် ဖိနပ်မပါလျှင် နွေအခါမှသိ"ဆိုစကားအတိုင်းပင်ဖြစ်သည်။ ရေ၏တန်ဖိုးကြီးမားခြင်းကို နွေအခါတွင် ပို၍သိခဲ့ကြရသည်။

ခရီးသွားသူတိုင်းသည် ရောဘူးကိုဆောင်ထားကြရမည်ဖြစ်သည်။ ရေဆာလျှင် ရေသောက်လိုက်ခြင်းဖြင့်လိုအင်ဆန္ဒပြည့်ဝသည်။ လူတစ်ဦးသည် ရေကို ဖူလုံစွာ သောက်သုံးရမှသာဦးနှောက်၊ ခန္ဓာကိုယ်ဆဲလ်များ၊ အစာခြေစနစ်၊ နှလုံး၊ ကျောက်ကပ်နှင့် ကြွက်သားများ၏ လုပ်ဆောင်ချက်များကို အထောက်အကူဖြစ်စေရုံသာမက အသားရေခြောက်ခန်းမှု၊ ပြင်ပရောဂါပိုးဝင်မှုတို့ကိုပါ ကာကွယ်ပေးသည်။ ခန္ဓာကိုယ်အပူချိန်ကိုလည်း ထိန်းညှိပေးနိုင်သည်။ ရေကိုလုံလောက်စွာ သောက်သုံးခြင်းကြောင့် ပင်ပန်းနွမ်းနယ်မှုလျော့ပါးသက်သာစေခြင်း၊ စိတ်ရွှင်လန်းစေခြင်း၊ ခေါင်းကိုက်ခြင်းနှင့်မူးဝေအော့အန်သည့်ဝေဒနာမှ သက်သာစေခြင်း၊ အစာကြေပြီး ဝမ်းချုပ်ခြင်းမှကင်းဝေးခြင်း၊ ကိုယ်ခန္ဓာအလေးချိန်လျော့ကျစေခြင်း၊ အဆိပ်အတောက်ဖြစ်ပွားနိုင်မှုမှ လျော့ပါးစေခြင်း၊ ကိုယ်ခန္ဓာအေးမြမှုကို ထိန်းချုပ်ပေးခြင်းစသည့် အကျိုးကျေးဇူးများရရှိစေသည်။

ရေရှားပါးမှုအခက်အခဲကြောင့် လိုအပ်ချိန်တွင် လိုအပ်သလိုမသုံးရပါက ဝမ်းပျက်ဝမ်းလျှောခြင်း၊ အရေပြားပူလောင်ခြင်း၊ မျက်ခမ်းစပ်ရောဂါဖြစ်ခြင်း၊ အော့အန်ခြင်း၊ ဖျားနာခြင်း စသည်တို့ဖြစ်လာပါလိမ့်မည်။ ရေသည်လူသားတို့အတွက် အစားအစာသာမက ဆေးတစ်ပါးလည်းဖြစ်သည်။ မိမိကိုကျေးဇူးပြုနေသောရေကို မိမိတို့က ချွေတာစွာသုံးစွဲခြင်းဖြင့် မိမိတို့၏လူနေမှုဘဝများကို ဖြတ်သန်းကြရမည်ဖြစ်သည်။ လူတစ်ဦး၏ နေ့စဉ်လုံလောက်စွာသောက်သုံး သည့်ရေပမာဏသည် ထိုသူ၏ ကျန်းမာကြံ့ခိုင်သော ခန္ဓာကိုယ်ကို ထိန်းသိမ်းရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်သည်။ နေ့စဉ်သောက်ရေဖန်ခွက်ရှစ်ခွက်မှ ၁၀ ခွက်ခန့်ထိ သောက်သုံးသူသည် ကျန်းမာရေးကောင်းမွန်မည်ဟု ကျွမ်းကျင်သူများက ဆိုထားသည်။

ကမ္ဘာကြီးကိုလေ့လာကြည့်ပါက မြေပြင်ထက်ရေပြင်ကပိုမို၍များပြားသည်။ ကမ္ဘာပေါ်ရှိရေများ၏ ၉၇ ရာခိုင်နှုန်းမှာ ဆားငန်ရေများဖြစ်ကြပြီး သောက်သုံး၍ရနိုင်သည်မဟုတ်ပေ။ ကျန်ရေချိုပမာဏ သုံးရာခိုင်နှုန်းတွင် နှစ်ရာခိုင်နှုန်းမှာလည်း ရေခဲဖြင့် ဖုံးအုပ်ထားခြင်းကြောင့် လူသားတို့မသုံးစွဲနိုင်ကြပေ။ ထို့ကြောင့် လူတို့အတွက် အမှန်တကယ်သုံးစွဲနိုင်သော ရေချိုပမာဏမှာ တစ်ရာခိုင်နှုန်း မျှသာဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် အလွန်နည်းပါးသော်လည်း အဆိုပါရေများကဂါလန်အားဖြင့် အမြောက်အမြားဖြစ်နေသဖြင့် ကမ္ဘာ့လူသား တို့နေ့စဉ်သုံးစွဲနေနိုင်ခြင်းဖြစ်သည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ ခန့်မှန်းသုံးသပ်ချက်များအရ အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်မှာ ပုံမှန်အပူချိန်အထက်သို့ ၂ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်မှ ၂ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်ထိပိုနေပြီး လေထုဖြစ်စဉ်များမှာ အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် အယ်လ်နီညိုအမြင့်ဆုံးအခြေအနေသို့ ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင်ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ မိုးရွာသွန်းမှုပုံစံမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများတွင် အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့်အစွန်းရောက် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သည်။

အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် လာမည့်ဆောင်းရာသီနှင့် နွေရာသီကာလများ၌ အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုများဖြစ်ပေါ်လာနိုင်ပြီးမြစ်ချောင်း၊ အင်းအိုင်၊ ရေတွင်း၊ ရေကန်များတွင် ရေနည်းပါးခြင်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပြတ်လပ်ခြင်း၊ ရေမလုံလောက်မှုများဖြစ်ပေါ်လာနိုင်ခြင်း၊ အပူလျှပ်ခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ ရေရှားပါးမှုမှတစ်ဆင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ခြင်း၊ ရေလျှောတမံများတွင် ရေဝင်နည်းပါးမှုကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်မှု လျော့နည်းသွားနိုင်၍ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မြင့်မားလာခြင်းတို့ဖြစ်ပေါ်လာနိုင်သဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ၊ နိုင်ငံသားများကြိုတင်သိရှိစေရန်နှင့် ပြင်ဆင်နိုင်ရန် အကြံပြုချက်များ ထုတ်ပြန်ပေးထားခြင်းဖြစ်သည်။ အပူချိန်မြင့်မားခြင်းနှင့် ရေရှားပါးမှုဖြစ်ပေါ်နိုင်ခြင်းသည် လူသားတို့ကိုကြီးမားသော အခက်အခဲဒုက္ခဖြစ်စေသည်။ ထို့ကြောင့် နိုဝင်ဘာ ၂ ရက်ထုတ် သတင်းစာများတွင် အိမ်တွင်းသုံးရေ ချွေတာရေးနည်းလမ်းကောင်းများငါးချက်၊ သုံးရေ ချွေတာသုံးစွဲရေးဆိုင်ရာ နှိုးဆော်ချက်လေးချက်တို့ကို ထင်ရှားစွာဖော်ပြပေးထားသည်။ ဤသည်များကိုလည်းပြည်သူများအနေဖြင့် သိရှိလိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအခါတွင် ရေသည် ရွှေငွေကဲ့သို့ တန်ဖိုးကြီးမားသည့်အရာဖြစ်သည့်အတွက် ရွှေငွေသို့ပမာ အဖိုးတန်ရေချိုကို ချွေတာပါဟူ၍ တိုက်တွန်းရေးသားလိုက်ရပေသည်။

ကိုးကား

- နေ့စဉ်ထုတ်သတင်းစာများ

မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်/မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

အယ်လ်နီညိုနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးနှိုးဆော်













မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၇၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မင်းကင်း နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၇၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၈၉၉ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၇၆၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ နှမ်း ဧက ၄၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၇၆၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထား ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ နှမ်းကို ဆောင်းမှာပဲ အဓိကထား စိုက်ပျိုးကြတာဖြစ်ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသျှန်အုတ်ကိမ်က ပြောပြ၍ သိရသည်။

(၂၀၆)





ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြတ်ပါရမီပညာရွှေပြည် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်ညီပိုင်ဇေလင်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးရောက်ဟုံဖာ** ဖြစ်ပါကြောင်း။

ဦးရောက်ဟုံဖာ(၁၃/ကခန(နိုင်)၀၅၅၅၆၆)

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ အမကသိန်းနီကုန်းကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော မဂျူလိုင်မိုးနှင်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးအောင်မြင့်မြတ်** ဖြစ်ပါကြောင်း။ **ဦးအောင်မြင့်မြတ်(၇/ဒဥန(နိုင်)၂၂၀၈၅၂)**

ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်နေ ဦးမျိုးအောင် (ဘ) ဦးအောင်ကျော်လွင်(၅)/ကလတ(နိုင်)၁၃၄၉၉၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MK-245781)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-767971785**

မီးဘေးအတွက် ရှောင်ရှားသင့်သည့်အချက်များ



“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေဖျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၄၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm
Website Address – http://www.accm.gov.mm

လျော်လျူပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးများသည့် လျော်လျူပြီးတိုင်း နောက်ဆက်တွဲလျော်များလျှပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ထိခိုက်စေရန် ရည်ရွယ်လုပ်ဆောင်နေမှုအပေါ် သတင်းထုတ်ပြန်ချက်

နေပြည်တော် ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၃

မြန်မာ့တပ်မတော်အနေဖြင့် ထိုင်းနိုင်ငံနှင့် ကာလရှည်ကြာသော မိတ်ဆွေဖက်ချစ်ကြည်ရင်းနှီးမှုရှိပြီး တပ်မတော်နှစ်ရပ်ကြား ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ဆောင်ရွက်လျက်ရှိသည်နှင့်အညီ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အစဉ်တစိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို မလိုလားသော KNU၊ KNLA အပါအဝင် CRPH၊ NUG နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် နယ်စပ်ဒေသများတွင် နှစ်နိုင်ငံပြည်သူများ ထိခိုက်စေရန် အကြမ်းဖက်တိုက်ခိုက်ခြင်း၊ တရားမဝင်လုပ်ငန်းများ လုပ်ကိုင်ခြင်းတို့အပြင် ပြည်သူများအထင်အမြင်လွဲမှားမှုများဖြစ်ပေါ်စေရန် နည်းလမ်းမျိုးစုံဖြင့် အွန်လိုင်းမီဒီယာများတွင် ကောလာဟလသတင်းများ ပျံ့နှံ့အောင် လုပ်ဆောင်နေကြောင်း တွေ့ရှိရသည်။

ပြည်ဖျက်မီဒီယာများအနေဖြင့် နှစ်နိုင်ငံချစ်ကြည်ရေးကောင်းမွန်မှုကို မလိုလားသည့်အတွက် နယ်စပ်ရှိ ဒေသခံများကို စိုးရိမ်ကြောက်ရွံ့စိတ်များ ဖြစ်ပေါ်စေရန် ရည်ရွယ်၍ ထိုင်းနိုင်ငံဘက်ရှိ ကုန်လှောင်ရုံများကို ဖျက်ဆီးမည်ဆိုသည့် သတင်းအပါအဝင် အခြေအမြစ်မရှိသည့် ကောလာဟလသတင်းများကို ဖြန့်ဝေနေကြောင်း စာမျက်နှာ ၂၀ ကော်လံ ၁ ☆

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ဆက်လက်ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၃

ဘိလိယက်နှင့် စနူကာအားကစား အဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်အားကစား သမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို စာမျက်နှာ ၂၃ ကော်လံ ၁ ✱

ရတနာပုံ ယနေ့ဗတ်စရာ

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၂၃) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကျင်းပ

စာမျက်နှာ - ၁၉

ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲ ဆက်လက်ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၃

အလေးမအားကစား အဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက် မြင့်မားလာစေရေးနှင့် မျိုးဆက်သစ် အလေးမအားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အလေးမပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အလေးမ လေ့ကျင့်ရေးအားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက် အမြန်မပြိုင်ပွဲနှင့် နှစ်ဆင့်မပြိုင်ပွဲများကို ယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသမီး ၇၇ ကီလို တန်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းမှ နန်းချယ်ရီဖူးက အမြန်မစံချိန် ၆၅ ကီလို၊ နှစ်ဆင့်မစံချိန် ကီလို ၈၀ နှင့် စုစုပေါင်းစံချိန် ၁၄၅ ကီလိုဖြင့် ပထမ၊ ရှမ်းပြည်နယ်အသင်းမှ အုပ်ကိုင်းထွမ်းက အမြန်မစံချိန် ၆၁ ကီလို၊ နှစ်ဆင့်မစံချိန် ၈၁ ကီလိုနှင့် စုစုပေါင်းစံချိန် ၁၄၂ ကီလိုဖြင့် ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ မေလဲလဲဝင်းလှိုင်က အမြန်မစံချိန် ကီလို ၆၀၊ စာမျက်နှာ ၂၂ ကော်လံ ၄ ❖

ရှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





နေပြည်တော် နိုဝင်ဘာ ၃

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာလူမှုစီးပွားနယ်ပယ်နှင့်အမျိုးသား လုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရှေကုက္ကိုလ်နယ်မြေအတွင်းရှိ

ရှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ခြောက်ထပ်အဆောက်အအုံကို စက်ယန္တရားဖြင့် စနစ်တကျဖြိုချဖျက်ဆီးနေမှုမှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၃ ကော်လံ ၁ ●